ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 2 February 2017 (၈၈၂၅)

# ဒီမိုကရေစီ ရှင်သန်ခိုင်မာရန်အတွက် စွမ်းရည်မြင့်မားပြီး အားကောင်းခိုင်မာသော လွှတ်တော်များရှိနေရန် လိုအပ်

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ထမင်းစားခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမြို့ညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ

စာမျက်နှာ ၃ ကော်လံ ၁ သို့



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

# ပုဇွန်တောင်မြို့နယ် (၅၂)လမ်း(အထက်)၌ နေ့ဈေးတန်းနှင့် ညဈေးတန်း ဖွင့်လှစ်တော့မည်

ရန်ကုန် ဖေဖော်ဝါရီ ၁

**ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် အမှတ်(၁၀) ရပ်ကွက် (၅၂)လမ်း(အထက်)နေရာ၌ နေ့ဈေးတန်းနှင့် ညဈေးတန်း ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်ပြီး မည်ကဲ့သို့ စီမံဆောင်ရွက်ပေးထားခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအား မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့မှုကို ဖော်ပြလိုက်ပါသည်။**

**ဦးမြင့်လွင်(ပုဇွန်တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

ပုဇွန်တောင်မြို့နယ် (၅၂)လမ်း(အထက်)က အရင်တုန်းက ကျူးကျော်တွေ၊ ကားဟောင်းတွေရှိတယ်။ ရဲစခန်းလည်းရှိတယ်။ အဲဒီမှာ ခြောက်မြို့နယ်ပိုင်းလော့စီမံချက်နဲ့ မြို့ကိုသန့်ရှင်းရေးလုပ်မယ်ဆိုပြီး မြို့တော်ဝန်က ဆုံးဖြတ်လိုက်တယ်။ အဲဒီအထဲမှာ ပုဇွန်တောင်မြို့နယ်လည်း ပါသွားတယ်။ မြို့တော်ဝန်က သတ်မှတ်လိုက်တော့ ဒီလမ်းလေးက အဆင်ပြေတယ်။ လမ်းကြီးက အကျယ်ကြီးဖြစ်နေတယ်။ အကျယ်ကြီးဖြစ်နေတော့ ညဈေးတန်းလုပ်လိုက်ရင် အဆင်ပြေမယ်။ အလုပ်အကိုင် ဖန်တီးမယ်။ စည်ကားသွားမယ်။ ညတိုင်းလမ်းလျှောက်စရာ နေရာလေးတစ်နေရာ ရသွားမယ်လို့ စဉ်းစားမိတော့ မြို့တော်ဝန် ဦးမောင်မောင်စိုးကို

စာမျက်နှာ ၈ ကော်လံ ၁ သို့

**၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သိကောင်းစရာ မြန်မာစာ အချပ်ပိုပါရှိ**

**ကျောက်ထုမြို့တွင် ဓာတ်အားစနစ်ဖြင့် ၂၄ နာရီ လျှပ်စစ်မီးလင်းပြီ**

စာမျက်နှာ - ၇

**ဘန်ကီမွန်း သမ္မတရာထူး ဝင်ရောက်ယှဉ်ပြိုင်မည် မဟုတ်ဟုဆို**

စာမျက်နှာ - ၄



ကြေးမုံ

# အေးချမ်းသာယာရေး ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံမှုရှိရေးသည် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှု၊ လုံခြုံမှုမရှိလျှင် ပြည်သူများ စိုးရိမ်ပူပန်မှုဖြစ်ရပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ထိခိုက်နိုင်ပေသည်။ လက်ရှိတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်ပြောင်းလဲဖော်ဆောင်နေသလို တစ်ဖက်တွင် နိုင်ငံအတွင်း လုံခြုံမှုရှိရေး၊ တရားဥပဒေစိုးမိုးရေးကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေစဉ် ပြည်သူများလုံခြုံမှုကို ထိခိုက်နိုင်သောကိစ္စများရှိနေ၍ စိုးရိမ်ပူပန်ကြမည်ဖြစ်သည်။ နိုင်ငံကိုတည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် အကြမ်းဖက်လုပ်ရပ်များ၊ ဒုစရိုက်မှုများကို ဝိုင်းဝန်းပူးပေါင်းကာကွယ်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အခြေအနေအရပ်ရပ် အကောင်းဘက်သို့ဦးတည်နေချိန်တွင် အဆိုးဘက်သို့ပြန်လှည့်လိုသူအချို့လည်း ရှိနေသေးသည်။ ကောလာဟလသတင်းများ ထုတ်လွှင့်လိုသူများ၊ အဖျက်လုပ်ရပ်များ လုပ်လိုသူများလည်း ရှိနေသေးသည်။ လောကတွင် အကောင်းရှိသလို အဆိုးရှိမည်မှာလည်း ဓမ္မတာပင်ဖြစ်သည်။ သို့သော် အများပြည်သူအကျိုးစီးပွား ထိခိုက်မည့် တည်ငြိမ်အေးချမ်းမှုပျက်ပြားမှုမျိုး မပြုလုပ်မိဖို့လိုမည်။

မင်းမဲ့စရိုက်နှင့် အကြမ်းဖက်လုပ်ရပ်များကို တစ်ကမ္ဘာလုံးက လက်မခံဘဲ ဝိုင်းဝန်းရှုတ်ချတိုက်ဖျက်လျက်ရှိသည်။ အကြမ်းဖက်လုပ်ရပ်များဖြစ်ပေါ်နေသောနိုင်ငံများတွင် မြန်မာနိုင်ငံမပါဝင်သော်လည်း လုံးဝကင်းစင်သည်ဟုလည်း မဆိုနိုင်သေးချေ။ လစ်ဟာမှုရှိလျှင်ရှိသလို အလစ်အငိုက်လုယက်မှု၊ သတ်ဖြတ်မှု၊ အကြမ်းဖက်မှုအချို့ ရှိနေသေးသည်။ အဆိုပါကျူးလွန်သူတို့ကို ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ တားဆီးနှိမ်နင်းခြင်းတို့ ပြုလုပ်နေရသေးသည်။

ဒေသအနည်းငယ်တွင်သာ အကြမ်းဖက်တိုက်ခိုက်မှုအချို့ရှိခဲ့ပြီး ကောလာဟလသတင်းထုတ်လွှင့်မှုများ၊ လုပ်ကြံသတင်းဖြန့်ဝေမှုများ၊ အဖျက်အမှောင့်ပြုလုပ်လိုသူအချို့ ရှိနေသေးသည်။ ထိုသို့ပြုလုပ်သူများ၊ အားပေးအားမြှောက်ပြုလုပ်သူများမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး စစ်မှန်သောဒီမိုကရေစီစနစ်ဖော်ဆောင်ရေးကို မနာလို မရှုဆိတ်သူများသာဖြစ်ပေလိမ့်မည်။

တိုင်းရင်းသားပြည်သူများသည် အေးချမ်းစွာနေထိုင်လိုကြပြီး စားဝတ်နေရေးပြေလည်ရေးကို အလိုရှိကြသူများဖြစ်ကြပါသည်။ တည်ငြိမ်အေးချမ်းမှုမရှိလျှင် မည်သည့်တိုးတက်မှုရှိမည့် လုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက်နိုင်လိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးနှင့် ထာဝရတည်ငြိမ်အေးချမ်းရေးကို အစဉ်ထာဝရဖြစ်တည်နေအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ရှေးကဖြစ်ခဲ့သောဖြစ်ရပ်များ၊ နိုင်ငံတကာသင်ခန်းစာများကို ယူကြရမည်ဖြစ်သည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် စည်းစည်းလုံးလုံး နေထိုင်ကြရမည်ဖြစ်သည်။ အဖျက်လုပ်ရပ်များကို ဝိုင်းဝန်းကာကွယ်ကြရမည်ဖြစ်သည်။ လူမျိုးရေး၊ ဘာသာရေး၊ ဝါဒရေးတို့နှင့်မရောထွေးစေဘဲ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်၊ တည်ငြိမ်အေးချမ်းအောင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အရေးအကြီးဆုံးမှာ မင်းမဲ့စရိုက်များ၊ အကြမ်းဖက်လုပ်ရပ်များ လုံးဝချုပ်ငြိမ်းရေးပင်ဖြစ်သည်။ သို့မှသာ တိုင်းရင်းသားပြည်သူအားလုံး လုံခြုံစိတ်ချသောဘဝကို ရရှိနိုင်မည်။ လူမှုဘဝစီးပွားတိုးတက်အောင် ဆောင်ရွက်နိုင်မည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လုပ်ကိုင်နိုင်ရေး၊ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပနိုင်ရေးတို့ကို ဦးတည်ဆောင်ရွက်နေချိန်တွင် ပြည်သူများ၏ လုံခြုံမှုသာမက ထိုလုပ်ငန်းစဉ်များအား ထိခိုက်နှောင့်ယှက်နိုင်သော အဖျက်အမှောင့်လုပ်ငန်းများ မဖြစ်ပေါ်လာစေရေး သတိချပ်ရမည်ဖြစ်သည်။

စစ်မှန်သောဒီမိုကရေစီကိုလိုလားသူများသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီလုပ်ငန်းစဉ်ကို အနှောင့်အယှက်ဖြစ်စေမည့် လုပ်ရပ်များအား သတိပြုကြရမည်သာဖြစ်သည်။ ။




## ဘောလုံးဒိုင်လူကြီးသင်တန်း ဒေးဒရဲ၌ ဖွင့်လှစ်

**ဒေးဒရဲ ဖေဖော်ဝါရီ ၁**

ဒေးဒရဲမြို့နယ် အားကစားနှင့် ကာယပညာကော်မတီမှ ကြီးမှူးဖွင့်လှစ်သော ဘောလုံးအားကစား ဒိုင်လူကြီးသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်က အဖွင့်စကား ပြောကြားသည်။

သင်တန်းကာလမှာ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ခုနစ်ရက် ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

**(သပြေထွန်း)**

## အသက်ကယ်အောက်ဆီဂျင်ဘူးများ အချိန်မရွေး ငှားရမ်းအသုံးပြုနိုင်

**သီပေါ ဖေဖော်ဝါရီ ၁**

အသက်ကယ်အောက်ဆီဂျင်ဘူးများ လိုအပ်လျှင် အချိန်မရွေး အခမဲ့ငှားရမ်းအသုံးပြုနိုင်ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ ပန်းတိမ်မြောက်ရပ်နေ စေတနာရှင် ဦးတင်ဦး-ဒေါ်အယ်လ်ဇီ(မေတ္တာမွန်) မိသားစုတို့က ဝေဒနာရှင်များကို ကူညီငှားရမ်းပေးလျက်ရှိကြောင်းသိရသည်။

ယခုကဲ့သို့ မေတ္တာမွန်မိသားစုက အသက်ကယ်အောက်ဆီဂျင်ဘူးများ ငှားရမ်းဆောင်ရွက်ပေးသဖြင့် အသက်ချမ်းသာရာရရှိသွားသည့် ဝေဒနာရှင်များက ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ အီတလီနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အဖွဲ့သည် အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပမည့် Myanmar Country Presentation Program သို့ တက်ရောက်ရန် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားသည်။

အဆိုပါခရီးစဉ်သည် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ကောင်းမွန်ရေး၊ အီတလီနိုင်ငံမှလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရာတွင် အခွင့်အလမ်းကောင်းများရရှိနိုင်ရေး၊ နှစ်နိုင်ငံပြည်သူအချင်းချင်း ဆက်ဆံရေး၊ အစိုးရချင်းဆက်ဆံရေးများ တိုးတက်စေရန်နှင့် မြန်မာ-အီတလီ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေနိုင်ရန် ရည်ရွယ်ချက်ဖြင့် သွားရောက်ခြင်းဖြစ်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ အစိုးရအရာရှိကြီးများ၊ ပုဂ္ဂလိကကဏ္ဍမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဇော်မင်းဝင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါသွားကြောင်း သိရသည်။

**(သတင်းစဉ်)**

## စက်မှုနှင့်အသက်မွေးပညာ ရွေ့လျားသင်တန်းဖွင့်

**မိုးမိတ် ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်းအမှတ်စဉ်(၃၄) ဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက အခြေခံလျှပ်စစ်သင်တန်း လက်တွေ့သင်ကြားနိုင်ရန်အတွက် ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများနှင့် အပတ်စဉ်အလိုက် ဖွင့်လှစ်ပို့ချမှု မှတ်တမ်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါသင်တန်းကို အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)က တာဝန်ယူပို့ချခြင်းဖြစ်ကာ ကျေးလက်ဒေသအရောက် စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်းများကို (၃၃) ကြိမ်တိုင်တိုင် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ရွေ့လျားသင်တန်းများမှ လူငယ် ၂၀၃၉ ဦးကို စက်မှုပညာရပ်များ သင်ကြားပေးနိုင်ခဲ့ကြောင်း၊ ယခုသင်တန်းသို့ မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်တို့မှ သင်တန်းသား ၈၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၀ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်(ရွှေဈေး) ၈၇၆၀၀၀ - ၈၇၆၀၀၀ မန္တလေး(ရွှေဈေး) ၈၇၆၀၀၀ - ၈၇၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၃၅/၇၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၇ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၆. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၁၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၄၂၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၇၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၉၉၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၅. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၆. ၉၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၀. ၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၅. ၈၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်ဖြိုးစန္ဒာမြင့်၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်အေးအေးမြင့်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

# ပြည်တွင်းရေးရာ



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

**ဒီမိုကရေစီမှ**

လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ သုံးခွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်စုစုလွင်နှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒီမိုကရေစီအသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်ဟပ်စေသည့် ဒုတိယအကြိမ်လွှတ်တော်များ၏ သက်တမ်းသည် ယနေ့ (၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ပြည်သူလူထုက တူညီသည့် ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခဲ့သည့် ဒုတိယအကြိမ်လွှတ်တော်သက်တမ်းမှစပြီး မိမိတို့တာဝန်ယူခဲ့သည့်ကာလအတွင်း လွှတ်တော်၏ တာဝန်များဖြစ်သည့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ခေတ်စနစ်နှင့်အညီ ဖော်ဆောင်နိုင်ရန် ဥပဒေများအသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းသင့်သည့် ဥပဒေများရုပ်သိမ်းခြင်းစသည့် ဥပဒေပြုခြင်းလုပ်ငန်းများအပြင် အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့ကို တတ်နိုင်သမျှ ပိုင်းခြားစောင့်ကြည့်ထိန်းကျောင်းခြင်းစသည့် တာဝန်များကို ဆောင်ရွက်ခဲ့ပါကြောင်း။

မိမိတို့ တာဝန်ယူခဲ့သည့် ကာလအတွင်း ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးဖြစ်ထွန်းစေမည့် ဥပဒေများ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းနှင့် ရုပ်သိမ်းခြင်းတို့ဆောင်ရွက်ရာတွင် အသစ်ပြဋ္ဌာန်းသည့် ဥပဒေ(၅)ခု၊ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေခြင်း မရှိတော့သည့်အတွက် ပြင်ဆင်ခဲ့ရသည့် ဥပဒေ(၈)ခုနှင့် ရုပ်သိမ်းခဲ့ရသည့် ဥပဒေ(၆)ခုတို့ကို ဆောင်ရွက်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဥပဒေအသစ်များ ရေးဆွဲပြဋ္ဌာန်းရာတွင်လည်း ပြည်သူများအကျိုးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ဥပဒေများဖြစ်ရေးအတွက် လွှတ်တော်က အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု စတုတ္ထပုံမှန်အစည်းအဝေးတွင်လည်း ပြဋ္ဌာန်းရန်ကျန်ရှိနေသည့် ဥပဒေများကိုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေပါကြောင်း။

လွှတ်တော်က ဥပဒေပြုခြင်းလုပ်ငန်းများအပြင် နိုင်ငံတော်၏အကျိုး၊ ဒေသ၏ အကျိုး၊ ပြည်သူလူထု၏အကျိုးအတွက် လွှတ်တော်အတွင်း အဆိုများတင်သွင်းခြင်း၊ မေးခွန်းများ မေးမြန်းခြင်းနှင့် ကော်မတီများအလိုက် ကော်မတီလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍများကိုလည်း ထိန်းညှိဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီမိုကရေစီ ရှင်သန်ခိုင်မာရန်အတွက် စွမ်းရည်မြင့်မားပြီး အားကောင်းခိုင်မာသော လွှတ်တော်များရှိနေရန် မဖြစ်မနေလိုအပ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများ၏ ဘက်စုံစွမ်းရည်မြင့်မားရေးအတွက် ပြည်တွင်း ပြည်ပ ပညာရှင်များနှင့်ပူးပေါင်းပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်များ စွမ်းရည်မြင့်မားပြီး အားကောင်းလာသည်နှင့်အမျှ ဒီမိုကရေစီစနစ်သည်လည်း ခိုင်မြဲလာမည်ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏စွမ်းရည် မြင့်မားအောင် ဆောင်ရွက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအားလုံး တောင့်တလျက်ရှိသည့် ငြိမ်းချမ်းရေး၊ သာယာဝပြောပြီး ချမ်းသာကြွယ်ဝ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပေါ်ပေါက်လာရေးအတွက်လည်း အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးကြပါဟု ဆန္ဒပြုရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယခုကဲ့သို့ ဒုတိယအကြိမ် လွှတ်တော်သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခမ်းအနားကို ကျင်းပနိုင်ခြင်းသည် ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် တာဝန်ယူခဲ့သည့် လွှတ်တော်အသီးသီး၏ ဥက္ကဋ္ဌများက မိမိတို့ကို လွှတ်တော်လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့အောင် ကူညီပံ့ပိုးခဲ့သည့် အကျိုးဆက်ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် လွှတ်တော်သက်တမ်း တစ်နှစ်ပြည့်ပြီဆိုသည့်အခါ၊ မိမိတို့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရန်လုပ်သည့်အခါ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းစပေါ်သို့ ခြေချကာစသာ ရှိပါသေးကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ လမ်းစပေါ်ရောက်ရန်မှာ မိမိတို့အားလုံး ပန်းခင်းလမ်းကို လျှောက်လှမ်းခဲ့ရခြင်း မဟုတ်ပါကြောင်း။

ခယောင်းလမ်းကို ကြမ်းတမ်းခက်ထန်စွာဖြင့် ကျားကုတ်ကျားခဲ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ယခုလိုဆောင်ရွက်ခဲ့ပြီးမှ လက်ရှိအခြေအနေကို ဆိုက်ရောက်လာခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ကိုယ်စားလှယ်များအားလုံးက ဒါကို သတိမပြတ်ရန်လိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ယခု တစ်နှစ်ပြည့်သွားပြီဖြစ်သည့်အတွက် တစ်နှစ်ထက် တစ်နှစ် မိမိတို့၏ အရည်အသွေးများ မြင့်မားတိုးတက်လာပါမှ လွှတ်တော်ကြီးခိုင်မာတောင့်တင်းမည်ဖြစ်ပါကြောင်း၊ ထိုသို့ လွှတ်တော်ကြီးခိုင်မာတောင့်တင်းမှသာလျှင် မိမိတို့နိုင်ငံ၌ ဒီမိုကရေစီအခြေခံအုတ်မြစ် မြဲမြံမည်ဖြစ်ပါကြောင်း။

လွှတ်တော်ကြီးခိုင်မာတောင့်တင်းမှုမရှိလျှင် ဒီမိုကရေစီအခြေခံအုတ်မြစ် မခိုင်မာနိုင်ပါကြောင်း၊ ဗဟိုအစိုးရ၊ ဗဟိုအဖွဲ့အစည်းများကို ကြည့်ကြည့်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၊ ပြည်နယ်၊ တိုင်းအဖွဲ့အစည်းများကို ကြည့်ကြည့် လွှတ်တော်ပေါ်ပြီးမှ လွှတ်တော်ကနေ ဆင့်ကဲပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်သည် ဒီမိုကရေစီတွင် အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် မိမိတို့လွှတ်တော် ခိုင်မာတောင့်တင်းရန် လိုအပ်ပါကြောင်း၊ ယင်းကို ကိုယ်စားလှယ်များအနေဖြင့်လည်း သတိရှိစေချင်ပါကြောင်း။

နောက်တစ်ခုမှာ မိမိတို့ကို မဲဆန္ဒရှင်မိဘပြည်သူများက ဒီမိုကရေစီလိုလားသည့် စိတ်ဆန္ဒ၊ အာသာဆန္ဒပြင်းပြင်းပြပြဖြင့် မဲပေးလိုက်ခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီ အာသာဆန္ဒပြင်းပြသည့် မဲဆန္ဒရှင်များကို တာဝန်ကျေရန် မိမိတို့ ဒီမိုကရေစီ ပန်းတိုင်သို့ လျှောက်လှမ်းကြရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီပန်းတိုင်ကို လျှောက်လှမ်းသည့်အခါ ပြင်းထန်သည့်စိတ်ဓာတ်၊ မလျှော့သည့် လုံ့လဝီရိယ၊ ခိုင်မာသည့်ဆန္ဒ အမှားအမှန်ကို ခွဲခြားဆုံးဖြတ်နိုင်သော ဉာဏ်ပညာအမြော်အမြင်များနှင့် မိမိတို့ ဆက်လက်ပြီး ဒီမိုကရေစီပန်းတိုင်ရောက်အောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လျှောက်လှမ်းနိုင်ကြရန် အလေးအနက်ပြောကြားအပ်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် ဒုတိယအကြိမ်လွှတ်တော်သက်တမ်း၏ ပထမတစ်နှစ်တာကာလမှာပဲ မိမိတို့ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့ပါကြောင်း၊ လွှတ်တော်၏ဂုဏ်သိက္ခာကို မြင့်မားစေခဲ့ပါကြောင်း၊ ယင်းမှာ(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံကို ခမ်းနားထည်ဝါအောင်မြင်စွာ ကျင်းပနိုင်ခဲ့၍ ဖြစ်ပါကြောင်း၊ ယင်းသို့ ခမ်းနားထည်ဝါအောင်မြင်စွာ ကျင်းပနိုင်ခြင်းမှာလည်း လွှတ်တော်ဥက္ကဋ္ဌများသာမက ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အဆင့်ဆင့်သော အရာရှိ အရာခံ၊ အမှုထမ်း၊ အရာထမ်း၊ ဝန်ထမ်းများအားလုံး၏ တက်ညီလက်ညီ မမောမပန်း ကြိုးပမ်းဆောင်ရွက်ပေးမှုကြောင့် ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး၏ ဝိုင်းဝန်းကူညီပံ့ပိုးမှုကြောင့် မိမိတို့ ခမ်းနားထည်ဝါ အောင်မြင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒါကို အလေးအနက်ဂုဏ်ပြုအပ်ပါကြောင်း၊ လွှတ်တော်၏ ဒုတိယဥက္ကဋ္ဌ နှစ်ဦးနှင့် လွှတ်တော်ဝန်ထမ်းအသီးသီး၊ အရာထမ်း၊ အမှုထမ်းအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးအနက်ဂုဏ်ပြုအပ်ပါကြောင်း၊ လွှတ်တော်မှ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးအေးသာအောင်နှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့က (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ကူညီဆောင်ရွက်ပေးခဲ့သော ဝန်ကြီးဌာနများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်နှင့် လွှတ်တော် အကူအညီပေးရေး မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသည့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၊ နိုင်ငံတကာ ပါလီမန်များအဖွဲ့ (Inter-Parliamentary Union)မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့သည် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌများနှင့် တက်ရောက်လာကြသူများသည် လွှတ်တော်သဘင်ဆောင်ခန်းမ၌ ကျင်းပသည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ဇွန် ၆ ရက်အထိ လည်းကောင်း၊ ဒုတိယပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၅ ရက်မှ အောက်တိုဘာ ၇ ရက်အထိ လည်းကောင်း၊ တတိယပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ လည်းကောင်း ကျင်းပခဲ့ပြီး စတုတ္ထပုံမှန်အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် စတင်ကျင်းပလျက်ရှိသည်။

**(သတင်းစဉ်)**




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။

## သရက်-ကိုးပင်-မုံဇလီလမ်းပေါ်ရှိ တံတားတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**သရက် ဖေဖော်ဝါရီ ၁**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ သရက်-ကိုးပင်-မုံဇလီလမ်းပေါ်ရှိ ကျောက်ရိုးစီ၊ သံပေါင်ရက်မ၊ သစ်သားကြမ်းခင်းတံတားအား ခွင့်ပြုငွေကျပ် ၁၈ သန်းဖြင့် တင်ဒါရကုမ္ပဏီဖြစ်သော Myanmar Ruby Land ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီလနောက်ဆုံးပတ်က သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့်ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဖော်ထက်(သရက်)**

# ယူကရိန်းအရှေ့ပိုင်း၌ တိုက်ခိုက်မှုများပြန်လည်ဖြစ်ပွားခြင်းကြောင့် အလွန်အမင်းစိုးရိမ်မှုဖြစ်ရဟု လုံခြုံရေးကောင်စီကြေညာချက်ထုတ်

နယူးယောက် ဖေဖော်ဝါရီ ၁

**ယူကရိန်းနိုင်ငံ အရှေ့ပိုင်း၌ ဘေးအန္တရာယ်ကျရောက်နေသည့် အခြေအနေနှင့် ပတ်သက်၍ အလွန်အမင်း စိုးရိမ်ပူပန်မှုဖြစ်ရကြောင်း၊ တိုက်ခိုက်နေမှုများကို ချက်ချင်းရပ်တန့်ကြရန် တိုက်တွန်းကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ထုတ်ပြန်ကြေညာချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။**



ယူကရိန်းနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် ပိုက်နက်နယ်မြေ စုစုစည်းစည်း တည်ရှိမှုတို့နှင့် ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများက အပြည့်အဝထောက်ခံသည်ဟု ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ကြေညာချက်တွင် ဖော်ပြသည်။

ယူကရိန်းအရှေ့ပိုင်းတွင် မကြာသေးမီနေ့ရက်များအတွင်းက တိုက်ခိုက်မှုများ ပြန်လည် မြင့်တက်လာခြင်းအတွက် ယူကရိန်းနှင့် ရုရှားနိုင်ငံတို့ အပြန်အလှန် အပြစ်တင်ပြောကြား ခဲ့ကြသည်။ တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားလာခြင်းကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှုများရှိခဲ့ ရပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ရေပြတ်လပ်မှုတို့ကို ဒေသခံအရပ်သား ထောင်ပေါင်း များစွာ တွေ့ကြုံခံစားနေကြရသည် ဆို၏။

အစိုးရက ထိန်းချုပ်ထားသော စက်မှုလုပ်ငန်းလုပ်ကိုင်ရာ မြို့ကလေးဖြစ်သည့် အဗဒီယီ ဗာခါမြို့၌ ထိုးစစ်ဆင် တိုက်ခိုက်မှုပြုလုပ်သည်ဟု ယူကရိန်းတပ်မတော်နှင့် ရုရှားထောက်ခံသော ခွဲထွက်ရေးလှုပ်ရှားသူများအကြား အပြန်အလှန်စွပ်စွဲမှုများ ပေါ်ထွက်ခဲ့သည်။

ဇန်နဝါရီ ၂၉ ရက်မှစ၍ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ ယူကရိန်းတပ်ဖွဲ့ဝင်ရှစ်ဦးကျဆုံးပြီး ၂၆ ဦး ဒဏ်ရာရရှိကြောင်း၊ ဒီဇင်ဘာလလယ်နောက်ပိုင်း အစိုးရတပ်ဖွဲ့အတွက် အကြီးကျယ်ဆုံး ဆုံးရှုံးရမှုဖြစ်ကြောင်း ယူကရိန်းအစိုးရ တာဝန်ရှိသူများက ပြောကြားကြသည်။

**ရိုက်တာ။**

# ဘန်ကီမွန်း သမ္မတရာထူး ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဟုဆို



**ဆိုးလ် ဖေဖော်ဝါရီ ၁**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဘန်ကီမွန်းက တောင်ကိုရီးယားနိုင်ငံ၏ သမ္မတရွေးကောက်ပွဲကိုဝင်ရောက် ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ၎င်း၏ဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာလိုက်သည်။ ၎င်း၏ ဆုံးဖြတ်ချက်ကို လူအများက အံ့အားသင့်နေကြသည်။

ဘန်ကီမွန်းက အဆိုပါကြေညာချက်ကို ဖေဖော်ဝါရီ ၁ ရက်က ဆိုးလ်မြို့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်း ပွဲတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ မိမိကို တောင်ကိုရီးယား နိုင်ငံအတွက် တာဝန်မကျေကြောင်းနှင့် မကောင်းသတင်း တစ်ခုတွင် မိမိ၏ မိသားစုဝင်များ ပါဝင်ပတ်သက်နေသည် ဟု အချို့မီဒီယာများက ဝေဖန်ခဲ့ကြကြောင်း ဘန်ကီမွန်းက ပြောကြားသည်။

ဘန်ကီမွန်းက ခေတ်နောက်ကျပြီး အတွေးအခေါ် အယူအဆကျဉ်းမြောင်းသည့် နိုင်ငံရေးသမားအချို့ကို အလွန်စိတ်ပျက်မိကြောင်း ထပ်လောင်းပြောကြားသည်။

တိုင်းပြည်စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံရေး အပြောင်းအလဲအတွက် ကိုယ်ကျိုးမငဲ့ကွက်သော မိမိ၏ အစီအစဉ်ကို စွန့်လွှတ်သွားမည်ဖြစ်ကြောင်းနှင့် စိတ်ပျက် သွားသည့် လူများအတွက် ဝမ်းနည်းပါကြောင်း ဘန်ကီမွန်း က ပြောကြားသည်။

ကုလသမဂ္ဂအဖွဲ့ကြီးတွင် ၁၀ နှစ် တာဝန်ထမ်းဆောင် ခဲ့သော ဘန်ကီမွန်းသည် ယခုနှစ် တောင်ကိုရီးယား ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိမ့်မည်ဟု ယူဆ ခဲ့ကြသည်။ ဘန်ကီမွန်းသည် ရှေးရိုးစွဲဝါဒီများ၏ ထောက်ခံ မှုအများအပြားရရှိထားသူဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# သမ္မတထရန့်၏ မွတ်စလင်များအား ပြည်ဝင်ခွင့်ပိတ်ပင်ခြင်းသည် ယာယီသာဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ဂျွန်ကီလီဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၁**

သမ္မတထရန့်၏ အရှေ့အလယ်ပိုင်းနှင့် အာဖရိကန်နိုင်ငံခုနစ်နိုင်ငံမှ ပြည်သူ များအား အမေရိကန်နိုင်ငံအတွင်းသို့ပြည်ဝင်ခွင့် ပိတ်ပင်သည့် အမိန့်ကြေညာ ချက်သည် ပြည်တွင်းလူဝင်မှုကြီးကြပ်ရေးစနစ်ကို ပြန်လည်ဆန်းစစ်နိုင်ရန် ယာယီပိတ်ပင်မှုသာဖြစ်ကြောင်း အမေရိကန်ပြည်ထဲရေးဝန်ကြီး ဂျွန်ကီလီက ပြောကြားခဲ့သည်။

ဝန်ကြီးဂျွန်ကီလီက ဖေဖော်ဝါရီ ၁ ရက်တွင်ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတွင် အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။ မွတ်စလင်နိုင်ငံ ခုနစ်နိုင်ငံမှ ပြည်သူများအား အမေရိကန်နိုင်ငံသို့ ပြည်ဝင်ခွင့်ယာယီပိတ်ပင် သည့် အမိန့်စာတစ်ရပ်ကို သမ္မတထရန့်က လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံရေး ခိုလှုံခွင့် တောင်းခံသူများကိုလည်း နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ကို တားမြစ် ထားသည်။

သမ္မတထရန့်လက်မှတ်ရေးထိုးခဲ့သည့် အမိန့်စာသည် မွတ်စလင်များအား ပြည်ဝင်ခွင့် ပိတ်ပင်သည့်အမိန့်စာမဟုတ်ကြောင်းနှင့် နိုင်ငံ၏ပြည်ဝင်ခွင့် စနစ်နှင့် နိုင်ငံအတွင်းရှိ ဒုက္ခသည်အရေးအတွက်ကို ပြန်လည်ဆန်းစစ်ရန် ယာယီပြည်ဝင်ခွင့်ပိတ်ပင်ထားခြင်း ဖြစ်သည်ဟု ဝန်ကြီး ကီလီကဆိုသည်။

အုပ်ချုပ်ရေးအဖွဲ့က နိုင်ငံ၏လူဝင်မှုကြီးကြပ်ရေးထိန်းချုပ်နိုင်ခြင်း



အတွက် နည်းလမ်းကောင်းများရှာဖွေလျက်ရှိပြီး ပြည်သူများ၏ ဝက်ဘ်ဆိုက် အသုံးပြုမှု နောက်ခံမှတ်တမ်းများ၊ တယ်လီဖုန်းမှတ်တမ်းများအပါအဝင် လူမှုကွန်ရက်သတင်း ဝက်ဘ်ဆိုက်များကိုလည်း စစ်ဆေးမှုများပြုလုပ်လျက် ရှိကြောင်း ဝန်ကြီးကီလီက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# အပစ်အခတ်ရပ်စဲမှုကို အဆုံးသတ်မည်ဟု ဖိလစ်ပိုင် ကွန်မြူနစ်သူပုန်အဖွဲ့ ကြေညာ

**မနီလာ ဖေဖော်ဝါရီ ၁**

မိမိတို့တစ်ဖက်သတ်ကြေညာခဲ့သည့် အပစ်အခတ်ရပ်စဲမှုကို အဆုံးသတ် တော့မည်ဖြစ်ပြီး ပြောက်ကျားစစ်ပွဲကို ပြန်လည်ဆင်နွှဲသွားမည်ဖြစ် ကြောင်း ဖိလစ်ပိုင်နိုင်ငံရှိ ကွန်မြူနစ်သူပုန်အဖွဲ့က ဖေဖော်ဝါရီ ၁ ရက် တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့်သြဂုတ်လက ကြေညာခဲ့သော အပစ်အခတ်ရပ်စဲရေး အစီအစဉ်သည် ဖေဖော်ဝါရီ ၁၀ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ် ကြောင်း၊ သို့ရာတွင် မိမိတို့အနေဖြင့် သမ္မတရိုဒရစ်ဂိုဒူတာတေးအစိုးရ အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ခြင်းကို ယခုထက်တိုင် ထောက်ခံ ဆဲဖြစ်ကြောင်း ပြည်သူ့တပ်မတော်သစ်အမည်ရှိ ကွန်မြူနစ်သူပုန်အဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

လက်နက်ကိုင်ပဋိပက္ခဖြစ်ပေါ်စေသည့် အကြောင်းတရားများကို ဖော်ထုတ်ကာ ထာဝရတည်တံ့မည့်ငြိမ်းချမ်းရေးကို တည်ဆောက်ရန် ရည်ရွယ်သည့်သဘောတူညီချက်များ အခိုင်အမာရရှိချိန်အထိ ပြောက်ကျားစစ်ပွဲကို ဆင်နွှဲကာ တစ်ဖက်တွင် ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းမှာ ဖြစ်နိုင်ဖွယ်ရာရှိသည်ဟု မိမိတို့၏အတွေ့ အကြုံအရ ပြောနိုင်ကြောင်း အဆိုပါ သူပုန်အဖွဲ့က ပြောကြားသည်။

နိုင်ငံရေးအကျဉ်းသားများအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေး ကာ ပြန်လည်လွှတ်ပေးမည်ဟူ၍ အစိုးရက ကတိကဝတ် ပြုခဲ့သော်လည်း ကတိစကားအတိုင်း လုပ်ဆောင်ရန်ပျက်ကွက်ခဲ့ခြင်းကြောင့်လည်း ကောင်း၊ အပစ်အခတ်ရပ်စဲမှုကို အခွင့်ကောင်းယူ၍ မိမိတို့၏နယ်မြေ အတွင်းသို့ အစိုးရတပ်ဖွဲ့များ ချင်းနင်းဝင်ရောက်ခဲ့ခြင်းကြောင့်လည်း ကောင်း၊ အပစ်အခတ်ရပ်စဲမှုကို အဆုံးသတ်ရန် ဆုံးဖြတ်ရခြင်းဖြစ် ကြောင်း သူပုန်တို့၏ ကြေညာချက်တွင်ဖော်ပြထားသည်။

**ရိုက်တာ။**

# အနောက်ဘက်ကမ်းဒေသ၌ အခြေချနေထိုင်သူများအတွက် လူနေအိမ်ခြေ ၃၀၀၀ တည်ဆောက်ရန် အစ္စရေးအတည်ပြု

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁**

အနောက်ဘက်ကမ်းဒေသတွင် အခြေချနေထိုင်မှု များအတွက် လူနေအိမ်ခြေ ၃၀၀၀ တည်ဆောက်ရန် အစ္စရေးနိုင်ငံက ဖေဖော်ဝါရီ ၁ ရက်တွင် အတည်ပြု လိုက်ကြောင်း၊ အမေရိကန် သမ္မတသစ် အဖြစ် ဒေါ်နယ်ထရန့်တာဝန်ယူပြီးနောက် အစ္စရေးနိုင်ငံ က ယင်းဒေသတွင် လူနေအိမ်ခြေများ တိုးချဲ့ တည်ဆောက်မှုပြုလုပ်ရန် ရုတ်ခြည်းဆုံးဖြတ်ခဲ့ ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

လူနေအိမ်ခြေများတိုးချဲ့တည်ဆောက်ရေး ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အစ္စရေးကာကွယ်ရေး ဝန်ကြီးအဗီဒေါလီဘာမင် နှင့်ဝန်ကြီးချုပ်ဘင်ဂျမင် နေကန်တာဟုတို့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အနောက်ဘက်ကမ်း၌ အခြေစိုက်နေထိုင် သူများ ပုံမှန်နေထိုင်နိုင်ရေးအတွက် ခွင့်ပြုပေး မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ လူနေအိမ်ခြေများတည်ဆောက်ရေးလုပ်ငန်းအချို့ ကို ယခင်အမေရိကန်သမ္မတဘာရက်အိုဘားမား ၏ အစိုးရအဖွဲ့လက်ထက်တွင် ဆိုင်းငံ့ထားခဲ့ သည်။

အစ္စရေးကာကွယ်ရေးဝန်ကြီးနှင့် ဝန်ကြီး ချုပ်တို့၏ကြေညာချက်မထုတ်ပြန်မီ နာရီအနည်း ငယ်အလိုအတွင်းမှာပင် ရာမာလာမြို့ အရှေ့ပိုင်း ဒေသ အမိုနာအခြေစိုက်စခန်း၌ တရားမဝင်အခြေ စိုက်နေထိုင်သူများအား အစ္စရေးတပ်ဖွဲ့က နှင်ထုတ်ရန် ဆောင်ရွက်ခဲ့သည်။

အနောက်ဘက်ကမ်းဒေသတစ်ဝန်း၌ ပြုလုပ် မည့်ဆောက်လုပ်ရေးစီမံကိန်းများအရ ပီဂတ်ဇီပစ် ဒေသတွင် လူနေအိမ်ခြေ ၁၅၀၊ ဂျေရုဆလင် အရှေ့ ခြမ်းရှိ ဘီတာဒီဂလစ်ဒေသတွင် လူနေအိမ်ခြေ ၆၅၀၊ အနောက်ဘက်ကမ်းဒေသ၌ အလယ်ဗဟိုရှိ အယ်လ်ဗီခင်ရေ၌ အိမ်ပေါင်း ၇၀၀၊ အနောက်ဘက် ကမ်းဒေသ၏မြောက်ဘက် ဘီအစ်အာရက်တွင် လူနေအိမ်ခြေ ၆၅၀ ခန့်ကို တည်ဆောက်မည် ဖြစ်သည်။

**ဆင်ဟွာ။**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်နှင့် သာမန်အသုံးစရိတ် စုစုပေါင်းငွေကျပ် (၁၀၇၇ ဒသမ ၈၈၈) ဘီလီယံလျာထားပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။**

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စ တုတ္ထပုံမှန်အစည်းအဝေး တတိယနေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ခုနှစ်၊ အရအသုံး ခန့်မှန်းခြေငွေစာရင်း လျာထားချက်များကို လွှတ်တော်သို့ရှင်းလင်းတင်ပြရာ တွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေ စာရင်းတွင် ကုသရေး ဦးစီးဌာနအတွက် သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်း(၅၂၀ ဒသမ ၁၀၉)ဘီလီယံ၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအတွက် သာမန်နှင့် ငွေလုံး ငွေရင်းအသုံးစရိတ် စုစုပေါင်း (၄၂၈ ဒသမ ၁၄၄) ဘီလီယံ၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအတွက် သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်စုစုပေါင်း (၅၀ ဒသမ ၁၅၂) ဘီလီယံ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီး ဌာနအတွက် သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် စုစုပေါင်း (၂၈ ဒသမ ၉၇၂) ဘီလီယံ၊ အားကစားနှင့် ကာယပညာဦးစီးဌာနအတွက် သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်စုစုပေါင်း (၂၁ ဒသမ ၉၇၉) ဘီလီယံ၊ တိုင်းရင်းဆေးပညာဦးစီးဌာနအတွက် သာမန်နှင့် ငွေလုံး ငွေရင်း အသုံးစရိတ်စုစုပေါင်း(၁၅ ဒသမ ၈၂၃) ဘီလီယံ၊ ဆေးသုတေသနဦးစီးဌာနအတွက် သာမန်နှင့် ငွေလုံး ငွေရင်း အသုံးစရိတ် စုစုပေါင်း(၁၀ ဒသမ ၃၅၉) ဘီလီယံ၊ ဝန်ကြီးရုံးအတွက် သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် စုစုပေါင်း(၂ ဒသမ ၁၅၀) ဘီလီယံ ခွဲဝေထားရှိပါကြောင်း ရှင်းလင်းတင်ပြသည်။




ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပြည်သူများ အား လူမှုရေးဆိုင်ရာအခွင့်အရေးများ တန်းတူညီမျှ ရရှိစေမှုကိုအခြေခံကာ ပြည်သူလူထုတစ်ရပ်လုံးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် မြန်မာ နိုင်ငံတစ်ဝန်းဖြစ်ပွားသည့် ဘေးအန္တရာယ်အမျိုးမျိုး ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို လျော့နည်း သက်သာစေရန်နှင့် ဘေးသင့်ပြည်သူများ မူလလူနေမှု ဘဝအခြေအနေထက် ပိုမိုကောင်းမွန်သည့်အခြေအနေသို့ ရောက်ရှိစေရန် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာ ရေးနှစ်အတွက် သာမန်ရငွေ (၁၀၅၄၁ ဒသမ ၃၅၁)သန်း၊ သာမန်အသုံးစရိတ်(၃၆၈၃၇ ဒသမ ၆၇၈)သန်းနှင့် ငွေလုံး ငွေရင်းအသုံးစရိတ် (၁၅၅၈၁ ဒသမ ၃၀၃) သန်းဖြစ်ပါ ကြောင်း၊ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်းမှာ (၅၂၄၁၈ ဒသမ ၉၈၁)သန်းဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကိစ္စရပ်များ အပေါ် အတည်ပြုခွင့်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြ သည်။

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် က တိုင်းရင်းသားလူမျိုး များရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာစေပြီး တိုင်းရင်း သားများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရန်ဆိုသည့် မျှော်မှန်းချက်ထားရှိပါကြောင်း၊ မျှော်မှန်းချက်နှင့်အညီ မူဝါဒ (၄)ရပ်နှင့် ရည်မှန်းချက် (၅)ရပ်ကို ချမှတ်ထားပါ ကြောင်း။

ဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အတွက် သာမန်အသုံးစရိတ် ကျပ် ၂၁၉၈ ဒသမ ၀၇၁ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ကျပ်၁၄၇၀ ဒသမ ၉၂၈ သန်း စုစုပေါင်းကျပ် ၃၆၆၈ ဒသမ ၉၉၉ သန်းတင်ပြတောင်းခံ ထားပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက တင်ပြ ထားသည့် အသုံးစရိတ် ကျပ် ၃၆၆၈ ဒသမ ၉၉၉ သန်းကို စိစစ်ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်း တင်ပြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းခိုင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ၊ နေပြည်တော် ကောင်စီဝင် ဦးတင်ထွဋ်၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ မြန်မာ နိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းတို့က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေ များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း ပါစီမံကိန်းလုပ်ငန်းများနှင့် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေ များနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက် အစီရင်ခံစာများကို သက်ဆိုင်ရာပူးပေါင်းကော်မတီများက လွှတ်တော်သို့ အချိန်မီတင်သွင်းနိုင်ရန်အတွက် စိစစ်ရေးပူးပေါင်း အဖွဲ့အနေဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပြီး အဖွဲ့အသီးသီး၏ စိစစ်တွေ့ရှိချက် များကို ဖေဖော်ဝါရီ ၆ ရက်တွင် နောက်ဆုံးထား၍ ပူးပေါင်း ကော်မတီများသို့ ပေးပို့နိုင်ရေး အလေးထားဆောင်ရွက် သွားကြရန်လိုအပ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် များ တစ်ဦးချင်းအနေဖြင့် မိမိတို့ စိတ်ဝင်စားသည့် ဌာန၊ အဖွဲ့အစည်းများ၏ စိစစ်ရေးပူးပေါင်းအဖွဲ့များ ဆွေးနွေး ပွဲသို့ ဆက်သွယ်တက်ရောက် ဆွေးနွေးနိုင်ပါကြောင်း ပြောကြားသည်။

**မော်စီ-အောင်ရဲသွင် (သတင်းစဉ်)**

# နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ များအား တွေ့ဆုံနှုတ်ဆက်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း ခန်းမ၌ တိုင်းဒေသကြီးနှင့် ပြည်နယ် များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များအား တွေ့ဆုံနှုတ်ဆက် သည်။

ပြည်ထောင်စုနေ့ကျင်းပရေးစီမံ ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ယဉ်ကျေးမှု အဖွဲ့များသည် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာ သည့် ဧည့်သည်တော်များအား မိမိ တို့၏ ရိုးရာယဉ်ကျေးမှုအကများကို ဖော်ထုတ်ပြသ၊ ကပြဖျော်ဖြေသွား ရမည်ဖြစ်သဖြင့် ဖျော်ဖြေရေးအတွက် အလေးအနက်ထားပြီး လေ့ကျင့်သွား ကြရန်၊ ယဉ်ကျေးမှုအဖွဲ့အားလုံးသည် မြန်မာနိုင်ငံသားဟူသောပြည်ထောင်စု စိတ်ဓာတ်ကို ဖော်ဆောင်သွားကြရန် မှာကြားသည်။

ရိုးရာယဉ်ကျေးမှု အဖွဲ့များကို ပြည်ထောင်စုနေ့အခမ်းအနားများသို့ တက်ရောက်ရန် ဖိတ်ကြားရခြင်း၏ အဓိကရည်ရွယ်ချက်မှာ တိုင်းဒေသ ကြီးနှင့် ပြည်နယ်အလိုက် ရိုးရာ ယဉ်ကျေးမှုအကများကို အပြန် အလှန် ဖလှယ်နိုင်စေရန်ဖြစ် သည်။

ယဉ်ကျေးမှုအဖွဲ့များအား နေပြည် တော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာနိုင်ရန် ဥပ္ပါတသန္တိ စေတီတော်၊ နေပြည်တော် ဗုဒ္ဓဂယာ၊ နေပြည်တော် ရေပန်းဥယျာဉ် အပါအဝင် လေ့လာရေးခရီးစဉ်များ စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုနေ့ အခမ်းအနား အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် များမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဖိတ်ကြားခေါ်ယူခဲ့ရာ ကချင်ပြည်နယ် မှ ၃၆ ဦး၊ ကယားပြည်နယ်မှ ၄၀ ဦး၊ ကရင်ပြည်နယ်မှ ၄၁ ဦး၊ ချင်း ပြည်နယ်မှ ၃၂ ဦး၊ မွန်ပြည်နယ်မှ ၃၅ ဦး၊ ရခိုင်ပြည်နယ်မှ ၃၆ ဦး၊ ရှမ်းပြည် နယ်မှ ၃၇ ဦး၊ တနင်္သာရီ တိုင်းဒေသကြီးမှ ၃၇ ဦး၊ မန္တလေး တိုင်းဒေသကြီးမှ ၃၄ ဦး စုစုပေါင်း ၃၂၈ ဦး ရောက်ရှိနေပြီ ဖြစ်ကြောင်း သိရသည်။



နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် တိုင်းရင်း သားရိုးရာ ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ အား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စစ်ကြောရေးနှင့် တည်းခိုရေးစခန်း အတွင်းရှိ တည်းခိုဆောင်များ၊ ဆေးပေးခန်း၊ စာကြည့်တိုက်နှင့် ဆပ်ကော်မတီရုံးခန်းတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။

**(သတင်းစဉ်)**

# အာရှနိုင်ငံများမှ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်များ

## အောင်ထူး

ရန်ကုန်မြို့မှာ အများပြည်သူပိုင်ဘတ်စ်ကားလိုင်းထူထောင်မှုနဲ့ ပတ်သက်ပြီး ဟိုးလေးတကျော်ဖြစ်ခဲ့ပါတယ်။ စတောင်မစရသေးပေမယ့် ဝေဖန်မှုတွေကတော့ ပလူပျံနေတာပါပဲ။ ဒါပေမယ့် အများပိုင်ဘတ်စ်ကားကုမ္ပဏီထူထောင်မှုကတော့ မြန်မာနိုင်ငံအတွက် ထူးခြားတဲ့ သမိုင်းဝင်ဖြစ်ရပ်တစ်ခုပါပဲ။ ဒါဟာပိုမိုကြီးမားတဲ့အရွေ့တစ်ခုရဲ့ ပထမခြေလှမ်းလို့ ဆိုနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အများပိုင် ဘတ်စ်ကားလိုင်းဟာ ဒီမှာတင်ရပ်သွားမှာမဟုတ်ဘဲ နောင်လာလတ္တံ့သောလူအများကို အမြန်ပို့ဆောင်ပေးနိုင်တဲ့စနစ်(Mass Rapid Transit System, MRT)တွေရဲ့ အစလို့ဆိုနိုင်ပါတယ်။

အာရှမှာ မြို့ပြထူထောင်မှုကြောင့် မြို့ပြတွေကြီးထွားလာခဲ့တယ်။ မြို့ပြကြီးထွားမှုရဲ့ အခြေခံက စီးပွားရေးက စပါတယ်။ စီးပွားရေးအခွင့်အလမ်းတွေရှိတဲ့ နေရာကိုလူတွေပြုံပြီး ရောက်လာကြတယ်။ ပထမပိုင်းမှာနေရာထိုင်ခင်းအတွက် ကုန်ကျစရိတ်မကြီးပေမယ့် မြို့ပြတွေရဲ့ အကန့်အသတ်ကြောင့် ကုန်ကျစရိတ်တွေကြီးလာတယ်။ ဒီလိုအိမ်မြေဈေးတွေ တက်လာတာကြောင့် မြို့မှာစီးပွားရေးလုပ်ငန်းလုပ်သူတွေဟာ မြို့ထဲကနေ ဆင်ခြေဖုံးအရပ်၊ ဆင်ခြေဖုံးအရပ်ကနေ အတော်ဝေးကွာတဲ့ နေရာတွေမှာနေထိုင်လာကြပြီး မိမိတို့လုပ်ငန်းရှိတဲ့ မြို့ထဲကို နိစ္စဓူဝသွားလာကြရတယ်။

ဂျကာတာလို လူဦးရေ ၁၀ သန်းရှိတဲ့ မြို့တွင်နေ့ခင်းဘက်မှာ နေထိုင်သူသန်း ၂၀ ကျော်တယ်လို့ဆိုပါတယ်။ ဒီတော့ မြို့ပြင်ကနေ မြို့ထဲကို တစ်နေ့ကို လူ ၁၀ သန်းလောက် ရွှေ့ပြောင်းသွားလာနေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ရုံးတက်ချိန်နဲ့ ရုံးဆင်းချိန် တိုတောင်းတဲ့ ကာလလေးအတွင်းမှာ လူ ၁၀သန်းလောက်ကို မြို့ပြင်နဲ့မြို့တွင်းအကြား ရွှေ့ဖို့ဆိုတာ အလွန် လျင်မြန်တဲ့ ပို့ဆောင်ရေးစနစ်လိုမယ်ဆိုတာ တွေးကြည့်လို့ရပါတယ်။

အာရှနိုင်ငံတွေမှာ လူအများကို အမြန်ပို့ဆောင်ပေးနိုင်တဲ့ မြေအောက်နဲ့မြေပေါ်ရထားများကို လေ့လာရာမှာ တိုကျိုမက်ထရိုလို့ခေါ်တဲ့ MRT စနစ်ဟာ အစောဆုံးဖြစ်ပြီး ၁၉၂၇ ခုနှစ်က စတင်ထူထောင်ခဲ့ပါတယ်။ ယခုအခါမှာ တစ်နေ့ကို လူ ၇ ဒသမ ၁ သန်း ပို့ဆောင်ပေးနေရတယ်လို့ ဆိုပါတယ်။ အာရှမှာ တစ်နေ့ကို လူအများဆုံးပို့ဆောင်ပေးနေတဲ့ မြေအောက်ရထားစနစ်ကတော့ ပေကျင်းမြို့မှာရှိပြီး တစ်နေ့ကို လူ ၉ ဒသမ ၄ သန်းပို့ဆောင်ပေးနေရတယ်လို့ သိရပါတယ်။ စင်ကာပူလို လူဦးရေခြောက်သန်းလောက်ရှိတဲ့ မြို့လေးမှာ MRTနဲ့ ပို့ဆောင်ပေးမှုဟာ တစ်နေ့ကို ၂ ဒသမ ၁ သန်းရှိတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံကိုပြန်ကြည့်ရင် ရန်ကုန်မြို့ဟာ ယနေ့မှာ လူဦးရေ ၇ ဒသမ ၃၆ သန်းရှိပါတယ်။ မြန်မာနိုင်ငံမှာ အများပြည်သူပို့ဆောင်မှုမှာဘတ်စ်ကား၊ မြို့ပတ်ရထားနဲ့ ကိုယ်ပိုင်ကားများနဲ့ ပို့ဆောင်ကြပြီး အများဆုံးကတော့ ဘတ်စ်ကားနဲ့ ဖြစ်ပါတယ်။ ဒီအထဲမှာမြို့ပတ်ရထားနဲ့ ပို့ဆောင်မှုဟာ နှစ်ရာခိုင်နှုန်းသာရှိပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မော်တော်ယာဉ်အရေအတွက် ၅ ဒသမ ၇ သန်းမှာ ၇၈၄၀၀၀ ဟာ ရန်ကုန်မြို့မှာ ရှိနေပြီး ရန်ကုန်မြို့မှာ ကားကျပ်နေတာကြောင့် ကားများနဲ့ ပို့ဆောင်မှုဟာ ထိရောက်မြန်ဆန်မှုမရှိဘူးဆိုတာ တွေ့ရမှာ ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံနဲ့ ရန်ကုန်မြို့မှာနေတဲ့လူဦးရေဟာ များစွာမကွာခြားလှတာကြောင့် ရန်ကုန်မြို့မှာ နေ့စဉ်ခရီးသည်ပို့ဆောင်မှုဟာ တစ်သန်းကနေ နှစ်သန်းအထိရှိနိုင်မယ်လို့ မှန်းရပါတယ်။ အများပိုင်ဘတ်စ်ကားလိုင်း မစတင်မီအချိန်အထိ ဘတ်စ်ကားပေါင်း ၄၀၀၀ ဟာ တစ်နေ့ကို ခရီးသည် နှစ်သိန်းခွဲကျော်ပို့ဆောင်ပေးခဲ့တယ်လို့ဆိုပါတယ်။ ဒါကြောင့် လူ နှစ်သန်း လောက် ပို့ဆောင်မယ်ဆိုရင် လူအများကို အမြန်ပို့ဆောင်ပေးနိုင်တဲ့စနစ် (Mass Rapid Transit System)ကို မဖြစ်မနေဆောင်ရွက်ဖို့လိုအပ်နေပါပြီ။

ဗန်ကောက်မြို့တော်မှာ ကားကျပ်တာတွေဖြစ်တုန်းက

**စင်ကာပူနိုင်ငံနဲ့ ရန်ကုန်မြို့မှာနေတဲ့ လူဦးရေဟာ များစွာမကွာခြားလှတာကြောင့် ရန်ကုန်မြို့မှာ နေ့စဉ်ခရီးသည်ပို့ဆောင်မှုဟာ တစ်သန်းကနေ နှစ်သန်းအထိရှိနိုင်မယ်လို့ မှန်းရပါတယ်။ အများပိုင်ဘတ်စ်ကားလိုင်း မစတင်မီအချိန်အထိ ဘတ်စ်ကားပေါင်း ၄၀၀၀ ဟာ တစ်နေ့ကိုခရီးသည် နှစ်သိန်းခွဲကျော်ပို့ဆောင်ပေးခဲ့တယ်လို့ဆိုပါတယ်။ ဒါကြောင့် လူနှစ်သန်းလောက်ပို့ဆောင်မယ်ဆိုရင် လူအများကိုအမြန်ပို့ဆောင်ပေးနိုင်တဲ့စနစ်(Mass Rapid Transit System)ကို မဖြစ်မနေ ဆောင်ရွက်ဖို့လိုအပ်နေပါပြီ။**

မဟာဗျူဟာ (၄) ရပ်ချမှတ်လုပ်ဆောင်ခဲ့တာကို တွေ့ရပါတယ်။ ပထမမဟာဗျူဟာက လမ်းတွေရဲ့ ကားသွားလာနိုင်စွမ်းအားကို မြှင့်တင်တာပါပဲ။ အမြင့်လမ်း(elevated highway)တွေ၊ မြို့ပတ်အမြန်လမ်းမကြီး(rim roads)တွေထူထောင်ခြင်းလည်းပါဝင်တာပေါ့။ ဒုတိယမဟာဗျူဟာကတော့ မြေအောက်မီးရထား (subway)နဲ့ မိုးပျံမီးရထား (sky train)စတဲ့ လူအများကိုအမြန်ပို့ဆောင်ပေးနိုင်တဲ့စနစ် (Mass Rapid Transit System) တွေ တည်ဆောက်တာပါပဲ။

တတိယမဟာဗျူဟာကတော့ လမ်းထိန်းကျောင်းမှု မီးပွိုင့်စနစ်တွေကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်တာဖြစ်ပါတယ်။ လမ်းထိန်းချုပ်မှုစနစ်ကို ကွန်ပျူတာအကူအညီယူပြီး ဆောင်ရွက်ခြင်း၊ ကောင်းမွန်သောယာဉ်မောင်းနည်းစနစ်ကို ပညာပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနဲ့အညီ အရေးယူခြင်းတို့ ဖြစ်ပါတယ်။ ကောင်းမွန်တဲ့ ယာဉ်မောင်းနည်းကိုကျင့်သုံးစေခြင်းလို့ဆိုရာမှာ ဂျကာတာလိုမြို့ကြီးတွေမှာ ကားမောင်းသမားတွေကအမြဲတမ်းအခြားသူကို ဂရုထားအလျှော့ပေးတဲ့ အလေ့အထကို ကျင့်သုံးတဲ့အတွက် ယာဉ်တိုက်မှုလျော့နည်းတာကိုတွေ့ရတယ်။ ရန်လိုတဲ့ယာဉ်မောင်းမှု (Aggressive Driving)မဟုတ်ဘဲ စာနာတဲ့ယာဉ်မောင်းမှု (Defensive Driving)စနစ်မျိုးပေါ့။ ဗန်ကောက်မှာလည်း ယာဉ်မောင်းတွေက တခြားယာဉ်မောင်းကို အလျှော့ပေးတာတွေ့ရတော့ မြန်မာပီပီ အားမလိုအားမရဖြစ်မိတယ်။ ဒါပေမယ့် ထိုင်းယာဉ်မောင်းတစ်ယောက်က ပြောတယ်။ အလျှော့ပေးချင်လို့ ပေးတာမဟုတ်ဘူး။ ကိုယ်ကလည်း ရန်လိုပြီး မောင်းမိရင် ယာဉ်တိုက်မှုတွေဖြစ်မယ်။ အချိန်ကုန်မယ်၊ ငွေကုန်မယ်။ ဒီလိုမဖြစ်အောင် အလျှော့ပေးခြင်းကို ပြုလုပ်တယ်လို့ ဆိုပါတယ်။ အရှည်မျှော်ကြည့်တဲ့ သဘောပေါ့။

စတုတ္ထမဟာဗျူဟာကတော့ ယာဉ်ကျပ်တည်းမှုဖြစ်တဲ့ နေရာတွေမှာ ကားသွားလာတဲ့အရေအတွက်ကို လျှော့ချခြင်းဖြစ်ပါတယ်။ ဥပမာအားဖြင့် စင်ကာပူမှာ လူသွားများတဲ့ မြို့တွင်းအစိတ်အပိုင်းကိုဝင်ရင် အခပေးရတဲ့ Electronic Road Pricing(ERP) ကျင့်သုံးတာမျိုးပေါ့။ အစိုးရအတွက် အခွန်ငွေရသလို ကားအရေအတွက်လည်း လျော့ကျစေတယ်။ စင်ကာပူမှာ မြန်မာနိုင်ငံမှာ ကျင့်သုံးတဲ့ ကားပါမစ်စနစ်ကိုလည်း ကျင့်သုံးတယ်။ ကားဝယ်ခွင့်ပါမစ် (Certificate of Entitlement, COE)ကိုအစိုးရက လေလံတင်တယ်။ ဝယ်အားပေါ်မူတည်ပြီး ကားပါမစ်ဈေး အတက်အကျရှိတယ်။ ဒီပါမစ်ရှိမှ ကားဝယ်လို့ရတယ်။ ကားဝယ်မယ့်သူက ကားအတွက် ပါမစ်ခကော၊ ကားတန်ဖိုးကောပေးရတဲ့ သဘောပေါ့။ ဒါပေမယ့် ပါမစ်လေလံတင်ခတွေက အစိုးရက အခွန်အဖြစ်ရတယ်။ ကားအရေအတွက်ကိုလည်း ထိန်းနိုင်တယ်။ အစိုးရလည်းဝင်ငွေရတဲ့ သဘောပေါ့။ ဂျကာတာမှာတော့ စုံ၊ မ ခွဲခြားခြင်းနည်းလမ်းကို ကျင့်သုံးပါတယ်။ အချက်အချာကျတဲ့ မြို့တွင်းနေရာတွေ ကို“စုံ”ရက်မှာစုံနဲ့ဆုံးတဲ့ ကားနံပါတ်ပဲ ဝင်၊ “မ” ရက်မှာ“မ”နံပါတ်နဲ့ဆုံးတဲ့ ကားပဲဝင်ပေါ့။ ကျန်တဲ့ ကားဝင်ရင် ဒဏ်ငွေပေးရလိမ့်မယ်။ နောက်ပြီး ကားတွေကိုလမ်းဘေးမှာ မရပ်စေဘဲကားရပ်တဲ့ရုံ (parking structure)များမှာ ရပ်စေတာပေါ့။ ဒီလိုလုပ်ခြင်းဟာ ကားသွားနိုင်တဲ့ လမ်းအကျယ်ကို ပိုမိုတိုးတက်ရရှိနိုင်စေပါတယ်။

မော်တော်ကားကျပ်လွန်းလှတဲ့ မြို့တော်လို့ ၁၉၉၀ ခုနှစ်မှာ နာမည်ကြီးခဲ့တဲ့ ဗန်ကောက်မြို့တော်ဟာ မိုးပျံရထားကို ၁၉၉၉ ခုနှစ်မှ စတင်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှသာ မြေအောက်ရထားကိုစတင်ခဲ့တာဖြစ်ပါတယ်။ ဘန်ကောက်မြို့မှာ ဒီစနစ်နှစ်ခုဟာ တစ်နေ့ကို လူဦးရေတစ်သန်းခန့် ပို့ဆောင်ပေးနေတာ ဖြစ်ပါတယ်။ ကျန်တာက တက္ကဆီ၊ တုတ်တုတ်၊ ဆိုင်ကယ်တက္ကဆီ၊ ဘတ်စ်ကားတို့၊ water taxi တို့ပေါ့။ ၁၉၉၉ ခုနှစ်မှာ မိုးပျံရထားကိုစတဲ့ အချိန်တုန်းကစီးတဲ့ခရီးသည် တစ်နေ့ကို နှစ်သိန်းခန့်သာရှိပါတယ်။ နောက်ပိုင်းမှာ လေးဆလောက်တက်လာပါတယ်။ ၂၀၁၆ ခုနှစ် ဒုတိယလေးလပတ်မှာတင် ရထားခ အမေရိကန်ဒေါ်လာသန်း ၅၀ ရခဲ့ပါတယ်။ ဒီရထားခတွေဟာ BTS အုပ်စုရဲ့ ဝင်ငွေ ၃၇ ရာခိုင်နှုန်းကို ရရှိစေခဲ့ပါတယ်။ ထူးခြားတဲ့အချက်က မိုးပျံရထားလုပ်ငန်းကို လုပ်ကိုင်တဲ့ BTS အုပ်စုဟာ ဒီအုပ်စုရဲ့ ဝင်ငွေရဲ့ ၄၁ ရာခိုင်နှုန်းကို ဘူတာနဲ့ ရထားအတွင်း ကြော်ငြာကနေ ရနေခြင်းပဲဖြစ်ပါတယ်။ ဒ့ါအပြင် BTS အုပ်စုဟာ မိုးပျံရထားဘူတာများ အနီးမှာအိမ်ရာဆောက်တဲ့ Sansiri ကုမ္ပဏီနဲ့ပေါင်းပြီး အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းကြီး ငါးခုကို တည်ဆောက်ခဲ့ပါတယ်။ တစ်ခုကို အခန်းပေါင်း သောင်းနဲ့ချီတဲ့ အိမ်ရာတွေပါ။ ဒီမိုးပျံရထားဖြတ်တဲ့ ဘူတာများမှာ အထပ်မြင့်အိမ်ရာတွေရဲ့ ဈေးကအလွန်ကို ကောင်းခဲ့ပါတယ်။ မိုးပျံဘူတာနဲ့ မီတာ ၂၀၀ အတွင်းမှာ ရှိတဲ့ အိမ်ရာတွေဟာ အလွန်အရောင်းသွက်ပြီး အမြတ် ၂၀ ရာခိုင်နှုန်းလောက်ကျန်တယ်လို့ ဆိုပါတယ်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရဲ့ မိုးပျံရထားလုပ်ငန်းဟာ ထိုင်းနိုင်ငံကို ကားကျပ်မှုနဲ့ နာမည်ကြီးတဲ့ မြို့အဖြစ်ကနေ အထပ်မြင့်အဆောက်အအုံတွေနဲ့ ပြည့်နေတဲ့ ခေတ်မီမြို့တော် ဖြစ်စေခဲ့ပါတယ်။ BTS ကုမ္ပဏီက ကောင်းကင်ရထားတွေကို တည်ဆောက်စက ဘန်ကောက်မြို့တော်သူ မြို့တော်သားတွေဟာ အထပ်မြင့်ကွန်ဒိုမီနီယံတွေကို မစဉ်းစားခဲ့ကြပါဘူး။ သို့သော်လည်း ယခုအချိန်မှာတော့ ဒါကိုလက်ခံလာကြတဲ့အပြင် ဒီလိုဘဝ(lifestyle)မျိုးကို အခြားခေတ်မီမြို့ကြီးများမှာလို လိုလားလာကြတယ်လို့ BTS အုပ်စု ဥက္ကဋ္ဌ KeereeKanjanapasက ပြောပါတယ်။ သူကထိုင်းနိုင်ငံအနေနဲ့ အခြေခံ အဆောက်အအုံများမှာ ရင်းနှီးမြှုပ်နှံခြင်းကနေ အကျိုးကျေးဇူးရှိတယ်ဆိုတာ သိလာကြပါပြီ။ အခြေခံအဆောက်အအုံမရှိဘဲ လျင်လျင်မြန်မြန် ဖွံ့ဖြိုးမတိုးတက်လာနိုင်ပါဘူး။ အခုတော့ ဘန်ကောက်မြို့တော်ကြီးက အမှန်ကိုဖွံ့ဖြိုးတိုးတက်လို့ လာပါတယ်လို့ ၎င်းက ဆိုပါတယ်။ ။

***၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလထုတ် Indonesia Forbes မဂ္ဂဇင်းမှ Ron Gluckman ရေးသားသည့် Riding the Rails ဆောင်းပါးကို ကိုးကားပါသည်။***

# အင်းလေးဒေသကျွန်းမျောများတွင် GAP စနစ်ဖြင့် ခရမ်းချဉ်သီးနှံစိုက်ပျိုးရေးနှင့် တောင်သူများအား Bio နည်းပညာ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဘေးကင်းလုံခြုံပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် Public Private Partnership(PPP) ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အင်းလေးဒေသကျွန်းမျောများတွင် GAP စနစ်ဖြင့် ခရမ်းချဉ်သီးနှံ စုစုပေါင်း ဧက ၅၀ စိုက်ပျိုးကြမည့် တောင်သူ ၅၄ ဦးတို့အား United Nilar Agribusiness Co.,Ltd. မှ တာဝန်ရှိသူက GAP စနစ်ဖြင့် ကျပ်သိန်း ၅၀ တန်ဖိုးရှိ Bio နည်းပညာ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် Topin Hotel ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက United Nilar Agribusiness Co.,Ltd. သို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယခု စီမံကိန်းဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများကို စိုက်ကွင်းအလိုက် သီးခြားစီ တာဝန်ခွဲဝေချထားပေးပြီး United Nilar Agribusiness Co.,Ltd. မှ ပညာရှင်များ ဒေသတောင်သူများနှင့်ပူးပေါင်း၍ ပျိုးထောင်သည်မှ ဈေးကွက်ရောက်သည် အထိ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိဘဲ အင်းလေးကန် ရေရှည်တည်တံ့ပြီး စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် အထောက်အပံ့ပေးနိုင်မည်ဖြစ်သကဲ့သို့ စိုက်ပျိုးထုတ်လုပ်လိုက်သည့် သီးနှံများအနေဖြင့်လည်း စားသုံးသူ ဘေးကင်းလုံခြုံမှုရှိစေရန် ဓာတုဆေးဝါးများလျှော့ချအသုံးပြုရေးကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **သန်းဦး (လေးမျက်နှာ)**




စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက United Nilar Agribusiness Co.,Ltd. သို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

### ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အားလုံးပူးပေါင်းဆောင်ရွက်ရမည့် တရားဥပဒေစိုးမိုးရေး

## ဒီမိုစိုးသူ(ကောလင်း)

တရားဥပဒေစိုးမိုးမှုရရှိရေးသည် နိုင်ငံတစ်နိုင်ငံ၏ အဓိကသော့ချက်ဖြစ်သည်။ တရားဥပဒေစိုးမိုးနိုင်မှသာ နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေး အစရှိသော အရေးကိစ္စများသည် ဖွံ့ဖြိုးမှုအားကောင်းနိုင်လိမ့်မည်။ ထို့ပြင် ပြည်သူလူထု၏ အသက်အိုးအိမ်သည်လည်း လုံခြုံစိတ်ချမှုရှိမည်။ ထိုသို့မဟုတ်ပါက ပြည်သူအများသည် နောက်ကျောလုံမည်မဟုတ်၊ ကျီးလန့်စာစားဘဝဖြင့် ထိတ်လန့်နေရပေမည်။ တုတ်၊ ဓားလက်နက်မည်မျှပင် ပြည့်စုံစေကာမူ ပြည်သူလူထု၏ လူနေမှုဘဝအား လုံခြုံအောင် မကာကွယ်နိုင်။ မျှတကောင်းမွန်သော ဥပဒေနှင့် မှန်ကန်သော တရားစီရင်ရေးကသာလျှင် ကာကွယ်ပေးထားနိုင်သည်။

လက်ရှိ မြန်မာနိုင်ငံအရေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးသည် အရေးတကြီးလိုအပ်နေသည်။ ပြည်တွင်းငြိမ်းချမ်းရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအား ကြီးစွာသောအဟန့်အတားတစ်ခုဖြစ်နေ၏။ ပြည်တွင်းငြိမ်းချမ်းမှုမရှိသောကြောင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများ တွန့်ဆုတ်နေမည်ကို စိုးရိမ်မိသည်။ ထို့ပြင် ငြိမ်းချမ်းမှုရှိနေလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လုပ်ဆောင်နေစရာမလို။ ထိုအခါတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ငွေကြေးအပိုသုံးစွဲနေရန်လည်း မလိုတော့ပေ။ ထိုငွေကြေးများအား ပညာရေး၊ ကျန်းမာရေးကဲ့သို့သော အခြားကဏ္ဍများတွင် သုံးစွဲနိုင်သည်။ ထိုသို့ငြိမ်းချမ်းရေးရရှိရန်မှာလည်း တရားဥပဒေစိုးမိုးမှု ရှိ၊ မရှိအပေါ် မူတည်နေပြန်သည်။

မြန်မာနိုင်ငံနေရာအနှံ့အပြား၌ မှုခင်းဖြစ်စဉ်များ စဉ်ဆက်မပြတ် ကြားသိနေရ၏။ အင်မတန် ရက်စက်ကြမ်းကြုတ်သော လူသတ်မှုများ၊ ရက်စက်ယုတ်မာသော လူမဆန်မှုများ၊ လူမိုက်ဆန်ဆန် အုပ်စုဖွဲ့ရမ်းကားမှုများသည် နေ့စဉ်နဲ့အမျှ ဖြစ်ပေါ်နေသည်။ အချို့အမှုများသည် မကြားဝံ့မနာသာအောင်ပင်ရှိ၏။ လူ့အသက်တစ်ချောင်းအား တန်ဖိုးမထားကြတော့။ ကြက်၊ ငှက်တစ်ကောင်နှယ် သဘောထားကြသည်။

ဖြစ်ပွားခဲ့သော အမှုအခင်းများတွင် တရားခံအားဖမ်းဆီးနိုင်သည်လည်းရှိ၏။ မဖမ်းဆီးနိုင်သေးသည်များလည်းရှိ၏။ ဖမ်းဆီးရမိသူများအား တရားစီရင်ရာတွင် ဝေဖန်မှုများလည်း ရှိနေသည်။ ထိုသို့ ဝေဖန်ခံရခြင်းသည် ဥပဒေကြောင့်လည်းဖြစ်သလို သက်ဆိုင်ရာ တရားသူကြီးများ၏ ဆင်ခြင်တုံတရားကြောင့်လည်း ဖြစ်သည်။ အထူးသဖြင့် အဂတိတရားကင်းရှင်းရန် လိုနေသည်။ ခေတ်အဆက်ဆက် အရိုးစွဲလာသော အကျင့်စရိုက်များအား ဖျောက်ပစ်ရမည်။ နှစ်ဖက်ရှေ့နေများသည်လည်း မိမိတို့အမှုသည် အနိုင်ရရေးထက် အမှုမှန်ပေါ်ပေါက်ရေး၊ မှန်ကန်မျှတမှုရှိရေးကိုသာ ဦးစားပေးသင့်သည်။

မြန်မာနိုင်ငံ၏ လက်ရှိအနေအထားသည် အဘက်ဘက်မှ အထိမခံနိုင်အောင် အကဲဆတ်လှ၏။ ပြဿနာပေါင်းက သောင်းခြောက်ထောင်။ ဆပ်ပြာပူဖောင်းတစ်လုံးနှယ် မထိခင်က ပေါက်ချင်နေသည့် အနေအထား။ ထိုအထဲတွင် သခွတ်ပင်က မီးတကျည်ကျည်လုပ်နေသူများလည်း ရှိ၏။ အကိုင်အတွယ်မတတ်လျှင် အချိန်မရွေး ထပေါက်ကွဲနိုင်သည်။ နှစ်ပေါင်းများစွာကတည်းက ယိုယွင်းပျက်စီးနေသော အိမ်အိုအိမ်ဟောင်းကြီးအား ပြင်ဆင်ရသော လက်သမားသည် ဘယ်ကစ၍ ကိုင်ရမှန်းမသိ။ ဆွဲဖျက်ကာ အသစ်ပြင်ဆောက်က လွယ်နိုင်သေး၏။ ယခု

**ထိုအထဲတွင် သခွတ်ပင်က မီးတကျည်ကျည်လုပ်နေသူများလည်း ရှိ၏။ အကိုင်အတွယ်မတတ်လျှင် အချိန်မရွေးထပေါက်ကွဲနိုင်သည်။ နှစ်ပေါင်းများစွာကတည်းက ယိုယွင်းပျက်စီးနေသော အိမ်အိုအိမ်ဟောင်းကြီးအား ပြင်ဆင်ရသော လက်သမားသည် ဘယ်ကစ၍ ကိုင်ရမှန်းမသိ။ ဆွဲဖျက်ကာ အသစ်ပြင်ဆောက်က လွယ်နိုင်သေး၏။**

မြန်မာနိုင်ငံနှင့် အစိုးရသစ်သည်လည်း ထိုနည်းတူပင်။ ပြဿနာပေါင်း မြောက်မြားစွာထဲမှ အဓိကပြဿနာကို ဖြေရှင်းနေရချိန်ဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရတစ်ရပ်လုံးမှ ဒီမိုကရေစီစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးကို ကြိုးစားဆောင်ရွက်လျက်ရှိသည်။ သို့သော် လက်ရှိတည်ဆဲဥပဒေ (၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ) သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအား ထင်သလောက် ခရီးမပေါက်အောင် တားဆီးထားသည်။

တရားဥပဒေသည် လူတစ်စု၊ တစ်ဖွဲ့ အကျိုးစီးပွားအတွက်မဟုတ်ဘဲ ပြည်သူလူထုတစ်ရပ်လုံးအတွက် ဖြစ်ရမည်။ ဥပဒေတစ်ခုပြဋ္ဌာန်းပြီးလျှင် ထိုဥပဒေ၏ အကျိုးသက်ရောက်မှုသည် နိုင်ငံသားအားလုံးကို အကျုံးဝင်စေရမည်။ မည်သူတစ်ဦးတစ်ယောက်မျှ ကင်းလွတ်ခွင့်မရှိစေရ။ ဥပဒေချိုးဖောက်ပြီး တောင်းပန်ရုံနှင့် အရေးမယူတော့တာမျိုး မဖြစ်သင့်။ အားလုံးတစ်ပြေးညီ လိုက်နာနိုင်သော ဥပဒေဖြစ်နေဖို့လိုသည်။ အကယ်၍ ပြဋ္ဌာန်းလိုက်သော ဥပဒေသည် နိုင်ငံသားအားလုံးနှင့် ကိုက်ညီမှုမရှိ၊ လိုက်နာနိုင်မှုမရှိခဲ့လျှင် ပယ်ဖျက်သင့်က ပယ်ဖျက်နိုင်ရမည်။ ပြင်ဆင်သင့်က ပြင်ဆင်နိုင်ရမည်။

ယခု ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမှုရှိရန် လိုအပ်နေသည်။ သို့သော် ဥပဒေတစ်ရပ်လုံးကိုပယ်ဖျက်ပြီး အသစ်ပြန်လည်ရေးဆွဲရန်လည်း အချိန်ကာလအားဖြင့် မလွယ်ကူပေ။ အချို့သော ဥပဒေကိုသာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း ပြုနိုင်မည်။ ထို့အတွက်လည်း ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ပြင်ဆင်သင့်သည့်ဥပဒေများ ပြင်ဆင်နိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

ယနေ့အချိန်တွင် ဝေဖန်ကန့်ကွက်မှု အများဆုံး ကြုံတွေ့နေရသော ပုဒ်မ-၆၆(ဃ)နှင့်ပတ်သက်ပြီး "ကျွန်တော်တို့က နိုင်ငံတော်နဲ့ နိုင်ငံသားအကျိုးစီးပွားအတွက်ဆိုရင် ဥပဒေတွေပြဋ္ဌာန်းရမယ်။ ပြင်စရာရှိရင် ပြင်ရမယ်။ ဒီအတွက် ဥပဒေပြင်ဆင်ဖို့ ဥပဒေကြမ်းပါ တင်ပြီးပြီ။ ဥပဒေပြုခြင်း၊ မပြုခြင်းကတော့ လွှတ်တော်နဲ့ပဲဆိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ပဲဆိုင်ပါတယ်။ ကျွန်တော်တို့ကတော့ ဒီဥပဒေဟာ ပြင်သင့်တယ်။ ဘယ်လိုပြင်သင့်တယ်ဆိုတာ ပညာရှင်တွေ၊ အတွေ့အကြုံရှိသူတွေနဲ့ တိုင်ပင်ပြီး၊ လေ့လာသုံးသပ်ပြီး ဒီအချက်၊ ဒီအချက်တွေကိုတော့ ဖြည့်စွက်သင့်၊ ပြင်ဆင်သင့်တယ်ဆိုတာကို ကျွန်တော်တို့ ဉာဏ်မီသလောက် တင်ပြထားပြီးပါပြီ" ဟု ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် သတင်းမီဒီယာများ ဒီဇင်ဘာ ၂၈ ရက် တွေ့ဆုံပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောကြားခဲ့သည်။

ထို့ပြင် ကော်မရှင်၏ တာဝန်နှင့်ပတ်သက်ပြီး သူရဦးရွှေမန်းက "ဥပဒေတစ်ရပ် ပြဋ္ဌာန်းပြီးတဲ့အခါမှာ ဒီဥပဒေကို ကျင့်သုံးကြည့်ပါတယ်။ ကျင့်သုံးတဲ့အခါမှာ ဒီဥပဒေမှာပါတဲ့ အချက်အလက်တချို့ဟာ အားနည်းတယ်ဆိုရင် အားနည်းချက်ကိုပြင်ဆင်ရမှာပါ။ ဒါက ဥပဒေပြုရေးသမားတွေရဲ့တာဝန်ပဲဖြစ်ပါတယ်။ ကော်မရှင်ဟာ ဥပဒေပြုရေးကို တာဝန်ယူထားတဲ့ အဖွဲ့အစည်းမဟုတ်ပါဘူး။ လွှတ်တော်နဲ့ ကိုယ်စားလှယ်တွေ ဥပဒေပြုတဲ့နေရာမှာ သူတို့ကို အထောက်အကူပြုနိုင်ဖို့၊ ဥပဒေကောင်းများ ပေါ်ထွက်လာနိုင်ဖို့၊ ပြင်သင့်တာပြင်၊ ပယ်ဖျက်သင့်တာ ပယ်ဖျက်ဖို့၊ အသစ်ပြဋ္ဌာန်းသင့်တာတွေ ပြဋ္ဌာန်းနိုင်ဖို့အတွက် ကူညီဖို့က ကော်မရှင်ရဲ့ အဓိကလုပ်ငန်းဖြစ်ပါတယ်"ဟုလည်း ရှင်းလင်းပြောကြားခဲ့သည်။

ကော်မရှင်၏ လုပ်ဆောင်ချက်များအား ကြည့်ခြင်းအားဖြင့် ၂၀၀၈ အခြေခံဥပဒေတစ်ရပ်လုံး အသစ်ပြန်လည် မရေးဆွဲနိုင်သေးသော်ငြား အချို့ဥပဒေများ၏ အားနည်းချက်များ လျော့နည်းလာနိုင်ဖွယ်ရှိသည်။ မကြာမီအချိန်အတွင်း မှန်ကန်တည့်မတ်သော တရားဥပဒေများဖြစ်လာနိုင်မည်ဟု ထင်သည်။ တရားဥပဒေစိုးမိုးမှုသည်လည်း ပိုမိုအားကောင်းလာနိုင်ပေသည်။ ထို့ကြောင့် အချိန်အတိုင်းအတာတစ်ခုတော့ စောင့်ကြည့်ရန် လိုအပ်သည်။

"လက်ဖက်ကောင်းစားချင်ရင် ပလောင် တောင်တက်နှေးရတယ်" ဆို၏။ ယနေ့မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးခရီးစဉ်သည် စိတ်စောလွန်း၍မဖြစ်။ ဖြည်းဖြည်းမှန်မှန် လျှောက်ရလိမ့်မည်။ သို့မဟုတ်လျှင် အလှမ်းကျယ် အလယ်လပ် ဟူသကဲ့သို့ မလိုလားအပ်သော ပြဿနာများ ရင်ဆိုင်ရမှာစိုးရိမ်သည်။ လူထုကတင်မြှောက်သောအစိုးရအနေဖြင့် အာဏာလွှဲပြောင်းရယူနိုင်ခဲ့သည်မှာ တစ်နှစ်ပင် တင်းတင်းမပြည့်သေး။

နှစ်ပေါင်း ၆၀ ကျော်ကြာ ပင်ပန်းဆင်းရဲခံကာ စိတ်ရှည်သည်းခံခဲ့ရပြီးကာမှ မြင်ရသောရောင်နီကို မှိန်ဖျော့လွန်းသည်ဟု မထင်စေလို။ ပီပြင်ထင်ရှားသော အလင်းရောင်အတွက် အချိန်အနည်းငယ်ထပ်မံပေးကာ စောင့်ဆိုင်းသင့်သည်။ အထူးသဖြင့် အချိန်ကပြောမယ့် စကားကို စောင့်ကြည့်နားဆင်ရလိမ့်မည်။

အပြောင်းအလဲကာလတွင် တရားဥပဒေစိုးမိုးရေးသည် အဓိကကျလှသည်။ တရားဥပဒေစိုးမိုးမှုများရှိရန်အတွက်လည်း ဥပဒေပြုရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများအပါအဝင် လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူလူထုများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်လိုအပ်သည်။ ထို့ပြင် ဥပဒေအထက်၌ နေလိုသူများ၊ အဂတိတရားလက်ကိုင်ထားမှုများ ကင်းရှင်းရန်အရေးကြီးသည်။ မိမိနှင့် သက်ဆိုင်ရာ တာဝန်များကိုလည်း တာဝန်ခံမှု၊ တာဝန်ယူမှုရှိရပေမည်။ သို့မှသာ တရားဥပဒေစိုးမိုးရေးသည် ရုပ်လုံးကြွပီပြင်လာမည်ဖြစ်သည်။ ။

# ကျောက်ထုမြို့တွင် ဓာတ်အားစနစ်ဖြင့် ၂၄ နာရီ လျှပ်စစ်မီးလင်းပြီ

**ကျောက်ထု ဖေဖော်ဝါရီ ၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဆင်းရဲမှုလျှော့ချရေးအတွက် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ဆောင်ရွက်ရေးစီမံကိန်းအဆင့်(၁)၊ JICA ODA Loan (Regional Development Project For Poverty Reduction Phase – I) ဖြင့် ကျောက်ထုမြို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် (၆၆/၁၁)ကေဗွီ(၅)အမ်ဗွီအေဓာတ်အားခွဲရုံအား ဇန်နဝါရီ ၃၀ ရက် မွန်းတည့် ၁၂ နာရီက (၆၆)ကေဗွီပေါက်-ကျောက်ထုဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အား လက်ခံရယူကာ မွန်းလွဲ ၁၂ နာရီခွဲတွင် (၁၁)ကေဗွီလိုင်းများနှင့် မွန်းလွဲ ၂ နာရီခွဲတွင် (၁၁/၀.၄)ကေဗွီ (၂၀၀)ကေဗွီအေ ဓာတ်အားခွဲရုံ လေးရုံအား ဓာတ်အားပို့လွှတ်ခဲ့ပြီး ကျောက်ထုမြို့နယ်အတွင်း ဓာတ်အားစနစ်ဖြင့် စတင်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးခဲ့သည်။

ကျောက်ထုမြို့နယ်အတွင်း ယခင် (၃၀၀×၂)ကေဗွီအေဒီဇယ် ဓာတ်အားပေးစက်မှ ဓာတ်အားဖြန့်ဖြူးပေးစဉ် မီးသုံးသူဦးရေ ၅၁၈ ဦးရှိပြီး ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးပါက နောက်ထပ် မီတာအသစ်လျှောက်ထားသူ ၂၃၂ ဦး စုစုပေါင်း ၇၅၀ ထိ ဓာတ်အားတိုးတက်သုံးစွဲလာမည်ဖြစ်ပြီး ဆေးရုံတစ်ရုံ၊ စာသင်ကျောင်းသုံးကျောင်းနှင့် ဆက်သွယ်ရေးစခန်း သုံးခုအားလည်း ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ယခင်က ကျောက်ထုမြို့နယ်အတွင်း ဓာတ်အားသုံးစွဲသူများကို ဓာတ်အားပေးစက်ဖြင့် တစ်နေ့လျှင်အချိန် ၂ နာရီ မိနစ် ၄၀ ခန့်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ရာမှ ယခုအခါ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီး ဗို့အားအပြည့်အဝဖြင့် ဓာတ်အားပြတ်တောက်မှုနည်းပါးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာတော့မည်ဖြစ်သဖြင့် ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာရှိလျက်ရှိကြောင်း သိရသည်။

ကျောက်ထုမြို့တွင် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် စက်အားဖြင့် လျှပ်စစ်မီးစတင်ရရှိခဲ့ရာမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် မဟာဓာတ်အားလိုင်းမှ အချိန်ပြည့်လျှပ်စစ်မီးရရှိမှုအပေါ် လျှပ်စစ်မီးကော်မတီအတွင်းရေးမှူး ဦးမြင့်ဟန်က "အင်မတန်အားရကျေနပ်ပါတယ်။ အလင်းရောင်အတွက်သာမက ဆက်စပ်လုပ်ငန်းတွေလည်း ဆောင်ရွက်နိုင်ပြီဖြစ်လို့ ဒေသဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်"ဟု ပြောသည်။

**သန်းနိုင်ဦး(ငဖဲ)**

❐



# မိမိစက်ရုံ၏ ထုတ်ကုန်ပစ္စည်းများ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် တပ်မတော်မိုးရေကာဖျင်စက်ရုံနှင့် ဖိနပ်စက်ရုံ (လှိုင်းတက်)တို့သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ကုန်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်မြေပြင်တွင်လည်းကောင်း၊ လုပ်ငန်းခွင်တွင်လည်းကောင်း လက်တွေ့သုံးစွဲရာတွင် တွေ့ရှိရသည့် အားသာချက်၊ အားနည်းချက်များကို အခြားသော ပြည်တွင်းပြည်ပ ထုတ်ကုန်ပစ္စည်းများနှင့် နှိုင်းယှဉ်သုံးသပ်ဖော်ထုတ်၍ မိမိစက်ရုံ၏ ထုတ်ကုန်ပစ္စည်းများ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ရေး၊ သုံးစွဲသူများ ပိုမို၍ သက်သောင့်သက်သာရှိစေရေး အမြဲမပြတ် ဆန်းစစ်ပြင်ဆင်ဆောင်ရွက်သွားရန်၊ ၎င်းအပြင် ကျောင်းသုံးကျောပိုးအိတ်၊ ဖိနပ်၊ ဦးထုပ်၊ ခါးပတ် စသည်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထု မဖြစ်မနေ အသုံးပြုနေရသည့် အသုံးအဆောင်ပစ္စည်းများကိုပါ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး သုတေသနပြုလုပ်၍ ကြိုးစားလုပ်ဆောင်ရန်၊ မိမိစက်ရုံ၏ စက်စွမ်းအားပြည့် လည်ပတ်၍ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းဖြင့် ယင်းအသုံးအဆောင်ပစ္စည်းများ ပြည်ပမှ ဝယ်ယူသုံးစွဲရခြင်းကြောင့် နိုင်ငံခြားငွေသုံးစွဲရမှု ပမာဏကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်သည်အထိ အထောက်အကူဖြစ်စေရေး မျှော်မှန်းလုပ်ဆောင်ရန်၊ စက်ရုံဝန်ထမ်းများ၏ သက်သာချောင်ချိမှုကို ထိရောက်စွာ လုပ်ဆောင်နိုင်မည့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် တပ်မတော်သုံး ချပ်ဝတ်တန်ဆာ အသုံးအဆောင်ပစ္စည်းများနှင့် စက်ရုံမှ ထုတ်လုပ်သည့် ဖိနပ်အမျိုးမျိုးတို့အား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုးရေကာဖျင်စက်ရုံအတွင်းရှိ ရက်ကန်းဌာနနှင့် ချပ်ဝတ်တန်ဆာဌာနတို့အတွင်း



တပ်မတော်သုံး ချပ်ဝတ်တန်ဆာပစ္စည်းများ ထုတ်လုပ်နေမှုနှင့် ဖိနပ်စက်ရုံအတွင်း ဖိနပ်ထုတ်လုပ်နေမှုအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဦးမြင့်လွင်**

**ဦးခင်မောင်လွင်**

**ဦးတင့်လွင်**

**❑ ပုဇွန်တောင်မြို့နယ်မှ**
တွေ့ဆုံပြီး (၅၂) လမ်းကို ညဈေးလုပ်ပေးဖို့ မြို့တော်ဝန်ကို အဆိုပြုတင်ပြပါတယ်။ မြို့တော်ဝန်က လမ်းကိုပြင်ပေးမယ်။ ခတ်တိုင်တွေစိုက်ပေးမယ်။ ရေလွှတ်ပေးမယ်၊ နောက်တစ်ခါ အိမ်သာပါလုပ်ပေးမယ်လို့ပြောပါတယ်။ အဲဒီကစပြီး ဒီလိုအခင်းအကျင်းတွေနဲ့ အခုလို ဖြစ်သွားတယ်။ ပုဇွန်တောင်မြို့နယ်အတွင်း နေထိုင်သူတွေကလည်း သဘောကျကြပါတယ်။ ဒီလိုမြို့လယ်ကောင်ကြီးမှာ ဒီလိုရှုပ်ထွေးပြီး အသုံးမဲ့ဖြစ်နေတာကနေ အသုံးဝင်အောင်လုပ်လိုက်တဲ့အတွက် ဝမ်းသာနေကြတယ်။ ဈေးတန်းဖွင့်ဖို့ ဒီရက်ပိုင်းအတွင်း မှန်းထားပါတယ်။ မြို့ဖွံ့ဖြိုးရေးကိစ္စလည်းလုပ်နေရတယ်။ ဆိုင်ခန်း ၁၈၀ လောက် ယေဘုယျမှန်းထားပါတယ်။ စင်ကာပူ သံအမတ်ကြီးကလည်း ကူညီမယ်လို့ ပြောတယ်။ ဆိုင်တွေက နံနက် ၆ နာရီကနေ နံနက် ၁၁ နာရီထိ၊ ညနေ ၃ နာရီကနေ ည ၁၁ နာရီအထိအဆိုင်း နှစ်ဆိုင်းသွားမယ်။ ပေးသင့်တဲ့ အခွန်အခတွေပေးရမယ်။ ဘယ်လို စီမံခန့်ခွဲမလဲဆိုတော့ ရန်ကုန်မြို့တော် စည်ပင်သာယာဈေးများဌာနကနေ ပညာယူပြီးလုပ်ပါမယ်။ အစားအသောက်ချည်း သီးသန့်မလုပ်ဘူး၊ ကုန်စိမ်းလည်း ပါမယ်။ နံနက်ခင်းဆို ကုန်စိမ်း၊ သားငါးပါမယ်။ ညနေဆိုရင် အစားအသောက်လည်းပါမယ်။ နှစ်ခုတောင်ဖြစ်ပါမယ်။ ဈေးကိုစည်ကားစေချင်ပါတယ်။

**ဦးခင်မောင်ဝင်း**
**ပုဇွန်တောင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်**
ဒီ(၅၂)လမ်းက ညဈေးတင်မကဘူး နံနက်ဈေးတန်းလည်းရှိတယ်။ နံနက်ကိုတော့ ဟင်းသီးဟင်းရွက်၊ သားငါးရောင်းမယ့်ဈေးသည်တွေကို ရောင်းချခွင့်ပေးပါမယ်။ ဘာကြောင့်လဲဆိုတော့ မြို့နယ်အချို့မှာ လမ်းသူလမ်းသားတွေနဲ့ ဈေးသည်တွေ အဆင်မပြေတာတွေရှိတယ်။ အဲဒီဈေးသည်တွေကို နေရာပေးပြီး သူတို့လည်း ရောင်း၊ ရပ်ကွက်ပြည်သူတွေလည်းအဆင်ပြေအောင် ဒီနေရာမှာ လာရောင်းရင် အားလုံးအဆင်ပြေသွားမယ်။ ဘယ်လိုစီစဉ်လဲဆိုတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကိုလည်း ရပ်ကွက်လမ်းမတန်းက ဈေးသည်တွေ၊ ဗိုလ်တထောင်ဘုရားလမ်းတို့ ဗိုလ်မြတ်ထွန်းလမ်းတို့မှာရှိတဲ့ ဈေးသည်တွေကို စာရင်းကောက်စေတယ်။ စာရင်းကောက်ပြီး စည်ပင်သာယာလည်းစာရင်းယူတယ်။ လွှတ်တော်ကိုယ်စားလှယ်ရုံးအဖွဲ့နဲ့ ပူးပေါင်းပြီး စာရင်းကောက်ယူပြီး တကယ်ဈေးရောင်းမယ့်သူတွေကို မဲစနစ်နဲ့ နေရာချထားပေးဖို့ စီစဉ်ထားပါတယ်။

**ဦးတင့်လွင်**
**ပုဇွန်တောင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်**
ဈေးအကျယ်အဝန်းကိုတော့ အတိအကျ မပြောနိုင်သေးပါဘူး။ဈေးတန်းကိုတော့ အမှတ်မထင် ဒီနေရာကိုတွေ့လိုက်ရတာ။ပုဇွန်တောင်မြို့နယ်က သန့်ရှင်းရေးမှာ ပိုင်းလော့စီမံကိန်းအနေနဲ့ နောက်ဖေးလမ်းကြားသန့်ရှင်းတယ်။ ပြည်သူတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ညှိတဲ့အခါ လမ်းပိတ်ဆို့မှု ပြဿနာ၊ လမ်းဘေးဈေးရောင်းပြဿနာတွေ တွေ့ရတယ်။ တချို့လမ်းတွေမှာ နံနက်ပိုင်းဈေးသည်တွေ လာရောက် ရောင်းချတယ်။ ကားတွေအဝင်အထွက် အခက်အခဲဖြစ်တယ်။ အဲဒါတွေတင်ပြတယ်။ညဈေးတန်းစီမံကိန်းမှာ လွှတ်တော်ကိုယ်စားလှယ်တွေ တိုင်ပင်ပြီးတော့ ဒီနေရာကိုရွေးပြီးဈေးသည်တွေအတွက် ဈေးရောင်းဖို့ နေရာရှာပေးတာပါ။ ဒါကတော့ ပထမစီမံကိန်းဖြစ်ပါတယ်။မြို့နယ်ဖွံ့ဖြိုးရေးဆောင်ရွက်သွားဖို့ စိတ်ကူးရှိတယ်။ဈေးရောင်းတဲ့နေရာကိုလည်း ဖန်တီးပေးမှ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေပြီး ယာဉ်ကြောပြဿနာရှင်းနိုင်မယ်။ (၅၂) လမ်းက ဗိုလ်ချုပ်လမ်းကိုလည်းရောက်တယ်။ ဗိုလ်တထောင်ဘုရားလမ်းကိုလည်း ရောက်တယ်။ ဈေးရောင်းရအောင် ရေတိုင်ကီတွေကိုလည်း ဆင်ပေးပြီးပါပြီ။ အိမ်သာတွေလည်း ဆင်ပေးတယ်။ မီးလည်းဆင်ပေးပြီးပြီ။ မြို့တော်နေ ပြည်သူတွေ အလုပ်အကိုင် အခွင့်အလမ်း ရရှိအောင် ဖန်တီးပေးခြင်းဖြစ်ပါတယ်။

**သတင်းအင်တာဗျူး- ရီရီမြင့်ဥမ္မာသန့်**
**ဓာတ်ပုံ-ရီရီသန့်**
❑

## မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ဖိတ်ခေါ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**
မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပမည့် ၂၀၁၇ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြိမ် (၂၀) မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ်အသုံးပြုရန်အတွက် ဆောင်ပုဒ် (၅)ခု ရွေးချယ်မည်ဖြစ်ပါ၍ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်။

(၁) တစ်ဦးလျှင် ဆောင်ပုဒ် (၂) ခုစီ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(၂) ဆောင်ပုဒ် (၁) ခုချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာ- ဖြင့် ယှဉ်ပြိုင်ရမည်။
(၃) မြန်မာဘာသာအတွက် Font size- 13, Myanmar-3 ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size -12, Myanmar -3 ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည် ဖြစ်သည်။
(၄) ပြိုင်ပွဲဝင် ဆောင်ပုဒ်များအား ၁၃-၂-၂၀၁၇ ရက်နေ့အရောက် ပေးပို့ ယှဉ်ပြိုင်ရမည်။
(၅) ဆောင်ပုဒ်ယှဉ်ပြိုင်သူများသည် Fax ၀၆၇ - ၄၁၂၅၄၄ နှင့် Email ccdacpm@gmail.com သို့ ပေးပို့ရမည်။
(၆) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ နေရပ်လိပ်စာ ပြည့်စုံစွာပါရှိရမည်။

မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေး တာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
**(မူးယစ်ဗဟို)**

## မန္တလေးတောင်ပန်းချီပြခန်း ပြခန်းအဖွဲ့ဝင်ပန်းချီဆရာများ စုပေါင်းပန်းချီပြပွဲပြုလုပ်

**မန္တလေး ဖေဖော်ဝါရီ ၁**
မန္တလေးတောင်ပန်းချီပြခန်း ပြခန်းအဖွဲ့ဝင်ပန်းချီဆရာများ၏ စုပေါင်းပန်းချီပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက အဆိုပါ ပြခန်း၌ ဖွင့်လှစ်သည်။

ပြခန်းအဖွဲ့ဝင်ပန်းချီဆရာ ၂၄ ဦး၏ ပန်းချီကား ၈၀ ကျော်ကိုပြသထားပြီး ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် လက်ရာစုံကို ဖေဖော်ဝါရီ ၉ ရက်ထိ ပြသသွားမည်ဖြစ်သည်။

ပြခန်းအဖွဲ့ဝင်ပန်းချီဆရာများ၏ စုပေါင်းပန်းချီပြပွဲကို ဆောင်းရာသီပြပွဲအဖြစ် ၂၀၁၅ ခုနှစ်မှစတင် ပြသခဲ့ရာ ယခုပွဲသည် တတိယအကြိမ်စုပေါင်းပန်းချီပြပွဲဖြစ်ကြောင်း သိရသည်။ **(ဝဝ၂)**

**ဒို့ညီနောင်ထု တည်ထောင်ပြု ပြည်ထောင်စုနေ့ ဒို့မမေ့။**



**ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအသီးသီး၌ ဧပြီ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးနိုင်သည့် မဲဆန္ဒရှင်စာရင်းများကို ဖေဖော်ဝါရီ ၁ ရက်က ထုတ်ပြန်ကြော်ငြာထားစဉ်။** (ရွှေတိုင်လွင်)

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၁**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၁၇ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁) စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကားပြောကြားရာ မတ် ၁၂ ရက်တွင် နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်ပရိဝုဏ်အတွင်းရှိ သာသနဗိမာန်တော်ကြီး၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားများ ကျင်းပမည်ဖြစ်ကြောင်း၊ အခမ်းအနားသို့ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၆၆ပါး၊ သီလရှင် ကိုးပါး၊ လူပုဂ္ဂိုလ် ၂၉ ဦးတို့ကို ဘွဲ့တံဆိပ် ဆက်ကပ်ချီးမြှင့်မည်ဖြစ်ကြောင်း၊ အခမ်းအနားများ ချောမွေ့အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ အသီးသီးတို့က ကုသိုလ်ယူပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက်အစည်းအဝေးတက်ရောက်လာကြသော သက်ဆိုင်ရာဆပ်ကော်မတီအသီးသီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၁၇ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကို သက်ဆိုင်ရာဆပ်ကော်မတီများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားကြရန် နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဘုန်းတော်ကြီးနှင့် သီလရှင် ပညာရေးကျောင်းများသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁**
Greater Mekong Initiative ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေး၏ဇနီး Mrs. Akie Abe နှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက်ရှိ မြို့ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ သွားရောက်ပြီး အလှူငွေနှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်းကြသည်။

ထို့နောက် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ဇနီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မေတ္တာရောင်ခြည် သီလရှင်သင် ပညာရေးကျောင်း၊ သန်လျင်မြို့နယ်ရှိ သဒ္ဓမ္မဇောတိကာရုံ ရွှေကျင်ကျောင်းတိုက်ရှိ ရွှေကျင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သီတဂူသာသနာပြုကောလိပ်ရှိ ဓမ္မဒီပ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ဒဂုံမြို့နယ်ရှိ မေရီချက်(ပ်)မင်း နားမကြားသောကလေးများ ကျောင်းများသို့ သွားရောက်ကြပြီး အလှူငွေနှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**



# အပြည်ပြည်ဆိုင်ရာစာချုပ်နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာဗဟိုဌာန (Centre for Civil and Political Rights- CCPR)တို့ ပူးပေါင်း၍ အရပ်ဘက်နှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ ဘာသာရပ်ဆိုင်ရာအရာရှိများနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီအဖွဲ့ဟောင်း Mr. Krister Thelin က စာချုပ်တွင် ပါဝင်သော တာဝန်ဝတ္တရားများနှင့်စပ်လျဉ်းသည့် ၎င်း၏အတွေ့အကြုံများနှင့် ဗဟုသုတများအား တက်ရောက်လာကြသည့်ကိုယ်စားလှယ်များနှင့် အပြန်အလှန်ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

○

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းနှစ်မျိုးသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း (မာကျူရီ) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန် မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | QL (QIAN LI) Te Xiao Mei Qu Ban Tao Zhuang (A+B) | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (++) |
| ၂။ | GARNIBO Whitening Dispel Spot (7 Days Withing Dispel Sports Cream) | Thailand Garnibo International Cosmetics Co., Ltd. | Mercury (++) |

၃။ အဆိပ်သင့်ဓာတုပစ္စည်းမာကျူရီ(ပြဒါး)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်းကြေညာထားသည့် အလှကုန်ပစ္စည်းများတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကိုကျင့်ဝတ်(Ethic) အရလုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

### ○ ကျောဖုံးမှ

ပွဲစဉ်(၃)အပြီးတွင် ရန်ကုန်နှင့် ရတနာပုံအသင်းတို့က ခုနစ်မှတ်စီ၊ ဇွဲကပင်နှင့် ရှမ်းယူနိုက်တက်အသင်းတို့က ခြောက်မှတ်စီ၊ ချင်းယူနိုက်တက် နေပြည်တော်နှင့် ဧရာဝတီအသင်းတို့က လေးမှတ်စီ၊ ရခိုင်အသင်းက သုံးမှတ်၊ ဟံသာဝတီနှင့် Southern အသင်းတို့က နှစ်မှတ်စီ၊ GFA နှင့် မကွေးအသင်းတို့က တစ်မှတ်စီရထားသည်။

ယခုတစ်ပတ်ပွဲစဉ်များတွင် အဓိက ပွဲစဉ်အဖြစ် ဧရာဝတီနှင့် ရတနာပုံအသင်းတို့တွေ့ဆုံနေပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းကို လိုက်လံဖိအားပေးနိုင်ရန် ယခုပွဲတွင် အမှတ်ပြည့်ရရန် လိုအပ်နေသည်။ ၂၀၁၆ ရာသီ တွေ့ဆုံစဉ်က ရတနာပုံအသင်းသည် ဧရာဝတီအသင်းကို အဝေးကွင်းတွင် အနိုင်ကစားထားပြီး ယခုပွဲတွင် ရလဒ်ကောင်းရရှိရန် ကြိုးပမ်းမှာသေချာသည်။ ဧရာဝတီအသင်းတွင် အမာခံကစားသမားအချို့ ပွဲချော်ဖွယ်ရှိနေပြီး အဓိက ကစားသမားများ မပါနိုင်ပါက ရှုန်းကန်ရဖွယ်ရှိနေသည်။ ထိပ်ဆုံးမှ ရန်ကုန်အသင်းသည် နိုင်ပွဲမရသေးသည့် Southern နှင့် ကစားရမည်ဖြစ်ပြီး ဇယားအောက်ဆုံးရောက်နေသည့် မကွေးအသင်းမှာမူ နေပြည်တော်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။ နာမည်ကြီး ရှမ်းယူနိုက်တက်အသင်းမှာမူ ချင်းယူနိုက်တက်နှင့် ပွဲကျပ်ထပ်မံကစားရမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ**
**ရှိုင်းထက်ဖော်**

### ❖ တူရကီမှ

စနစ်တကျဖြန့်ဖြူးပေးနေပါတယ်။ ဒီနေ့အထိ ဆန်အိတ် ၃၇၈၈ အိတ်ဖြန့်ဖြူးပေးပြီးသွားပါပြီ”ဟု ဆိုသည်။

တူရကီနိုင်ငံအနေဖြင့် မောင်တောဒေသအတွက် ဒုတိယအကြိမ် ဆန်အိတ်များ ဆက်လက်လှူဒါန်းခဲ့ကြောင်းလည်း သိရသည်။

“မနေ့က တူရကီနိုင်ငံက ဒုတိယအကြိမ်လှူဒါန်းတဲ့ ဆန်အိတ် ၆၀၀ မောင်တောမြို့ကို ရောက်ပါတယ်။ ဒီနေ့လည်း ဆန်အိတ် ၃၇၅ အိတ်ထပ်မံရောက်ရှိပါတယ်။ ခရိုင်အုပ်ချုပ်ရေးမှူးရဲ့ ညွှန်ကြားချက်နဲ့အညီ စနစ်တကျစုပုံပြီး နှစ်ဖက်လူ့အသိုက်အဝန်းတွေကို ဆက်လက်ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။ ဒီနေ့ရောက် မနက်ဖြန်ပို့စနစ်နဲ့ သွက်သွက်လက်လက် မြန်မြန်ဆန်ဆန် ဖြန့်ဖြူးပေးနေပါတယ်”ဟု အဆိုပါဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးက ပြောသည်။

**မင်းမင်းဇော် (သတင်းစဉ်)**
**ဓာတ်ပုံ - ဇော်ဇော်**

### ❁ မန်းရွှေစက်တော်ရာမှ

ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ပေးပြီး တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် လှူဒါန်းမှု အစုစုအတွက် အနုမောဒနာတရား နာယူ၍ ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိတ်ရွတ်ဆို၍ အခမ်းအနားကိုရုပ်သိမ်းကာ ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက်(၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၅ ရက်)မှ ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်း ၁ ရက်)ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-သန်းနိုင်ဦး(ငဖဲ)၊**
**ဓာတ်ပုံ - မေသူလွင်(မကွေးကိုယ်ပွား)**

❒

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Dr. Nikolay Listopadov သည် ဇန်နဝါရီ ၃၁ ရက် မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်းရှိ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်သွားမည့် အစီအမံများ၊ ရခိုင်ပြည်နယ် မောင်တောဒေသ၏ လက်ရှိ တည်ငြိမ်အေးချမ်းမှုနှင့် နှစ်ဖက်လူ့အဖွဲ့အစည်း အတူလက်တွဲ နေထိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများ၊ လူသားချင်း စာနာထောက်ထားမှု အကူအညီများထောက်ပံ့နေမှုများနှင့် လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် များစွာအထောက်အကူဖြစ်စေနိုင်သည့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့အစည်းများအတွက် စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးရည်ရွယ်၍ အခြေခံအဆောက်အအုံများ ဆောက်လုပ်ပေးနေမှု၊ စားနပ်ရိက္ခာများထောက်ပံ့ပေးနေမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် လတ်တလောလိုအပ်ချက်များအတွက် ထောက်ပံ့ကူညီပေးနေမှုအခြေအနေများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံ၊ ကဏ္ဍစုံမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုများနှင့် နှစ်နိုင်ငံ ဆက်လက်ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ရမည်းသင်းမြို့နယ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျေးရွာလျှပ်စစ်မီးလင်းရေး လုပ်ငန်းများ စတင်ဆောင်ရွက်

**ရမည်းသင်း ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးခွင့်ပြုရန်ပုံငွေ ၁၂၅ ဒသမ ၉၀၉ ကျပ်သန်း အကုန်အကျခံ၍ ကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများဖြစ်သည့် ကင်မွန်းခြံရွာမှ အင်ပင်ကြီးရွာ 11 KVA ဓာတ်အားလိုင်း ၃ ဒသမ ၄၂ မိုင် (၇၁ ဒသမ၂၁၁ ကျပ်သန်း)၊ အင်ပင်ကြီးရွာ 315 KVA ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်း(၁၅ ဒသမ ၃၉၄ ကျပ်သန်း)၊ အင်းကုန်းကျေးရွာ 315 KVA ထရန်စဖော်မာ တစ်လုံးနှင့် 11 KVA ဓာတ်အားလိုင်း သုည ဒသမ ၂၂ မိုင် တည်ဆောက်ခြင်း (၁၉ ဒသမ ၈၅၇ ကျပ်သန်း)၊ အလယ်ကုန်းကျေးရွာ 200 KVA ထရန်စဖော်မာ နှစ်လုံးတည်ဆောက်ခြင်း (၁၉ ဒသမ ၄၄၇ ကျပ်သန်း) ခွင့်ပြုရန်ပုံငွေများမှ ၅၀ ရာခိုင်နှုန်း ၆၂ ဒသမ ၉၅၄၅ ကျပ်သန်း ပထမအရစ်ကို ဇန်နဝါရီ ၁၈ ရက်တွင် ကျေးရွာလျှပ်စစ်မီးလင်းရေးဥက္ကဋ္ဌ ဦးအောင်မျိုးဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ကော်မတီအဖွဲ့မှထုတ်ယူ၍ ရမည်းသင်းစီးပွားရေးဘဏ်သို့ ငွေများအပ်နှံ၍ ၎င်းကျေးရွာများသို့ ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဦး၊ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးမင်းဝင်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးညွန့်ဝင်းတို့ကွင်းဆင်း၍ ထရန်စဖော်မာနေရာများသတ်မှတ်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းဓာတ်တိုင်များ စိုက်ထူခြင်းလုပ်ငန်းများကို သွားရောက်စစ်ဆေးကြပြီး လုပ်ငန်းများ (၂)လပိုင်းအကုန် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **တင်ဦး(ရမည်းသင်း)**



**ငြိမ်းချမ်း ချစ်ကြည်၊ တွဲလက်ညီ ပြည်ထောင်စုသား သွေးချင်းများ။**

# မူလတန်းအဆင့်ပုံပြောပြိုင်ပွဲ ဘီးလင်း၌ ကျင်းပ

**ဘီးလင်း ဖေဖော်ဝါရီ ၁**

ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပညာရေးဌာနနှင့်ပူးပေါင်း၍ ဇန်နဝါရီ ၂၇ ရက်က မြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်၌ ပုံပြောပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သူဇာအောင်က ပြိုင်ပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အမှတ်ပေးဒိုင်တစ်ဦးဖြစ်သူဦးမောင်မောင် မြို့နယ်ပညာရေးမှူး(ငြိမ်း)က အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုံပြောပြိုင်ပွဲကိုကျင်းပရာ မြို့ပေါ်ရပ်ကွက် အခြေခံပညာကျောင်း ၁၀ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် အထက ဘီးလင်း စတုတ္ထတန်းမှ မောင်တိမ်ယံထက်က ပထမ၊ အမက(၄) တတိယတန်းမှ မအိသုခဆင့်က ဒုတိယ၊ အမက (၃) စတုတ္ထတန်းမှ မဝါဝါရွှေက တတိယ၊ အမက(၂) ကန်သာယာ တတိယတန်းမှ မသံလွင်မေနှင့် အမက မြို့သစ် စတုတ္ထတန်းမှ မဆည်းဆာဖြူတို့က နှစ်သိမ့်ဆုများရရှိခဲ့ကြရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ မြို့နယ်(ပြန်/ဆက်)

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ဇန်နဝါရီ ၂၄ ရက်မှ ဇန်နဝါရီ ၃၁ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း ထုတ်ဝေသည့်တိုက် |
|---|---|---|---|
| ၁ | အေဖန့်ဖန့် | ရှင်မဟာသီ | ၁၅၀၀ိ/-ဝါးလည်စာပေ |
| ၂ | လင်းနိုင်ဦး | ပြည့်တန်ဆာနှင့် ညများ | ၂၀၀၀ိ/-ဝါးလည်စာပေ |
| ၃ | အောင်သူရ | ကဗျာ၏ရှိမှုဗေတပ်စ်များ၏ ပညတ်တော်ဆယ်ပါး | ၄၀၀၀ိ/-ဝါးလည်စာပေ |
| ၄ | မာရင်ရင် | ပျော်ရွှင်ခြင်းတံခါးပေါက် | ၃၀၀၀ိ/-Book Street |
| ၅ | ဒေါက်တာလွှမ်းမိုးဟန် | ဘုရင်ကြီး၏ဘယ်ဘက်လက် | ၂၅၀၀ိ/-MMA Publishing House |
| ၆ | အေးကျော်မင်း | အလေးထားစရာမြန်မာစာ(စာလုံးပေါင်း သတ်ပုံ၊သဒ္ဒါရေးထုံးဆိုင်ရာဆန်းစစ်ချက်များ) | ၂၀၀၀ိ/-Wisdom House |
| ၇ | ငြိမ်းကျော် | မြောက်ပြန်လေတွင်တင်သောကမ္ဗည်း | ၂၄၀၀ိ/-ကံ့ကော်ဝတ်ရည်စာပေ |
| ၈ | ဆရာဦးခန့်ကျော် | ကမ္ဘာကျော်အရှေ့တိုင်းတရုတ်ဂမ္ဘီရဝေဒ ပညာနှင့် အနောက်တိုင်းနက္ခတ္တဗေဒပညာ | ၁၀၀၀ိ/-ခန့်ကျော်စာပေ |
| ၉ | ပြေဇော်၊ မင်းနွယ်သွေး | အဝါရောင်သီချင်း(ကဗျာတင်ဆက်မှု) | ၁၅၀၀ိ/-ချန့်ချန်စာပေ |
| ၁၀ | သုတေသီမောင်မောင် | စူဠသောတာပန်လက်စွဲ | ၂၀၀၀ိ/-ချမ်းသာစာပေ |
| ၁၁ | ဆောင်းဖြူ | စာဖတ်နာသူကြီးနှင့်အခြားဝတ္ထုတိုများ | ၂၀၀၀ိ/-စံပယ်စာပေ |
| ၁၂ | ဒေါက်တာမြတ်ကလျာ | ဘာသာပြန်ခြင်းအနုပညာ | ၂၀၀၀ိ/-စွယ်တော်စာပေ |
| ၁၃ | ခင်ဆွေဦး | ပုလဲငုံ | ၃၅၀၀ိ/-စာပေခရီးသွားစာပေ |
| ၁၄ | စန္ဒီ(Artist) | လင်းလက်အစွမ်းထက်သဘာဝ ကျောက်မျက်များ | ၉၀၀၀ိ/-စာပေနန်းတော်စာပေ |
| ၁၅ | အောင်အေး | Apple ကုမ္ပဏီရဲ့ငွေရှာနည်းဗျူဟာ | ၁၅၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၁၆ | မြတ်ငြိမ်း | ပွဲကျပ်လျှင် ဖွဲခတ်သူတွေနိုင်စမြဲ | ၁၈၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၁၇ | ဒေါက်တာ လွဏ်းဆွေ | ရသစုံမဂ္ဂဇင်း | ၂၅၀၀ိ/-ဆန်းစသော်တာစာပေ |
| ၁၈ | ငြိမ်းကျော် | ပဥ္စမမြောက်သမ္မာကျမ်းစာသစ်၏ အမိန့်တော်ပြန်တမ်း | ၂၇၀၀ိ/-စိတ်ကူးချိုချို |
| ၁၉ | ကိုဖိုးအေး(မြန်မာအသံ) | ကျေးလက်လယ်ယာတေးသံသာ | ၂၀၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၂၀ | မောင်ဝေဟင် | ခွန်အားပေးသောအတွေးများ | ၁၀၀၀ိ/-စိုးစံစာပေ |
| ၂၁ | လွန်းအောင်ကြင် | ခိုင်ကြည်နှင်းဆီ | ၂၅၀၀ိ/-ဆန်းစသော်တာစာပေ |
| ၂၂ | မောင်သာချို | ပင်လယ်ဝသို့လှေကလေးနဲ့ထွက်ခဲ့ | ၂၀၀၀ိ/-ဇွန်ပွင့်စာပေ |
| ၂၃ | ချစ်မင်းသူ | ကကြိုးရုပ်ချစ်သူ့ဝိဉာဉ် (ကိုယ်တွေ့ဂမ္ဘီရဝတ္ထုတိုများ) | ၁၅၀၀ိ/-ညီမေတ္တာစာပေ |
| ၂၄ | ဒေါက်တာအုန်းကျော် | အစွန်းရောက်များနှင့်ကျွန်တော် | ၂၅၀၀ိ/-တံခွန်တိုင်စာပေ |
| ၂၅ | ဒေါက်တာအောင်ခင် | မြန်မာ့နိုင်ငံရေးအတွေးအခေါ် | ၁၅၀၀ိ/-တိုးမြစ်စာပေ |
| ၂၆ | ဒေါက်တာခင်စန်းမော် | စီးပွားရေးတစ်ခုမှရသောသင်ခန်းစာ ၉၉ ချက် | ၃၅၀၀ိ/-တူးဒေးစာပေ |
| ၂၇ | မေတ္တာရှင်(ရွှေပြည်သာ) | အကောင်းဆုံးလူနှင့် အဆိုးဆုံးလူ | ၂၅၀၀ိ/-နဂါးပျံစာပေ |
| ၂၈ | အတ္တကျော် | ပြောလည်းပြောချင်တယ် ပြောလည်းမပြောရဲဘူး(မတီးမမြည်စာစုများ) | ၂၅၀၀ိ/-နန်းဒေဝီစာပေ |
| ၂၉ | ညီညီ(ဘော်တွင်း) | လောကချမ်းသာမည်သို့ရှာအံ့နှင့် အခြားဆောင်းပါးများ | ၂၅၀၀ိ/-နန်းဒေဝီစာပေ |
| ၃၀ | မြဝင်း(ဒဿန) | ကဗျာလည်းသင် စာလည်းသင် | ၃၀၀၀ိ/-ပဒ္မဂံစာပေ |
| ၃၁ | Khin Myo Chit | QUEST FOR PEACE | ၄၀၀၀ိ/-ပါရမီစာပေ |
| ၃၂ | | ဓမ္မနီတိ | ၂၀၀၀ိ/-ပါရမီစာပေ |
| ၃၃ | ကျော်လွင်(လွင်ဦး) | ဂျေကေရိုးလင်းနှင့်ဟယ်ရီပေါ်တာ | ၂၅၀၀ိ/-ဘီလူးချောင်းစာပေ |
| ၃၄ | နေလင်းဝင်း | Topic specific Vocabulary (ခေါင်းစဉ်အထူးပြုဝေါဟာရအစု) | ၂၀၀၀ိ/-မဇ္ဈိမစာပေ |
| ၃၅ | ခင်လှိုင်ကြိုင် | လှိုင်းပုတ်သည့်လှေနှင့် မဂ္ဂဇင်းဝတ္ထုရှည်များ | ၃၀၀၀ိ/-Wisdom House |
| ၃၆ | မောင်တင်ဆင့် | လက်ရွေးစင်ဝတ္ထုတို-၅၀(အတွဲ-၁) | ၃၀၀၀ိ/-စံပယ်စာပေ |
| ၃၇ | မြတ်ငြိမ်း | မြိုင် | ၆၅၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၃၈ | အောင်နိုင်သူအယ်ဒီတာအဖွဲ့ | ကျောင်းသားတို့အတွက် အင်္ဂလိပ်စာ သိမှတ်စရာနှင့် အောင်မြင်ရေးအတွေးစကားများ | ၂၀၀၀ိ/-မဇ္ဈိမစာပေ |
| ၃၉ | မင်းနိုင်ထွန်း | ကမ္ဘာတစ်ခု စနစ်နှစ်ခု (၂) | ၃၀၀၀ိ/-မိုးလုံးမှိုင်းစာပေ |
| ၄၀ | ဟိန်းတင့်ဇော် | အောင်မြင်ကျော်ကြား အစီအရင်များ | ၅၀၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၄၁ | ပါမောက္ခဒေါက်တာထွန်းလင်း (ဘုတလင်) | ကန္တာရခရီးလမ်းက ဂမ္ဘီရခရီးသည် (ဖြစ်ရပ်မှန်) | ၃၀၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၄၂ | ပါမောက္ခဒေါက်တာထွန်းလင်း (ဘုတလင်) | သင့်လက္ခဏာကပြောသော သင့်မှာ အန္တရာယ်ရှိ/မရှိပြသမှုများ | ၂၅၀၀ိ/-မျိုးဆက်သစ်စာပေ |

**(ဆက်လက်ဖော်ပြပါမည်)**

# ဒီမိုကရက်တစ်ပါတီ (မြန်မာ)က
# ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　　ဖေဖော်ဝါရီ　　၁

**ဒီမိုကရက်တစ်ပါတီ(မြန်မာ) ဒုတိယဉက္ကဋ္ဌ ဦးတင်ဆွေက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



**လေးစားအပ်ပါသော နိုင်ငံသူ နိုင်ငံသားအပေါင်းတို့ခင်ဗျား-**

မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဒီနေရာမှနေပြီး နှုတ်ခွန်းဆက်သပါတယ်။

လာမယ့် ဧပြီလ (၁)ရက်နေ့တွင် ဒုတိယအကြိမ် လွှတ်တော်သက်တမ်း၏ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပါတော့မယ်။ ဒီမိုကရက်တစ်ပါတီ (မြန်မာ) မှ ရန်ကုန်တိုင်းဒေသကြီးတွင် လစ်လပ်လွှတ်တော်ကိုယ်စားလှယ် (၄)နေရာကို ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

ပါတီစုံဒီမိုကရေစီစနစ်ကို ယုံကြည်သူတွေဟာ ရွေးကောက်ပွဲတွေကို ဖြတ်သန်းကြရပါမယ်။ ဒီနေရာမှာ ရွေးကောက်ပွဲစနစ်တွေဟာလည်း အရေးကြီးလှပါတယ်။ ဒီမိုကရေစီရေချိန်ကို မြှင့်ချင်သူတွေဟာ လက်ရှိ ရွေးကောက်ပွဲစနစ်ကို ပြောင်းလဲဖို့လိုပါတယ်။ ကမ္ဘာမှာ ထင်ရှားတဲ့ စနစ်ကြီး နှစ်ခုကတော့ နိုင်သူအကုန်ယူစနစ်နဲ့ အချိုးကျကိုယ်စားပြုစနစ်ဆိုပြီး ရှိပါတယ်။ ရွေးကောက်ပွဲစနစ်မတူတာနဲ့အမျှ နိုင်ငံရေးသဟဇာတဖြစ်မှု၊ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု မတူညီပါဘူး။ ဒီမိုကရေစီနှုန်းစံလည်း ကွာခြားသွားပါတယ်။

ယနေ့ဆိုလျှင် ပါတီပေါင်း ၉၀ ကျော်ရှိရာ ပါတီတည်ထောင်သူ ခေါင်းဆောင်တိုင်းမှာ ကောင်းမွန်သော အတွေးအခေါ်များ၊ ထက်မြက်စူးရှသော အမြင်များ၊ မတူကွဲပြားတဲ့အရည်အချင်း ထူးခြားစွာပါဝင်လာကြပါတယ်။ ဘယ်ခေါင်းဆောင်မှ ခေါင်းအပိုမပါလာဘူး။ ဦးနှောက်အပိုလည်း ပါမလာပါဘူး။ စုပေါင်းခေါင်းဆောင်၊ စုပေါင်းအဖြေရှာဆောင်ရွက်မှသာ ပိုမိုကောင်းမွန်တဲ့ အဖြေများရရှိလာမှာ ဖြစ်ပါတယ်။

နိုင်ငံရေးပါတီတိုင်းမှာ မတူညီတဲ့အတွေးအခေါ်၊ အတွေ့အကြုံရင့်ကျက်သူတွေကို ရွေးကောက်ပွဲစနစ်ပုံစံ ပြောင်းလိုက်ရုံဖြင့် မြန်မာနိုင်ငံကြီးအတွက် ကောင်းမွန်၍ မတူညီသည့် အင်အားသစ်တွေ ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။ နိုင်ငံရေးယဉ်ကျေးမှုအသစ်တစ်ရပ်လည်း ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် သဘောထားအမြင်မှာ ကမ္ဘာပေါ်မှာ ဘယ်လိုဖွဲ့စည်းပုံအခြေခံဥပဒေမှ အနာဂတ်ကို ကြိုမမြင်နိုင်ပါဘူး။ ဒါကြောင့် သုံးမယ်၊ ပြင်မယ်၊ ဖျက်မယ်ဆိုသည့် မူအတိုင်း ဖြစ်ပါတယ်။

ပါတီရဲ့ မူသဘောမှာ - မိမိအကျိုးစီးပွားနှင့် ပါတီအကျိုးစီးပွားယှဉ်လျှင် ပါတီအကျိုးစီးပွားကို ဦးစားပေးပါ။ ပါတီအကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွား ယှဉ်လာလျှင် အမျိုးသားအကျိုးစီးပွားကို ဦးစားပေးပါ။ မူအရ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာရာတွင် ပါတီအကျိုးစီးပွားထက်၊ တစ်မျိုးသားလုံးရဲ့ အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး **သုံးမယ်၊ ပြင်မယ်၊ ဖျက်မယ်** မူအရ ဖြစ်ပါတယ်။ အများစံထားသည့် အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေသည်ပင်လျှင် (၂၇) ကြိမ်တိုင်အောင် ပြင်ခဲ့ပြီး ဖြစ်ပါတယ်။

**စီးပွားရေးမူဝါဒ**မှာ- လေးချောင်းထောက် စီးပွားရေးမူဝါဒဖြစ်ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကို ရယူခဲ့ကြသော ခေါင်းဆောင်ကြီးများဟာ မြန်မာပြည် ဒုတိယကမ္ဘာစစ်ကြီးဒဏ်နှင့် ပြည်တွင်းစစ်မီးကြီး လောင်မြိုက်ချိန်၊ ငြိမ်ဝပ်ပိပြားမှုအားနည်းနေချိန်မှာပင် စုပေါင်းဦးဆောင်၊ စုပေါင်းဆောင်ရွက်ပြီး ပြည်တွင်းလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များအား အလေးပေးဆက်ဆံပြီး ဆောင်ရွက်ခဲ့သဖြင့် အရှေ့တောင်အာရှမှာ ထိုင်း၊ စင်ကာပူတို့မှပင် နမူနာယူခဲ့ကြရပါတယ်။

အောင်မြင်မှုမှာ ဖခင်ပေါင်းတစ်ထောင်ရှိတယ်။ ဆုံးရှုံးမှုမှာ ဖခင်မဲ့ဆိုစကားရှိသဖြင့် ပြည်တွင်းအင်အားပြည်တွင်းမှာသာ ရှိဆိုသကဲ့သို့ ပြည်တွင်းလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များအား အားပေးတိုင်ပင်ပြီး ကျွန်တော်တို့ ဆောင်ရွက်ပါမယ်။

ကမ္ဘာ့စီးပွားရေးအင်အားဟာ အနောက်မှအရှေ့သို့ ရွှေ့လျားနေစဉ် ကျွန်တော်တို့နိုင်ငံသည် ကုန်သွယ်လမ်းကြောင်းရဲ့ အဓိကနေရာမှာ နေရာယူဖော်ဆောင်နိုင်လျှင် အာဆီယံမှာ ထိပ်ပြန်ရောက်နိုင်ပါတယ်။

**ပညာရေးနှင့် ကျန်းမာရေး** -ကျွန်တော်တို့ပါတီရဲ့ မူဝါဒမှာ အရွယ်ရောက်သူတိုင်း ပညာသင်ကြားခွင့်နှင့် ဝါသနာပါရာကို သင်ယူနိုင်စွမ်းရှိခွင့်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ အထက်တန်းကျောင်းနှင့် စက်မှုလက်မှု အထက်တန်းကျောင်းများကို တိုင်းနှင့် ပြည်နယ် ၁၄ ခုတွင် ပိုမိုဖွင့်လှစ်နိုင်ရေးနှင့် ကလေးသူငယ်မွေးဖွားနှုန်း တိုးတက်ရေး၊ ကလေးသူငယ်သေဆုံးမှု ကျဆင်းရေးကို ဦးစားပေးပါမယ်။

**လူမှုရေး** - ကလေး လေးယောက်နှင့်အထက်ရှိသော မိသားစုများ ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်ရေး ရန်ပုံငွေဖွင့်လှစ်ထားရှိခြင်း၊ သက်ကြီးရွယ်အိုနှင့် ခိုကိုးရာမဲ့၊ ကိုယ်ခန္ဓာမသန်စွမ်းသူများ၊ အလုပ်အကိုင်ဖန်တီးနိုင်ရေးတို့ ဖြစ်ပါတယ်။

**အလုပ်သမား၊ လယ်သမားကဏ္ဍ** - အလုပ်ရှင်လည်း ကြီးပွား၊ အလုပ်သမားလည်း ချမ်းသာ မူအရ၊ အများပိုင်ကုမ္ပဏီများနှင့် လုပ်ငန်းခွင်၌ အလုပ်သမားမှ အစုရှယ်ရာထည့်ပိုင်ခွင့်ရှိသောကုမ္ပဏီကို အခွန်စည်းကြပ်မှုလျှော့ပေါ့ရေးမူချမှတ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံတည်ထောင်သော လုပ်ငန်းရှင်များအား ဝန်ထမ်းအိမ်ရာစနစ်ပါသော စက်ရုံ၊ အလုပ်ရုံများအား ဦးစားပေးလုပ်ခွင့်ပြုခြင်း၊ တန်ဖိုးနည်းအိမ်ရာအစား အိမ်ငှားစနစ်ကို ဦးစားပေးချထားခြင်းစနစ်ကျင့်သုံးခြင်း၊ ဝန်ထမ်းအိမ်ရာစနစ် တိုးမြှင့်ခြင်း၊ အိမ်အကူအလုပ်သမားများအား တရားဝင်မှတ်ပုံတင်ပြုလုပ်၍ ငှားရမ်းရန်တို့ဖြစ်ပါတယ်။

**လယ်ယာကဏ္ဍ၌ လယ်လုပ်သူ** - လယ်ပိုင်ခွင့်ရှိစေရမည် မူအရ လယ်ယာမြေအငြင်းပွားမှုများအား တည်ဆဲဥပဒေများဖြင့် အခါမလွန်အောင် ဆုံးဖြတ်ပေးခြင်း၊ သီးနှံဈေးနှုန်းများအား နိုင်ငံတော်မှ စံအဖြစ်သတ်မှတ်ပေးခြင်း၊ ဝယ်ယူပေးခြင်း စီမံကိန်းရေးဆွဲရန်နှင့် တောင်သူများအား အာဆီယံနိုင်ငံများရှိ တောင်သူများနှင့် အပြန်အလှန်ဒေသဖွံ့ဖြိုးမှု ဆည်းပူးနိုင်ရန် စီမံကိန်းဆောင်ရွက်ရပါမယ်။



**ငြိမ်းချမ်းရေးပေါ် သဘောထားအမြင်**မှာ - နှစ်ပေါင်း ၆၀ ကျော် လောင်မြိုက်သော စစ်မီးကို တစ်ခါတည်းနဲ့ မငြိမ်းသတ်နိုင်ပါ။ ယခုလို ငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံကြီးတွင် မညီမျှမှုများအား ကိုယ့်သဘောတရားကိုနောက်ထားပြီး တစ်ပါးသူရဲ့အမြင်ကိုဦးစားပေး၍ ဆွေးနွေးပါလျှင် အောင်မြင်မည် မုချဖြစ်ပါတယ်။ မြန်မာပြည် ကံကောင်းချိန်မှာ သက်ဆိုင်သူအသီးသီး ဉာဏ်ကောင်းကြပါစေ။ နှလုံးသားကို ရှေ့တန်းမတင်ဘဲ ဦးနှောက်ကို ရှေ့တန်းတင်၍ ဆွေးနွေးကြလျှင် အနာဂတ်မြန်မာနိုင်ငံတော်ကြီးသည် ထွန်းတောက်သည့် တက်နေဝန်းကဲ့သို့ ဖြစ်လာပါလိမ့်မည်။ **တကယ်တမ်းတော့ ကျွန်တော်တို့အားလုံးဟာ မြန်မာနိုင်ငံသားများသာ ဖြစ်ပါတယ်**ဆိုတာကို မမေ့သင့်ပါ။

နိဂုံးချုပ်အနေဖြင့် လေးစားရပါသော မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့ ခင်ဗျား၊ လွှတ်တော်ဆိုတဲ့ နိုင်ငံရေးကစားကွင်းဟာ နိုင်ငံရေးသမား လွှတ်တော် ကိုယ်စားလှယ်များအတွက်ဖြစ်သည့်အတိုင်း မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် ရွေးကောက်ပွဲကြီးမှာ ပါတီကိုမကြည့်ဘဲ နိုင်ငံရေးသမားစစ်စစ်ကိုသာရွေးချယ်ပြီး မဲပေးကြပါလို့ တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား. .။

**တူညီဆန္ဒ**

**တေးရေး- ထွဋ်ခေါင်တင်**

**တေးဆို- စန္ဒာ**

**၁။ ရောင်နီလင်းဖြာ နေခြည်သာလှတာ၊ နံနက်ခင်းရဲ့ မင်္ဂလာပါ။ ထွန်းလင်းတောက်ပ တို့ပြည်ရွာ၊ ညီညွတ်ခြင်းနဲ့ လက်တွဲညီခါ၊ မဲရုံကို သွားကြမယ်ကွာ။**

**၂။ ရွှေလီဝင်းဝါချိန်ခါသာမယမှာ၊ အာရုံဦးရဲ့တေးသံဖြာ နိုးကြားထက်မြက် တို့ပြည်မြန်မာ၊ တူယှဉ်နွဲ့လို့ ပေါင်းစုံညီခါ၊ မဲရုံကို သွားကြမယ်ကွာ။**

**၃။ (မဲပေးကြမှာ)၂ ပြည်သူ့အကျိုးပြုပြည်သူ့ပါတီ၊ ဒီမိုကရက်တစ်ပါတီအား မဲပေးကြမယ်ကွာ။**

**၄။ အသဲကြားက မဲတစ်ပြားမှာ၊ တန်ဖိုးကြီးစွာ မဲပေးကြတော့မှာ၊ ပြည်သူအတွက် အားထားရာ ဒီမိုကရက်တစ်ပါတီပါ၊ တူညီဆန္ဒမဲပေးကြမှာ၊ ဝမ်းမြောက်ကြည်သာ ပြည်သူ့အတွက် နှိုးဆော်လိုက်ပြီကွာ။**

## ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေးကပ်ထားရန်နှင့် ဆင်ဆာလက်မှတ်အသေးကပ်ထားသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာအသုံးပြုရန် နှိုးဆော်ခြင်း

ပြည်တွင်းဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများမှ ရိုက်ကူးထုတ်လုပ်၍ ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုဆင်ဆာအဖွဲ့က စစ်ဆေးခွင့်ပြုပြီးသော မြန်မာဗီဒီယိုဇာတ်လမ်း၊ ကာရာအိုကေသီချင်း၊ ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးကို ကပ်ထားရမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၂၅(ခ) တွင် ဖော်ပြထားရှိပြီး ဖြစ်ပါသည်။ ဆင်ဆာလက်မှတ်အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း ဆောင်ရွက်သဖြင့် ပြစ်မှုထင်ရှားစွာစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်နိုင်သည့်အပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သောပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂ အရ သတ်မှတ်ထားပြီးဖြစ်ပါသည်။ မိမိဆောင်ရွက်လျက်ရှိသော ဗီဒီယိုပြသရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေ ဖြန့်ချိရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေကူးယူခြင်းလုပ်ငန်း၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေးကပ်ထားရန်နှင့် ဗီဒီယိုဆင်ဆာလက်မှတ်အသေးပါရှိသည့် ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့၊**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**

## ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲသည် လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲဖြစ်မည်ဟု ယုံကြည်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ပြောကြား

**မုံရွာ　ဖေဖော်ဝါရီ　၁**

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ယနေ့မှစတင်ကာ သက်ဆိုင်ရာရွေးချယ်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးပွဲများပြုလုပ်ခွင့်ရပြီဖြစ်သလို သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာများတွင် မဲစာရင်းကပ်ကြေညာခြင်းများ ဆောင်ရွက်နေပြီဖြစ်သည်။ ယခုကြားဖြတ်ရွေးကောက်ပွဲတွင် မုံရွာမြို့နယ် လစ်လပ်မဲဆန္ဒနယ်မှ ဝင်ရောက်ရွေးချယ်ခံမည့် မုံရွာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးညွန့်အောင်အနေဖြင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသန့်ရှင်းသည့် ရွေးကောက်ပွဲဖြစ်မည်ဟု ယုံကြည်ကြောင်း ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက ပြောသည်။

မုံရွာမြို့နယ်တွင် ဇန်နဝါရီ ၃၁ ရက်မှစတင်ကာ မဲဆွယ်စည်းရုံးပွဲများပြုလုပ်၍ရသည့်အတွက် မုံရွာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များသည် ဖေဖော်ဝါရီ ၁ ရက်နေ့မှစတင်ကာ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာများတွင် မဲစာရင်းကပ်ထားကြေညာသည်များကို အများပြည်သူများ မဲစာရင်းကိုသွားရောက်ကြည့်ရှုကြရန် စည်းရုံးလှုံ့ဆော်မှုများဆောင်ရွက်နေကြပြီဖြစ်ကြောင်း ဦးညွန့်အောင်က ထည့်သွင်းပြောကြားသည်။ အကယ်၍ အရွေးချယ်ခံရလျှင် ဦးညွန့်အောင်အနေဖြင့် မုံရွာမြို့နယ်တွင် ပထမဆုံးဆောင်ရွက်ပေးရန် ရည်ရွယ်ထားသည်မှာ ဥပဒေမဲ့သိမ်းဆည်းထားသောလယ်ယာမြေများ ပြန်လည်ရရှိရန်နှင့် နစ်နာကြေးလျော်ကြေးများရရှိရန် ပြုလုပ်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သလို မုံရွာမြို့နယ် လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဝင်ရောက်အရွေးချယ်ခံကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦးသည် ယှဉ်ပြိုင်ဘက်ကောင်းများဖြစ်ကြပြီး မုံရွာမြို့နယ်အကျိုးကို စွမ်းဆောင်နိုင်သူများဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ဝက်ဖို့ဒ်နှင့်ပွဲအတွက် အာဆင်နယ် အဆင်သင့်မဖြစ်ခဲ့ကြောင်း နည်းပြအာစင်ဝင်းဂါး ဝန်ခံ



နည်းပြဝင်းဂါးက အာဆင်နယ်အနေဖြင့် ပရီမီယာလိဂ်အသင်းတစ်သင်းကို ရင်ဆိုင်ရန် လုံလောက်သည့် စွမ်းအင်မျိုးမရှိခဲ့သလို အဆင်သင့်မဖြစ်ခဲ့ကြောင်း ဝက်ဖို့ဒ်အသင်းအား အရေးနိမ့်သည့် ပွဲစဉ်အပြီးတွင် ပြောကြားခဲ့သည်။ အာဆင်နယ်အသင်းသည် ဝက်ဖို့ဒ်အား အိမ်ကွင်း အမ်းမရိတ်စ်၌ပင် ရင်ဆိုင်ခဲ့ရသော်လည်း ပထမပိုင်းပွဲအစ ၁၃ မိနစ်အတွင်းမှာပင် နှစ်ဂိုးပေးခဲ့ရပြီးနောက် အာဆင်နယ်တိုက်စစ်မှူးအီဝိုဘီက ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။

ဝင်းဂါးက ပရီမီယာလိဂ်အသင်းတိုင်းမှာ ကြံ့ခိုင်မှုကောင်းကောင်းဖြင့် တုံ့ပြန်လေ့ရှိရာ ၉၀ ရာခိုင်နှုန်းကောင်းမွန်ရုံမျှဖြင့် ရင်ဆိုင်ပါက ရှုံးပွဲသာ ကြုံရမည်ဖြစ်ကြောင်း ကစားသမားများကို သတိပေးမှုပြုခဲ့သည်။ ပြီးခဲ့သည့် ရက်ပိုင်းကပင် ပရီမီယာလိဂ်ကလပ် ဆောက်သမ်တန်ကို ငါးဂိုးပြတ်ဖြင့် အနိုင်ကစားနိုင်ခဲ့သဖြင့် ချယ်လ်ဆီးအသင်းကို အနီးကပ်ဆုံးဖိအားပေးနိုင်မည့် အသင်းမှာ အာဆင်နယ်ဖြစ်လာတော့မည်ဟု အများစုက ခန့်မှန်းခဲ့ကြသော်လည်း ယခုမူ ဝက်ဖို့ဒ်အသင်းကိုပင် အိမ်ကွင်း၌ အရေးနိမ့်ခဲ့ရပြန်သည်။

ဝင်းဂါးက "ကျွန်တော်တို့ မာမာထန်ထန် မကစားနိုင်ဘူး။ ပြီးတော့ စိန်ခေါ်မှုတွေကိုရင်ဆိုင်ဖို့ အသင့်အနေအထားလည်း မဖြစ်ခဲ့ဘူး၊ ပထမဂိုးပေးလိုက်ရတော့ တော်တော်ကံဆိုးတယ်လို့ ပြောရမှာပါ။ ဘာလို့လဲဆိုရင် ဒီဂိုးက အင်အားပျော့တဲ့ အလွတ်တည်ကန်ဘောဖြစ်လို့ပါ" ဟု ပြောကြားခဲ့သည်။

ပွဲချိန်မိနစ် ၂၀ နောက်ပိုင်း အာဆင်နယ်ကွင်းလယ်လူ ရမ်ဆေး ဒဏ်ရာရရှိခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းတွင် ရာနှုန်းပြည့်ကြံ့ခိုင်မှုပြည့်ဝသည့် ကွင်းလယ်အဖျက်ကစားသမားဆို၍ ကိုကွီလင်တစ်ဦးသာ ရှိတော့သည်။ အာဆင်နယ်ကွင်းလယ်လူ မိုဟာမက်အယ်နနီမှာ အီဂျစ်အသင်းနှင့်အတူ အာဖရိကဖလားပွဲဝင်ရောက်ယှဉ်ပြိုင်နေသော်လည်း လက်ရှိတွင် ခြေသလုံးဒဏ်ရာရရှိနေကြောင်းလည်း သိရသည်။ ရမ်ဆေး၏ ဒဏ်ရာအနေအထားမှာ အချိန်ကာလ မည်မျှကြာအောင်အနားယူရမည်ကို ၎င်းအနေဖြင့် အတိအကျ ဖြေကြားနိုင်ခြင်းမရှိကြောင်း ဝင်းဂါးကဆိုသည်။

ဝင်းဂါးသည် ကွင်းဘေးစည်းကြီးကြပ်ခွင့် လေးပွဲတားမြစ်ခံထားရသဖြင့် အဆိုပါပွဲကို ပွဲကြည့်စင်မှသာ ကြည့်ရှုခဲ့ရသည်။ သို့သော် ဝင်းဂါးက ချယ်လ်ဆီးနှင့် အမှတ်ကွာဟချက်ကို လျှော့ချရန် လာမည့်ပရီမီယာလိဂ် ပွဲစဉ်တွင် ချယ်လ်ဆီးကို အနိုင်ယူပြမည်ဟု ကြွေးကြော်ခဲ့သည်။ ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့ တစ်ဂိုးစီသရေကျခဲ့ခြင်းကြောင့်သာ အာဆင်နယ်အသင်းကံကောင်းခဲ့ခြင်းဖြစ်သည်။

**(မေလှဲ့သင်း)**

---

**လှုပ်လှုပ်ရှားရှား ပြည်တွင်းအားကစား**

## ဖီဖာဥက္ကဋ္ဌအင်ဖန်တီနို ကိုယ်တိုင်တက်ရောက်ဖွင့်လှစ်မည့် အမျိုးသားဘောလုံးအကယ်ဒမီဖွင့်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က တည်ဆောက်လျက်ရှိသည့် အမျိုးသားဘောလုံးအကယ်ဒမီ( ရန်ကုန်)ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၇ရက်တွင်ကျင်းပမည်ဖြစ်ပြီး ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးမည်ဖြစ်သည်။ အင်ဖန်တီနိုသည် ဖီဖာဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီးနောက်ပိုင်း မြန်မာနိုင်ငံသို့ ပထမဦးဆုံးလာရောက်ခြင်းဖြစ်ပြီး တစ်ရက်ခရီးစဉ်အဖြစ် လာရောက်မည်ဖြစ်သည်။

ယင်းဘောလုံးအကယ်ဒမီကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ပံ့ပိုးငွေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ တည်ထောင်ထားသော ဧရာဝတီဖောင်ဒေးရှင်းမှ ပံ့ပိုးမှုဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) တွင် အကယ်ဒမီအဆောက်အဦ၊ မြက်ခင်းတုလေ့ကျင့်ရေးကွင်း နှစ်ကွင်းတို့ ပါဝင်ပြီး အမေရိကန်ဒေါ်လာ ၂၇၈၄၇၉၄ အကုန်ကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုတက်ရောက်မည်ဖြစ်သောကြောင့် အာရှဘောလုံးအဖွဲ့ချုပ်နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ အာရှဒေသတွင်း ဘောလုံးအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများလည်း တက်ရောက်မည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ရှိတ်ဆယ်လ်မန်သည် ပြီးခဲ့သည့် နိုဝင်ဘာလက အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) တည်ဆောက်နေမှုများအား လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ ဘောလုံးအကယ်ဒမီ သုံးခုတည်ထောင်ထားပြီး မန္တလေးနှင့် ပုသိမ်မြို့ရှိ ဘောလုံးအကယ်ဒမီများတွင် လူငယ်ကစားသမားများကို သင်ကြားပေးလျက်ရှိသည်။ မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး) ကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်ခဲ့ပြီး ယခင်ဖီဖာဥက္ကဋ္ဌဟောင်း ဆာဘလတ္တာ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) တည်ထောင်ခဲ့သည့် ငါးနှစ်ကျော်ကာလအတွင်း မြန်မာ့ဘောလုံးလောကအတွက် ကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ခဲ့ပြီး အောင်သူ၊ ကျော်မင်းဦးစသည့် ကစားသမားများမှာ ယင်းအကယ်ဒမီမှ ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

**(ရဲရင့်ရှိုင်း)**

---



## ရော်ဘီဘရက်ဒီကို ကလပ်အသင်း စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ဘန်လေအသင်း ခေါ်ယူ

ဘန်လေအသင်းသည် နော့ဝှစ်ချ်ကွင်းလယ်လူ ရော်ဘီဘရက်ဒီအတွက် ပြောင်းရွှေ့ကြေး ပေါင်၁၃သန်းအထိ အသုံးပြုခဲ့ရာ ယင်းပမာဏသည် ကလပ်အသင်းစံချိန်တင်ကြေးတစ်ရပ်ဖြစ်ခဲ့ကြောင်း ဘီဘီစီသတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ အိုင်ယာလန်လက်ရွေးစင်ကစားသမား ဘရက်ဒီမှာ ဘန်လေအသင်းနှင့် သုံးနှစ်ခွဲသက်တမ်းရှိ စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ဘန်လေအသင်းသည် ပြီးခဲ့သည့် ဩဂုတ်လအတွင်း ဂျက်ဟန်းဒရစ်အား ဒါဘီကောင်တီအသင်းမှ ခေါ်ယူခဲ့စဉ်က အသုံးပြုခဲ့သည့် ပေါင်၁၀ဒသမ၅သန်း စံချိန်တင်ကြေးကို ယခု ဘရက်ဒီ၏ အပြောင်းအရွှေ့က ကျော်ဖြတ်သွားခြင်းဖြစ်သည်။

ဘရက်ဒီသည် မန်ယူအသင်းတွင် ကစားသမားဘဝစတင်ခဲ့သူဖြစ်ပြီး ၂၀၁၅ခုနှစ်ဇူလိုင်လတွင်ဟားလ်စီးတီးအသင်းမှ ချန်ပီယံရှစ်ကလပ်အသင်း နော့ဝှစ်ချ်အသင်းသို့ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ သူသည် ယခုနှစ်ဘောလုံးရာသီတွင် နော့ဝှစ်ချ်အသင်းအတွက် ၂၆ပွဲကစား လေးဂိုးသွင်းယူ ခြေစွမ်းပြနိုင်ခဲ့သဖြင့် ဘန်လေအသင်းကစံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

**(မေလှဲ့သင်း)**

---

## လီဗာပူးအသင်း ပရီမီးယားဖလားလမ်းကြောင်းပေါ်တွင် ရှိနေဆဲဟု ဂျာဂန်ကလော့တုံ့ပြန်ပြီ

ပရိသတ်အများစုက လီဗာပူးအသင်း ယခုနှစ်တွင်လည်း ပရီမီယာလိဂ်ဖလား ရရှိရန်မဖြစ်နိုင်တော့ဟူသော ဝေဖန်ချက်များကို လက်မခံနိုင်သလို လီဗာပူးအသင်း ပရီမီယာလိဂ်ဖလားလမ်းကြောင်းမှ ယခုထိသွေဖည်ခြင်းမရှိသေးကြောင်း နည်းပြဂျာဂန်ကလော့က တုံ့ပြန်လိုက်ပြီဖြစ်သည်။ လီဗာပူးအသင်းသည် အိမ်ကွင်းတွင် ကစားခဲ့ရသည့် ပွဲစဉ်၌ ချယ်လ်ဆီးအသင်းနှင့် တစ်ဂိုးစီသရေသာ ကစားနိုင်ခဲ့ရာ ပရိသတ်များက ယင်းရလဒ်အပေါ် အားမလိုအားမရ ဖြစ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဂျာဂန်ကလော့ကမူ ချယ်လ်ဆီးကို ရင်ဆိုင်ခဲ့သည့် ပွဲစဉ်တွင် လီဗာပူးအသင်း၏ အံ့အားသင့်ဖွယ်ကောင်းသည့် အသင်းလိုက်စိတ်ဓာတ်ကို မြင်တွေ့ရမည်ဖြစ်သလို ရာသီကုန်အထိ ယင်းစိတ်ဓာတ်ကို ဆက်လက်ထိန်းသိမ်းသွားရန် မျှော်လင့်ကြောင်း ဆိုခဲ့သည်။

ချယ်လ်ဆီးနည်းပြ ကွန်တီကလည်း လီဗာပူးအား အနိုင်မရခဲ့သော်လည်း သရေတစ်မှတ်ရရှိခြင်းကပင် ရလဒ်ကောင်းဖြစ်ကြောင်း ပွဲအပြီးတွင်ပြောကြားခဲ့သည်။ လီဗာပူးကွင်းလယ်လူ အဒမ်လယ်လာနာက ချယ်လ်ဆီး၏ဟာဇက်ကို ဖျက်ထုတ်ရင်း အနည်းငယ်တိုက် မိခဲ့သည်ကို ကလာတန်ဘာ့ဂ်က ၂၅ကိုက်အကွာမှ အလွတ်တည်ကန်ဘော ခွင့်ပြုပေးခဲ့ခြင်းကြောင့် လီဗာပူးဂန္ထဝင်ကစားသမားဟောင်း စတီဗင်ဂျာရတ်က ဒိုင်ဖြစ်သူမာ့ခ်ကလာတန်ဘာ့ဂ်၏ ဆုံးဖြတ်ချက်အပေါ် မေးခွန်းထုတ်ခဲ့သည်။

**(မေလှဲ့သင်း)**



---



## ဒေးဗစ်လုဇ်၏ အလွတ်တည်ကန်ဘောကို ဂိုးအဖြစ်အလွယ်တကူခွင့်ပြုခဲ့ရခြင်းအပေါ် မင်နိုလက်စ်ဖွင့်ဟ

လီဗာပူးအသင်းသည် ပွဲချိန် ၂၄ မိနစ်တွင် ချယ်လ်ဆီးအသင်းကို ဒေးဗစ်လုဇ်ရဲ့ အလွတ်တည်ကန်ဘောမှတစ်ဆင့် ဦးဆောင်ဂိုး အလွယ်တကူခွင့်ပြုခဲ့ရရာ အဘယ်ကြောင့် ယင်းသို့ဖြစ်ခဲ့ရသည်ကို လီဗာပူးဂိုးသမား မင်နိုလက်စ်က ဖွင့်ဟပြောကြားလိုက်ပြီဖြစ်သည်။ ယင်းဂိုးမှာ မင်နိုလက်စ်၏ ပေါ့လျော့မှုကြောင့် ပေးခဲ့ရခြင်းဖြစ်သော်လည်း ချယ်လ်ဆီးကော်စတာ၏ ပင်နယ်တီဂိုးကို ကာကွယ်ခဲ့သည့် စွမ်းဆောင်ချက်ကြောင့် မင်နိုလက်စ်မှာ ပွဲစဉ်တစ်ပွဲတည်းမှာပင် ဗီလိန်အဖြစ်မှ သူရဲကောင်းပြန်ဖြစ်ခဲ့သည်။

မင်နိုလက်စ်က ဒေးဗစ်လုဇ်၏ ကန်ချက်ကို မကာကွယ်ခဲ့ဘဲ ဂိုးဝင်သွားပြီးနောက် ဒိုင်လူကြီးမာ့ခ်ကလာတန်ဘာ့ဂ်ဆီသို့ လက်ဟန်ခြေဟန်ဖြင့် လုပ်ပြခဲ့သည့်သူ၏ အပြုအမူကလည်း ပရိသတ်များကို ဇဝေဇဝါဖြစ်စေခဲ့သည်။ သို့သော် ပွဲအပြီး ဘီတီရုပ်သံဌာနနှင့် အင်တာဗျူးတွင် မင်နိုလက်စ်က ယင်းအကြောင်းကို အပြည့်အစုံပြန်လည်ဖောက်သည်ချခဲ့သည်။

မင်နိုလက်စ်က "ကျွန်တော်ခရာမှုတ်သံမကြားခဲ့ပါဘူး။ ပြီးတော့ သူ( ဒေးဗစ်လုဇ်)က လျင်လျင်မြန်မြန်ပဲ ကန်သွင်းခဲ့တာကြောင့် ကျွန်တော်ဘာပြင်ဆင်ချိန်မှ မရလိုက်ဘူး။ ဒီကန်ချက်ကလည်း အတော်လေးကောင်းမွန်တဲ့ အဆုံးသတ်ဖြစ်ခဲ့ပါတယ်။ ကျွန်တော် ဒီလိုအလွတ်တည်ကန်ဘောတွေကို ကာကွယ်ချင်ပေမယ့် ဒီနေ့အတွက်တော့ မဖြစ်နိုင်တော့ပါဘူး" ဟု ဖြေကြားခဲ့ သည်။

**(မေလှဲ့သင်း)**

❐

စာမျက်နှာ ၁၅ မှ

ပူးတွဲ-၆

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ**
**တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏**
**စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၂ | ကယားပြည်နယ် | ၂၇၈,၇၁၁.၇ | ၀.၃ | ၃၀၁,၉၉၁.၅ | ၀.၃ | ၈.၄ |
| ၃ | ကရင်ပြည်နယ် | ၁,၄၇၂,၃၅၉.၆ | ၁.၈ | ၁,၆၅၅,၆၀၃.၉ | ၁.၈ | ၁၂.၄ |
| ၄ | ချင်းပြည်နယ် | ၃၅၅,၈၂၀.၂ | ၀.၄ | ၃၉၃,၂၀၁.၄ | ၀.၄ | ၁၀.၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၉,၄၉၇,၂၁၃.၈ | ၁၁.၇ | ၁၀,၈၂၀,၂၁၀.၈ | ၁၁.၉ | ၁၃.၉ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၃၉၄,၁၄၀.၉ | ၄.၂ | ၃,၆၄၇,၂၄၉.၂ | ၄.၀ | ၇.၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၆,၇၁၉,၃၇၆.၂ | ၈.၃ | ၇,၅၁၅,၇၂၄.၅ | ၈.၂ | ၁၁.၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၃၁၃,၉၉၁.၆ | ၉.၀ | ၈,၂၅၆,၄၈၂.၈ | ၉.၀ | ၁၂.၉ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၈,၅၈၄,၃၁၂.၀ | ၁၀.၆ | ၉,၇၅၉,၉၇၇.၇ | ၁၀.၇ | ၁၃.၇ |
| ၁၀ | မွန်ပြည်နယ် | ၃,၂၃၅,၈၂၈.၁ | ၄.၀ | ၃,၅၉၃,၂၆၈.၈ | ၃.၉ | ၁၁.၀ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၇၀၈,၃၀၉.၃ | ၄.၆ | ၃,၉၈၇,၃၇၀.၂ | ၄.၄ | ၇.၂ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၉,၂၈၃,၂၀၂.၃ | ၂၃.၈ | ၂၂,၄၀၀,၉၆၄.၁ | ၂၄.၅ | ၁၆.၂ |
| ၁၃ | ရှမ်းပြည်နယ် | ၄,၈၇၇,၉၈၀.၇ | ၆.၀ | ၅,၄၂၂,၁၁၀.၅ | ၆.၀ | ၁၁.၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉,၁၃၄,၇၉၃.၀ | ၁၁.၃ | ၁၀,၀၃၀,၂၆၃.၆ | ၁၁.၀ | ၉.၈ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၇၂၉,၂၉၃.၃ | ၂.၁ | ၁,၈၈၀,၀၅၀.၀ | ၂.၁ | ၈.၇ |

ပူးတွဲ-၇

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ**
**ပိုင်ဆိုင်မှုအစနေးအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၆,၃၁၂,၃၆၀.၆ | ၂၃.၆၃ | ၆,၂၉၀,၆၆၃.၀ | ၂၂.၅၁ |
| ၂ | သမဝါယမပိုင် | ၃,၃၅၈.၅ | ၀.၀၁ | ၃,၅၀၂.၃ | ၀.၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၂၀,၃၉၇,၆၃၅.၇ | ၇၆.၃၆ | ၂၀,၆၅၇,၀၈၆.၃ | ၇၇.၄၈ |
| | စုစုပေါင်း | ၂၆,၇၁၃,၃၅၄.၈ | ၁၀၀.၀၀ | ၂၇,၉၅၀,၂၅၀.၆ | ၁၀၀.၀၀ |

## မှုခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးမှု ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် ဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ပြည်သူများ မှုခင်းများနှင့်ပတ်သက်၍ အသိပညာဗဟုသုတများ တိုးတက်များပြားလာစေရန် မှုခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးလုပ်ငန်းများကို အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ ၃၅၀ ခန့် လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မှုခင်းပညာပေးဆောင်ရွက်မှုကို ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး သီတာဝင်း၊ မူးယစ်တပ်ဖွဲ့စု (၄၃) မှ ရဲအုပ်နေခြည်လင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး တပ်ဖွဲ့စု (၆) မှ ရဲအုပ်သိန်းဌေး၊ ယာဉ်ထိန်းတပ်ဖွဲ့စု (၃၀) ဒဂုံမြောက်မှ ဒုရဲမှူး စန်းယုတို့က မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်မှုများကို ဓာတ်ပုံပြပွဲများ၊ နံရံကပ်စာစောင်များဖြင့် ပညာပေးပြသခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခဲ့သည်။ **မြင့်မြင့်ရီ** (IPRD)

## ကြံသီးနှံစိုက်နည်းစနစ် ယှဉ်ပြိုင်စံပြကွက်နှင့် အထွက်ကောင်း စံပြကွက် ကွင်းသရုပ်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စု သပြေပင်ကြံအထွက်တိုးစံပြဈေးကွက်တွင် ကြံသီးနှံနည်းစနစ် ယှဉ်ပြိုင်စံပြကွက်နှင့် အထွက်ကောင်း စံပြကွက် ကွင်းသရုပ်ပြခြင်းကို ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီတွင် ကျင်းပခဲ့သည်။

သရုပ်ပြပွဲအခမ်းအနားကို စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က ကြံစိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားပြီး တောင်သူများအနေဖြင့် စီးပွားရေးတွက်ခြေကိုက်သော စိုက်နည်းစနစ်ကို ကျင့်သုံးသင့်ကြောင်း စိုက်ခင်းအား အထူးဂရုစိုက်ပြုပြင်သွားမည်ဆိုပါက ကြံခင်းသစ်ကဲ့သို့ များများရရှိနိုင်ကြောင်းနှင့် တောင်သူများစိုက်ပျိုးရန်လိုအပ်သော အထွက်ကောင်းမျိုးများကို ဌာနမှဖြန့်ဖြူးရန်အတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အလားတူ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး(ဒုတိယညွှန်ကြားရေးမှူး) ဦးတင်ဦးကြိုင်က ထရိုင်ခိုဒါးမား မြေဆွေးပုံနှင့်ပတ်သက်၍ အသုံးပြုသင့်ကြောင်းနှင့် အဏုသက်ရှိများသည် စိုက်ပျိုးမြေအတွင်းရှိ အကျိုးပြုသက်ရှိများကို ပိုမိုပြန့်ပွားစေသည့်အပြင် အကျိုးမပြုသောသက်ရှိများကို သေစေနိုင်သည့်အတွက် အကျိုးကျေးဇူးပိုမိုများပြားကြောင်း အော်ဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ်ရေးသို့ ဦးတည်သွားသင့်ကြောင်းပြောကြားခဲ့ပြီး ဒုတိယတိုင်းဦးစီးမှူး ဦးတင့်လွင်က ကြံတစ်ဆစ်ချင်းစိုက်စနစ်၊ တန်းကျယ်စိုက်စနစ်နှင့် ပုံမှန်စိုက်စနစ်အားသာချက်၊ အားနည်းချက်အပေါ် ကျော်လွှားနိုင်မည့်နည်းလမ်းများကို ဆောင်ရွက်သွားသင့်ကြောင်း ပြောကြားသည်။

အဆိုပါသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်တို့မှတောင်သူများ စုစုပေါင်း ၁၆၀ တက်ရောက်ခဲ့ကြသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**



## ခရမ်းချဉ်သီးနောက်ပိုင်းဈေးကွက်အနည်းငယ်ကျဆင်းလာ

**မန္တလေး ဖေဖော်ဝါရီ ၁**

၂၀၁၆ ခုနှစ် အောက်တိုဘာလဆန်းပိုင်းတွင် စိုက်ပျိုးသော ခရမ်းချဉ်သီးများ ၂၀၁၇ နှစ်ဆန်းပိုင်းတွင် ဈေးကွက်ကောင်းခြင်းများနှင့် ကြုံတွေ့ခဲ့ရသည်။ ခရမ်းချဉ်သီးစတင်ပေါ်သည့် ကာလတွင် ခရမ်းချဉ်သီးတစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ အထိ ရောင်းချခဲ့ရသည်။ လက်ရှိနောက်ပိုင်းဈေးကွက်တွင် ခရမ်းချဉ်သီးဈေးအနည်းငယ်ကျဆင်းကာ တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ အထိ ရောက်ရှိကာ ဈေးနှုန်းအနည်းငယ်ကျဆင်းလာသည်။ ဈေးကွက်အေးသော်လည်း အများစုသော ခရမ်းချဉ်စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

ခရမ်းချဉ်စိုက်ရန်အတွက် ခရမ်းချဉ်မျိုးများကို သီးသန့်ဝယ်ယူကာပျိုးထောင်လေ့ရှိသည်။ ခရမ်းချဉ်မျိုးစေ့များမှာ နံပါတ်အလိုက်အမျိုးမျိုးရှိသည်။ ခရမ်းချဉ်ပင် စတင်ပျိုးထောင်စဉ်မှစကာ ရက် ၂၀ ကျော်သည်နှင့် စတင်စိုက်ပျိုးကြသည်။ စတင်စိုက်ပျိုးစဉ်တွင် လိုအပ်သလိုထယ်ရေးပြုပြင်ပြီး စနစ်တကျ အကွက်ချစိုက်ပျိုးကြရသည်။ စတင်စိုက်ပျိုးပြီးသည်နှင့် လူအားသုံးကာ စိုက်ရေလောင်းပေးကြသည်။ အပင်အနည်းငယ်ကြီးကာ အမြစ်စွဲသည်နှင့် စက်ဖြင့် ရေဆက်တင်ကြရသည်။ ခရမ်းချဉ်ပင်အနည်းငယ်ကြီးလာသည်နှင့် တိုင်ထောင်ပေးကြရသည်။

ခရမ်းချဉ်စိုက်ပျိုးမှုတွင် ရာသီအလိုက်ရေပေးရပြီး ဆောင်းတွင်းပိုင်းတွင်တစ်လတွင်တစ်ကြိမ် ရေတင်ရသည်။ လက်ရှိကာလတွင်နှစ်ပတ်လျှင် တစ်ကြိမ်နှုန်းရေတင်ပေးရသည်။ ရေတင်တိုင်း မြေဩဇာကျွေးလေ့ရှိသည်။ မှိုမကပ်စေရန်အတွက်လည်း မှိုသတ်ဆေးများ၊ အပင်အားဆေးများကို ဖျန်းပေးရသည်။ စတင်စိုက်သည်မှစကာ လေးလခန့်တွင် ခရမ်းချဉ်သီးကို စတင်ဆွတ်ခူးနိုင်သည်။ ယခုနှစ်ခရမ်းချဉ်သီးဈေးကွက်မှာ အစဦးပိုင်းဈေးကွက်ကောင်းမွန်ပြီး နောက်ပိုင်းဈေးကွက် အနည်းအေးလာကြောင်းသိရသည်။

**တိမ်တမန်**

## ကန်ကြီးထောင့်မြို့နယ်တွင် ရတနာရွှေဂူကျောက်ချောလမ်းသစ်ဖွင့်ပွဲကျင်းပ

**ကန်ကြီးထောင့် ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အမှတ် (၂) ရပ်ကွက်ရှိ ကျွဲလမ်းထိပ်မှ ရတနာရွှေဂူဘုန်းကြီးကျောင်းအထိ မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ်အဆင့်မြှင့်တင် ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါလမ်း မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်ကော်မတီနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောမူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌနှင့် အမှတ် (၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ ကျောက်ချောလမ်းသစ်အား လှည့်လည်ကြည့်ရှုခဲ့သည်။

အရှည်ပေ ၂၇၀၀၊ အကျယ် ၅ ပေနှင့် အမြင့် ၆ လက်မရှိ အဆိုပါကျောက်ချောလမ်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၇ သိန်း၊ တကုန်းကြီးကျေးရွာ ပါရမီကျောင်းတိုက်ဆရာတော်မှ မတည်လှူဒါန်းငွေကျပ်သိန်း ၂၀ နှင့် ဒေသခံပြည်သူများ၏ စုပေါင်းထည့်ဝင်လှူဒါန်းငွေ ၃၁၉၁၅၀၀ သိန်း စုစုပေါင်းငွေကျပ် ၇၈၉၁၅၀၀ သိန်းဖြင့် ရပ်ကွက်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့မှ ဦးဆောင်ကာ ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောက်ချောလမ်းခင်းခြင်းပြီးသွားသည့်အတွက် ဒေသခံပြည်သူများ၏ သွားလာရေးနှင့် စီးပွားရေး၊ လူမှုရေးရာကိစ္စများအတွက် ရာသီချိန်ခါမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ပြီး (ရတနာရွှေဂူကျောင်း) တွင် ဝါတွင်းကာလ ဥပုသ်နေ့များတွင် သီလယူရန်သွားရောက်ကြသည့် ပြည်သူများလည်း အဆင်ပြေချောမွေ့စွာ သွားနိုင်ပြီဖြစ်ကြောင်း ရပ်ကွက်နေပြည်သူတစ်ဦးကပြောသည်။

**နန်းထိုက် (ပြန်/ဆက်)**



## ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဘိုးဘွားရိပ်သာသို့ အလှူငွေနှင့် စားသုံးဆီများလှူဒါန်း

**စစ်တွေ ဖေဖော်ဝါရီ ၁**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး အလှူငွေကျပ် ၅၀၀၀၀၀ နှင့် စားသုံးဆီ ၁၀၀ လီတာကို သွားရောက်လှူဒါန်းရာ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဦးရွှေထွန်းအောင်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စားရိပ်သာသို့ သွားရောက်ကာ ဘိုးဘွားများ၏ စားသုံးမှုကိုကြည့်ရှုခဲ့ကြသည်။ အိပ်ဆောင်များကိုရောက်ရှိကာ ဘိုးဘွားများကို တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။ အဆိုပါ ဘိုးဘွားရိပ်သာ၌ အဘိုး ၁၀ ဦး၊ အဘွား ၂၆ ဦး တို့ကို ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအသင်းမှ စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## တာမွေမြို့နယ်တွင် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် (ဆင့်ပွား) သင်တန်းဖွင့်

**တာမွေ ဖေဖော်ဝါရီ ၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်ရဲတပ်ဖွဲ့ သင်တန်းခန်းမ၌ ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီက ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် (ဆင့်ပွား)သင်တန်း အမှတ်စဉ် (၂/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းအား ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းလွင်၊ တာမွေမြို့နယ်တရားသူကြီး ဒေါ်ကေသီလှိုင်၊ အရှေ့ပိုင်းခရိုင် အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ နည်းပြဆရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။ **တင်မောင်ဦး (အလုံ)**

# မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲ ပထမဆု ရှင်မတောင်သားအသင်းဆွတ်ခူးရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ပထမဆုံးအကြိမ်ကျင်းပသော အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကြီးနှင့် ဈေးရောင်းပွဲတော်ကြီးပိတ်ပွဲကို ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ မိုင်တာကွင်း၌ ဇန်နဝါရီ ၂၉ ရက် ည ၇ နာရီက ကျင်းပခဲ့ပြီး မြန်မာ့ရိုးရာ အိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကြီး ပထမဆုကို ရှင်မတောင်သားအသင်းက ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ယခုအခါ ပြောင်းလဲလာသော ခေတ်နှင့် အစားအသောက်ဓလေ့စရိုက်များအရ ထမင်းနှင့် ဟင်းချက်ပြုတ်လှူဒါန်းသော အလှူကြီးများ နည်းပါးလာသကဲ့သို့ ပညာရှင်များလည်း နည်းပါးလာပြီး တိမ်မြုပ်လုနီးနီးဖြစ်နေသော မြန်မာ့အိုးကြီးချက်ပညာရပ်များ ပြန်လည်ဖော်ထုတ်နိုင်စေရေး၊ အကျိုးအမြတ်ကို မကြည့်ဘဲ စေတနာရှေ့ထားကူညီတတ်ကြသော အိုးသူကြီးများအား ချီးမြှင့်မြှောက်စားပေးနိုင်ရန်နှင့် မြန်မာ့ရိုးရာအစားအသောက်ကဏ္ဍ ပိုမိုမြင့်မားလာစေရန်အတွက်ရည်ရွယ်၍ အဆိုပါ အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲ ကျင်းပရေးကော်မတီမှ သိရသည်။

ပြိုင်ပွဲဝင်အသင်းများဖြစ်ကြသော အုပ်စု (က) မှ အလှကိုယ်စီအသင်း၊ ဧရာဝတီသားအသင်း၊ မင်္ဂလာဒုံတပ်နယ်အသင်း၊ စားတော်ကဲအသင်း၊ ကလျာဏအသင်း၊ ဂရုဏာရှင်အသင်း၊ တန်ဖိုးသင့်နေ့လည်စာအသင်းနှင့် ရှင်မတောင်သားအသင်းတို့ ယှဉ်ပြိုင်ကြပြီး အုပ်စု(ခ) မှ ပြိုင်ပွဲဝင်အသင်းများဖြစ်ကြသော နပန်းဆံအသင်း၊ ခေတ်ရေစီးအသင်း၊ မဉ္ဇူသက ရွှေမြန်မာအသင်း၊ အင်းတိုင်တပ်နယ်အသင်း၊ ရန်ကုန်တိုင်းစခန်းရုံးစစ်ဌာနချုပ်အသင်း၊ ရွှေဘုန်းပွင့် ဝါသနာရှင်အသင်း၊ စေတနာရှင်အသင်းနှင့် ဝင်းရပ်သားအသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ပြိုင်ပွဲနောက်ဆုံးရက်ဖြစ်သည့် ဇန်နဝါရီ ၂၉ ရက်က ပြိုင်ပွဲဝင်အသင်းများအား အကဲဖြတ်ဒိုင်များက စားသောက်ကာ အကဲဖြတ်ဆုံးဖြတ်ပေးခဲ့ခြင်းဖြစ်ပြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကြီး ပထမဆုကို ရှင်မတောင်သားအသင်းကလည်းကောင်း၊ ဒုတိယဆုကို မင်္ဂလာဒုံတပ်နယ် အသင်းကလည်းကောင်း၊ တတိယဆုကို ဝင်းရပ်သားအသင်းကလည်းကောင်း ဆွတ်ခူးရရှိခဲ့ကာ ပထမဆု ငွေကျပ် သိန်း ၅၀၊ ဒုတိယဆု ငွေကျပ် သိန်း ၃၀ နှင့် တတိယဆုငွေကျပ်သိန်း ၂၀ အပါအဝင် ဆုတံဆိပ်များအား မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့ပြင် ယင်းနှင့်တွဲဖက်၍ မြန်မာ့ရိုးရာလက်ဝှေ့ အောင်လံသိုင်းပြောင်းပြန်လုပွဲများ၊ မြန်မာ့ရိုးရာ အိုးစည်ဒိုးပတ်ပြိုင်ပွဲများနှင့် ရခိုင်ရိုးရာကျင်ကိုင်ပွဲများမှ ဆုရရှိသူများအား ဆုတံဆိပ်များပေးအပ်ချီးမြှင့်ခဲ့သည်။

ဇန်နဝါရီ ၂၅ ရက်မှ ၂၉ ရက်ထိ ကျင်းပခဲ့သည့် အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကြီးနှင့် ဈေးရောင်းပွဲတော်ကြီး၌ ဈေးပွဲတော်များ၊ ရိုးရာခေါင်းအုံးရိုက်ပြိုင်ပွဲများ၊ မြန်မာ့ရိုးရာဒိုးပတ်ပြိုင်ပွဲများ၊ ရခိုင်ရိုးရာ ကျင်ကိုင်ပွဲများ၊ စက္ကောမ (မှော်အနုပညာ) ပြပွဲများနှင့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများအား ထည့်သွင်းပြသခဲ့ကာ ပွဲတော်လာ ပြည်သူများအား နေ့စဉ် စတုဒိသာ အကျွေးအမွေး အလှူဒါနပြုခဲ့ကြောင်း သိရသည်။ **စိုးဝင်း–MLA**



## ကျောင်းကုန်း၌ ရေယာဉ်များကြံ့ခိုင်မှု ရှိ–မရှိစစ်ဆေး

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်းရှိ ခရီးသည်တင်၊ ကုန်တင် ရေယာဉ်ပိုင်ရှင်များအနေဖြင့် လုပ်ငန်းလိုင်စင်ဆိုင်ရာစည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုရှိစေရေး ရေယာဉ်ကြံ့ခိုင်မှု ရှိ-မရှိ စစ်ဆေးခြင်းကို ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက လိုက်လံစစ်ဆေးခဲ့ကြသည်။

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှ စတင်၍ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ ရေယာဉ်ကြီး၊ ရေယာဉ်ငယ်အသီးသီး၏ ရေယာဉ်လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ပိုင်ခွင့်များအား ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနမှ လွှဲပြောင်းရယူပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာပေးကာလအနေဖြင့် ၂၀၁၂-၂၀၁၃ နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်များအတွင်း လုပ်ငန်းလိုင်စင် ရယူဆောင်ရွက်ရန် ပျက်ကွက်ခဲ့သော ရေယာဉ်များအား စစ်ဆေးအရေးယူဆောင်ရွက်မှုများ မရှိခဲ့သော်လည်း ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ စတင်၍ လုပ်ငန်းလိုင်စင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုရှိသော ခရီးသည်တင်၊ ကုန်တင် ရေယာဉ်ကြီး၊ ရေယာဉ်ငယ် အသီးသီးအား စနစ်တကျ စစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေကြောင်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ရေယာဉ်မောင်းနှင်သူများလိုက်နာရန် ၁၃ ချက်၊ ရေယာဉ်ပိုင်ရှင်များ လိုက်နာရန် ရှစ်ချက်နှင့် ခရီးသည်များ လိုက်နာရန် ခုနစ်ချက်ကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဗီနိုင်းနှင့်တကွ နှိုးဆော်ထားကြောင်းနှင့် ကျောင်းကုန်းမြို့နယ်ရေယာဉ်အသင်းဥက္ကဋ္ဌ ဦးဝင်းတင်နှင့် ရေယာဉ်ဂိတ်မှူး ဦးစိန်အေးတို့က ရေယာဉ်များကြံ့ခိုင်မှု ရှိ-မရှိနှင့် လိုင်စင်သက်တမ်းမကုန်မီ နှစ်ပတ်လည်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## ခရမ်းမြို့နယ်တွင် ကဗျာရွတ်၊ ဂိမ်းကစားခြင်းနှင့် စာအုပ်ပြပွဲကျင်းပ

**ခရမ်း ဖေဖော်ဝါရီ ၁**

ကျောင်းသား၊ ကျောင်းသူများ စာပေဗဟုသုတ တိုးပွားရေး ကလေးများ ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးတိုးတက်စေရေး၊ အပြောစွမ်းရည် မြင့်မားတိုးတက်စေရန်ရည်ရွယ်၍ ခရမ်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်စာကြည့်တိုက်ခန်းမ၌ ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက ကဗျာရွတ်ပြိုင်ပွဲ၊ ဂိမ်းကစားခြင်းနှင့် စာအုပ်ပြပွဲကို ကျင်းပခဲ့သည်။

ထို့နောက် ကဗျာရွတ်ပြိုင်ပွဲကျင်းပရာ အ-ထ-က (၁) နှင့် အ-ထ-က (၂) တို့မှ ကျောင်းသား၊ ကျောင်းသူ ၂၀ တို့က ပြိုင်ပွဲခေါင်းစဉ်များ မဲနှိုက်ယှဉ်ပြိုင်ခဲ့သည်။ ဆုရရှိသူများကို ဌာနဆိုင်ရာနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ပျော်ရွှင်စရာဂိမ်းများ ပူးပေါင်းဆော့ကစား၍ ပြသထားသည့် စာအုပ်စာစောင်များကို လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်ဒုအုပ်ချုပ်ရေးမှူး ဦးကျန်အေးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဦးဘသန်း၊ ဒုဦးစီးမှူး ဒေါ်ဇာခြည်စိမ့်၊ အ-ထ-က (၁) ကျောင်းအုပ်ဆရာကြီးဦးသိန်းဝင်းနှင့် ဆရာမများ၊ အ-ထ-က (၂) ကျောင်းအုပ်ဆရာကြီးဦးတင်စိုးနှင့် ဆရာမများ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။ **ကိုမင်း(ခရမ်း)**

## ပဲခူးမြို့တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ဆေးဝါးကုသပေး

**ပဲခူး ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံစားဖိုမှူးများအသင်းတို့၏ဦးဆောင်မှုဖြင့် ဇန်နဝါရီ ၂၉ ရက် မွန်းတည့် ၁၂ နာရီက ပဲခူးမြို့ ရွှေမော်ဓောဘုရား အနောက်ဘက်မုခ်ရှိ မွန်ဓမ္မာရုံ၌ နှုတ်ခမ်းကွဲ၊ အားခေါင်ကွဲ လူနာများအား အခမဲ့စမ်းသပ် ဆေးဝါးကုသမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ ဆေးဝါးအခမဲ့ကုသမှုအား ဂျာမနီနိုင်ငံမှ အထူးကုဆရာဝန်ကြီး ရှစ်ဦး၊ သူနာပြုနှစ်ဦးနှင့် ပဲခူးပြည်သူ့ဆေးရုံမှ ဆရာဝန်များ၊ သူနာပြုများပါဝင်ကာ ပဲခူးခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ လူနာ ၂၀၀ ကျော်တို့အား နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ နှာခေါင်းကွဲ၊ လည်ပင်းကြီး၊ အဆီကြိတ်ရောဂါများနှင့် မီးလောင်းဒဏ်ရာများကို မွန်ဓမ္မာရုံတွင် စာရင်းလက်ခံ စမ်းသပ်ကြည့်ရှုစစ်ဆေးမှုများပြုလုပ်ကာခွဲစိတ်ရန်လိုအပ်သောလူနာများအား ပဲခူးမြို့ အထွေထွေရောဂါကုသဆေးရုံကြီးတွင် အခမဲ့ခွဲစိတ်ကုသမှုပြုလုပ်ပေးမည့်အပြင် လူနာများ၏ နေထိုင်စားသောက်ရေးများကိုလည်း အခမဲ့ဆောင်ရွက်ပေးကြသည်။

အခမဲ့ဆေးကုသခြင်းအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားဟောင်းများ၊ ပဲခူးမြို့ရှိ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိ၊ မြို့ဖများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြောင်း သိရသည်။ **ရွှေဘုန်းအောင်(ပဲခူး)**

## ယုဇနပလာဇာဈေးကြီးအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်



**မင်္ဂလာတောင်ညွန့် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာဈေးကြီးအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးဝင်းမြင့်ဇော်နှင့် ဝန်ထမ်းများ၊ ဈေးအုပ်ချုပ်ရေးအဖွဲ့တို့ပူးပေါင်း၍ ဇန်နဝါရီနောက်ဆုံးပတ်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆိုင်ခန်းများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်သုံးပစ္စည်းများ စနစ်တကျတပ်ဆင်ထားခြင်း ရှိ-မရှိကို ဆိုင်ခန်းတစ်ခန်းချင်းလိုက်လံစစ်ဆေးခဲ့ပြီး အသိပညာပေးခဲ့ကြသည်။

"ဒီလို စစ်ဆေးပေးတာကောင်းပါတယ်။ လျှပ်စစ်ကြိုးတွေကို သံဆန်ကာမှာ ချည်နှောင်းထားတာတွေ၊ အထည်အလိပ်တွေနဲ့ လျှပ်စစ်ပစ္စည်း ထိတွေ့နေတာတွေကို ပြုပြင်ဖို့ ဆိုင်ရှင်တွေကို ရှင်းလင်းပြောပြပါတယ်" ဟု ယုဇနပလာဇာ ပထမထပ် ရွှေလက်ဆောင်ဖုန်းအပိုပစ္စည်းဆိုင်မှ ဦးတင့်လွင်က ပြောသည်။ **၁၁၈**

# သံတွဲမြို့ ဒွါရာဝတီဈေးအတွင်းရှိ ပုံကျအသားငါးနှင့်ဟင်းသီးဟင်းရွက် ဈေးသည်များအား ဒွါရာဦး(တံတားဦး) ဈေးသို့ ပြောင်းရွှေ့ရေးဆွေးနွေး

**သံတွဲ ဖေဖော်ဝါရီ ၁**
ဒွါရာဝတီဈေးအတွင်းရှိ ဈေးသူဈေးသားများနှင့် ဈေးပတ်ဝန်းကျင်ရှိ ပြည်သူများအနံ့ဆိုးအန္တရာယ်မှ ကင်းဝေးပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်နိုင်ရေးတို့အတွက် သံတွဲမြို့ ဒွါရာဝတီဈေးအတွင်းရှိ ပုံကျအသားငါးနှင့် ဟင်းသီးဟင်းရွက်ဈေးသည်များအား ဒွါရာဦး(တံတားဦး) ဈေးသို့ ပြောင်းရွှေ့ရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီက ဒွါရာဝတီမြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းဇော်ဟန်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်လေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးလှဖော်ဇံတို့က ဒွါရာဝတီဈေးအတွင်းရှိ ပုံကျအသားငါးနှင့် ဟင်းသီးဟင်းရွက်ဈေးသည်များအား ဒွါရာဦး(တံတားဦး) ဈေးသို့ ပြောင်းရွှေ့ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

ယင်းသို့ပြောကြားရာတွင် ဈေးဟောင်းကြီးရဲ့ ဖွဲ့စည်းမှုအခြေအနေနှင့် ယခုဈေးသစ်ကွာခြားမှုအခြေအနေများ၊ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိမှုများဖြစ်နေသည်ဟု ဈေးသူဈေးသားများက နိုင်ငံတော်အဆင့်အထိ တိုင်တန်းမှုကြောင့် ယခုလို ပုံကျအသားငါးနှင့် ဟင်းသီးဟင်းရွက်ဈေးသည်များအား ဒွါရာဦး (တံတားဦး) ဈေးသို့ ပြောင်းရွှေ့မှုဆောင်ရွက်ရခြင်းဖြစ်သဖြင့် တက်ရောက်လာသူများက ကောင်းသောအကြံပြုမှုတို့ကို အကြံပြုဆွေးနွေးမှုပြုပေးကြရေးကို ပြောကြားခဲ့သည်။

ဈေးစည်းကမ်း ထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူး ဦးအောင်စည်မိုး၊ ပုံကျအသားငါးနှင့် ဟင်းသီးဟင်းရွက်ဈေးသည်များ ကိုယ်စား ဦးအောင်ကျော်စိုး၊ ဦးမြင့်အောင်နှင့် ဈေးသည်များက ပြန်လည်တင်ပြရာတွင် ပုံကျအသားငါးနှင့် ဟင်းသီးဟင်းရွက်ဈေးသည်များစည်းကမ်းမဲ့ရောင်းချသည်ဆိုသည်မှာ ဈေးသည်များစည်းကမ်းမဲ့တာမဟုတ်ဘဲ စည်ပင်အဖွဲ့နှင့် ဈေးကော်မတီများ၏ စည်းကမ်းထိန်းသိမ်းမှု အားနည်းခြင်းကြောင့်ဟု ယူဆကြောင်း၊ ဈေးမိသားစုများကို အဓိကအမီပြုရောင်းချရကြောင်း၊ ဈေးသိမ်းချိန်တွင် ရောင်းမကုန်သောပစ္စည်းများကို စနစ်တကျထည့်သိုပြီး ဈေးအတွင်းထားခဲ့၍ စိတ်ချရကြောင်း၊ ဒွါရာဦးဈေးတွင် ပစ္စည်းထားသိုစရာနေရာမရှိသဖြင့် စရိတ်စက ကုန်ကျမှုများ ရှိလာမည်ဖြစ်ကြောင်း၊ ပြောင်းမည်ဆိုပါက အခွန်လွတ်ဈေးအဖြစ် သတ်မှတ်ပေးစေ လိုကြောင်း၊ အထူးသဖြင့် ကုန်စိမ်းတန်းမှာ ယခင်ကပင်သတ်သတ်မှတ်မှတ်ထားရှိ သဖြင့် ခုံများ စနစ်တကျ ဆောင်ရွက်ပေးပြီး စည်းကမ်းစနစ်တကျသတ်မှတ်ပေးကာ ၎င်းနေရာမှာပင် စနစ်တကျရောင်းချင်ပါကြောင်းဖြင့် တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

## နွေစပါးစိုက်ပျိုးရန်ရေပေးမည်

**နွားထိုးကြီး ဖေဖော်ဝါရီ ၁**
နွားထိုးကြီးမြို့နယ်တွင် နွေစပါးအတွက် ရေအလုံအလောက်ဖြင့် ရေပေးတော့မည်ဖြစ်ကြောင်း နွားထိုးကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)မှ သိရသည်။

နောက်မိုးကောင်းမွန်မှုကြောင့် နွားထိုးကြီးနယ်တွင် ဆည်၊ ကန်ရေပြည့်လျက်ရှိပြီဖြစ်သောကြောင့် နွေစပါးအလုံအလောက်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။ ယခုနှစ် ၂၀၁၆-၁၇ တွင် နွေစပါးကို ခက်လန်းဆည်၌ ဧက ၅၀၀၊ မြိုင်သာဆည်၌ ဧက ၁၀၀၀၊ ကန်နားကန်၌ ဧက ၁၅၀၊ ဇီးတောဆည်၌ ဧက ၁၃၀ နှင့် ဝက်လူးကန်၌ ဧက ၅၀ စုစုပေါင်းဧက ၉၃၀ စိုက်ပျိုးရန် လျာထားလျက်ရှိသည်။ ရေမလုံလောက်မှုကြောင့် အညာဆည်၊ ကန်တို့မှာ နွေစပါး ၊ နွေနှမ်း၊ နွေဝါတို့ စိုက်ပျိုးနိုင်ခြင်းမရှိဘဲ နှစ်စဉ် ချန်လှပ်ထားခဲ့ရကြောင်း ပြင်စည်စပါးတောင်သူတို့က ပြောသည်။

**ဌေးမြင့်မောင်**

## အစားထိုးသီးနှံနှင့် စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲကျင်းပ

**မိုင်းပန် ဖေဖော်ဝါရီ ၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၇ ခုနှစ် အစားထိုးသီးနှံနှင့် စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက ဝိုးလိုင်းကျေးရွာအုပ်စု ဝမ်ထမ်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မိုင်းပန်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးဦးကျော်မိုးက တောင်သူပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လင်းခေးခရိုင် ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်နှင်းနှင်းဖြူက မျိုးကောင်းမျိုးသန့် အသုံးပြုစိုက်ပျိုးနိုင်ရေးကိုလည်းကောင်း၊ ခရိုင်ပိုးမွှားတာဝန်ခံ ဒေါ်မိုးမိုးက ပိုးသတ်ဆေးသုံးစွဲရာတွင် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ပိုးသတ်ဆေးကိုအန္တရာယ်ကင်းရှင်းစွာ အသုံးပြုရေး ပညာပေးဆွေးနွေးပြီး သဘာဝပိုးသတ်ဆေးပြုလုပ်ပုံနည်းစနစ်ကို လက်တွေ့သရုပ်ပြသပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ လင်းခေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ခံများ၊ မြို့နယ်စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများစုစုပေါင်း ၅၀ ခန့်တက်ရောက်ခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## မြောက်ရေကြည်ကျေးရွာအုပ်စုအတွင်း နွေစပါးများစတင်စိုက်ပျိုးနိုင်၍အဆင်ပြေ

**တောင်ငူ ဖေဖော်ဝါရီ ၁**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ မြောက်ရေကြည်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများသည် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီမှစတင်ကာ ဆွာချောင်းဆည် DY 7 ရေလွှတ်မြောင်းမှ တစ်ဆင့် ရေများစတင်လွှတ်ပေးနိုင်ပြီဖြစ်၍ စိုက်ဧကနှစ်ရာကျော် စတင်လုပ်ကိုင်လျက်ရှိနေပြီဖြစ်သည်။

ဆွာချောင်းဆည် ပင်မရေလွှတ်မြောင်းမကြီး၊ ရေတာရှည်မြို့နယ်၊ စိမ့်ရွာအနီးမှ ရှစ်မိုင်ကျော်ရှည်လျားသည့် ရေသွယ်မြောင်းမှတစ်ဆင့် ရေများစတင်ပေးဝေခဲ့ခြင်း ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ မြောက်ရေကြည်ကျေးရွာအုပ်စု ကံရွာအနီး ကွင်းအမှတ် ၅၉၁ (က) ကွင်းရှိ မြေဧက ၂၀၀ ကျော် နွေစပါးစိုက်ပျိုးနိုင်ပြီး တောင်သူအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ယခုနွေစပါး အချိန်မီ စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်သူတွေစိုက်ချင်နေတာကြာပြီ အခုနှစ်ကြမှ ရေရတာ တောင်သူတွေလည်း ဝမ်းသာကြတာပေါ့ဗျာ။ နွေစပါးကထွက်နှုန်းလည်းကောင်းတော့ တောင်သူတိုင်းလိုလို စိုက်ချင်ကြတယ်" ဟု ကံရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။



လာမည့်နှစ်တွင် ယခုရေပေးဝေလျက်ရှိသော် DY 7 ရေလွှတ်မြောင်းအား ထပ်မံ၍ ပြုပြင်ပြီးလျှင် စိုက်ဧကပိုမိုတိုးချဲ့ပေးနိုင်မည်ဖြစ်ကာ ခပေါင်းဆည်ရေသောက်နှင့် ဆွာချောင်းဆည်ရေသောက်ဧရိယာများအကြား လက်လှမ်းမမီနိုင်သည့်တောင်သူများပါ ရေရရှိနိုင်မည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ရှိန်က ရှင်းလင်းပြောပြသည်။

**ကိုလွင်(ဆွာ)**



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး သရုပ်ပြဆွေးနွေး

**ကျောက်ကြီး ဖေဖော်ဝါရီ ၁**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး သရုပ်ပြဆွေးနွေးပွဲကို ကျောက်ကြီးမြို့ အ-ထ-က၌ ဇန်နဝါရီ ၂၉ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ သရုပ်ပြပွဲသို့ ကျောက်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမ ၆၀ တို့ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် ကျောက်ကြီးမြို့ အ-ထ-က မှ ကျောင်းအုပ်ဆရာမကြီးဒေါ်မြမြဦးက အမှာစကားပြောကြားပြီး တောင်ငူခရိုင် အမှတ် (၁၂) ယာဉ်ထိန်း ရဲတပ်ဖွဲ့စုမှူးရုံး ဒုတိယရဲမှူးအုန်းကျော်က အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာနိုင်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ခြေကျင်၊ စက်ဘီးစီး ၊ မော်တော်ဆိုင်ကယ်စီး၊ မော်တော်ယာဉ်မောင်းနှင်မှုများတွင် သတိပြုလိုက်နာရမည့်အချက်များ၊ ဒေသဆိုင်ရာထုတ်ပြန်သော စည်းကမ်းချက်များ၊ အမိန့်များညွှန်ကြားချက်များ၊ ၂၀၁၅ခုနှစ် မော်တော်ယာဉ်ဥပဒေ ပါတားမြစ်ချက်များနှင့် ပြစ်ဒဏ်များကိုအသိပညာပေး ဆွေးနွေးတင်ပြခဲ့သည်။

ယင်းနောက် ယာဉ်ထိန်းရဲတပ်သား ပြည့်ပြည့်လင်းက ကျောင်းသား၊ ကျောင်းသူများ လမ်းဖြတ်ကူးစဉ် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြီး လက်တွေ့သရုပ်ပြခဲ့သည်။ **(၁၂၂)**

## စာရေးသူ၊ စာဖတ်သူတို့ စာပေဆိုင်ရာဆွေးနွေးပွဲပြုလုပ်

**သံဖြူဇရပ် ဖေဖော်ဝါရီ ၁**
သံဖြူဇရပ်မြို့နယ် စာရေးဆရာအသင်း၏အစီအစဉ်ဖြင့် ထုတ်ဝေသည့် စာပန်းရဂုံ သုတရသစာစုများအမှတ် (၂)ကို စာပေဝါသနာရှင်များအားမိတ်ဆက်ခြင်းနှင့်စာရေးသူ၊ စာဖတ်သူတို့ စာပေဆိုင်ရာဆွေးနွေးပွဲကို ဇန်နဝါရီ ၂၉ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်း ဒုဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊စာပေဝါသနာရှင်များတက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စာရေးဆရာအသင်းမှ ဦးစီးထုတ်ဝေသော စာပန်းရဂုံသုတရသစာစုများ အမှတ်(၂) ထုတ်ဝေမှုကို မိတ်ဆက်ပြီး ထုတ်ဝေပြီးသည့် စာအုပ်အမှတ် (၁) နှင့် စာပေရေးရာများကို ကလောင်ရှင်များနှင့် စာဖတ်သူများက ဆွေးနွေးကြပြီး စာပန်းရဂုံအမှတ် (၃) အား ဆက်လက်ထုတ်ဝေနိုင်ရေးနှင့် ကလောင်ရှင်အသစ်များ ပါဝင်ရေးသားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

## ဝက်လက်မြို့၌ မှုခင်းကျဆင်းရေးအသိပညာပေးဟောပြော

**ဝက်လက် ဖေဖော်ဝါရီ ၁**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရှားကွဲကျေးရွာတွင် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေး ဟောပြောပွဲတွင် ဝက်လက်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ငွေက မှုခင်းလျော့နည်း ကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရေး၊ လူကုန်ကူးမှု မှုခင်းများ မဖြစ်ပွားရေးတို့ကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**



## အရက်နှင့် မူးယစ်ဆေးဝါး ပညာပေးလှုပ်ရှားမှုကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ကျောင်းသားလူငယ်များအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အရက်၊ မူးယစ်ဆေးပညာပေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ရပ်ကွက် (၁၅) ခုတွင် စေတနာ့ဝန်ထမ်းလူငယ်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဗဟိုအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့နှင့် ယူနီဆက်တို့မှ အဖွဲ့များခွဲ၍ အရက်နှင့်မူးယစ်ဆေးပညာပေးရေး လုပ်ငန်းများ ဟောပြောစည်းရုံးခဲ့သည်။

ယင်းအဖွဲ့များအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူး၊ ကြက်ခြေနီတပ်ဖွဲ့များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း (IPRD)**



မြန်မာစာ အမှတ်မြင့်ဆုံး TOP TEN (အစွမ်းအောင်) ဆခဂ ၁၂၄၂ မောင်ခန့်စင်ထက် (၂၀၁၅)
မြန်မာစာ အမှတ်မြင့်ဆုံး TOP TEN (အဖိုးအောင်) ဆခဂ ၁၀၄၅ မစောကေနိုင်ဦး (၂၀၁၆)
ALL D ဆခဂ ၁၀၄၅ မစောကေနိုင်ဦး (ရမှတ်ပေါင်း ၅၆၀၊ သင်္ချာ ရမှတ် ၁၀၀)
ဆခဂ ၈၈၉ မောင်ဆက်ကောင်းခန့် ALL D
ALL D ဆခဂ ၁၀၂၂ မောင်သီဟအောင်
ALL D ဆခဂ ၁၀၄၀ မခိုင်မေဦး
ဆခဂ ၃၇၀ မထက်အိခြာမိုး ALL D

တက္ကသိုလ်ဝင်တန်း၊ Top Ten နှင့် ဘာသာစုံဂုဏ်ထူးရှင်များ ထွက်ရှိရာ...
သစ္စာသန္တာနီ ငွေလမင်း ၁၉
တည်ထောင်သည့် ကိုယ်ပိုင်အထက်တန်းကျောင်း
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၂)
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။
၁၀ တန်း(မတ် ၁၅)၊ ၉ တန်း(ဧပြီ ၂၇)၊ ၈၊၇၊၆၊၅ တန်း (မေ ၄) စမည်။ ကျောင်းကား(ကြို/ပို့) ferry စီစဉ်ပေးသည်။
ကျောင်း မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀

အဆင့်မြင့် ဘော်ဒါ
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီ ၂၇ ကျောင်းသူ၊ ဧပြီ ၂၉ ကျောင်းသား ဘော်ဒါ စ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၀၇ ၆၅၄၃၊

FORWARD အဆင့်မြင့် စာသင်ဝိုင်း
၁၀ တန်း၊ ၉ တန်း၊ ၈ တန်း (ဘာသာစုံ)
၁၀ တန်း [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
၁၀ တန်း(မတ် ၁၅)၊ ၉ တန်း(ဧပြီ ၂၇)၊ ၈ တန်း(ဧပြီ ၂၉) စ,မည်။
ဝိုင်း အမှတ်(၄၄)၊ ဝိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]
ကျောင်း(သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726

POST မူလတန်းဆရာဝင်ခွင့်ဖွင့်ပြီ
■စနေ-တနင်္ဂနွေ(၄-ရက်နေ့စမည်) ■တနင်္ဂနွေသီးသန့်(၅-ရက်စမည်)
■တနင်္လာ-ကြာသပတေး-သောကြာ(၅း၃၀-၇း၀၀) ■စာအုပ်ရပြီ
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း၊ကျောက်တံတားမြို့နယ်-၀၉၄၂၀၁၂၉၃၃၃

မြတ်သောအိမ်ခြံမြေ 09-7910 62005 , 09-3234-8704 09-7797 35325
ဦးရာလူ-ထိုက်သူရမြေကွက်သီးသန့် သန့်လျင်မြို့ ၊ ဗိုလ်ချုပ်ရွာ
I. 100' x 100' ပိုင်ရှင်အမည်ပေါက်၊ နေရာကောင်း - သိန်း(၁၀၀၀/)
II. 40' x 60' ပိုင်ရှင်အမည်ပေါက်၊ နေရာကောင်း - သိန်း(၃၃၀/)

ရွှေအိုးကြီး Feb-3,10,17
မြဝတီ၊ မဲဆောက်၊ ဘားအံ
Hotel (Visa) (75000)
Feb-10 (40000)
09421073634, 777636630

Bright
Since 1999
Summer School Age : 6 to 13
Preschool Age : 2 to 6
(March, April, May)
Ph : 09-401505922, 09-73082827



မြန်မာအင်တာနေရှင်နယ် ပရိဘောဂပြပွဲ ၂၀၁၇
MYANMAR INTERNATIONAL FURNITURE EXPO 2017
Original Product Award
၂၀၁၇၊ ဖေဖော်ဝါရီလ ၁၆ မှ ၁၉ ရက်နေ့အထိ
Feb 16 to 19 - 2017
( event organizer )



အမျိုးသမီးဝတ်ချုပ်သင်တန်း
B.A, B.Ed.



အခမဲ့ Facebook,
Viber, BeeTalk နှင့် ဖုန်းခေါ်ဆိုခြင်း
ooredoo
4444 သို့ "Free" ဟု SMS ပို့ပြီး ငွေဖြည့်ပါ

| ငွေဖြည့်သွင်းမှု | နေ့စဉ် အခမဲ့ | သက်တမ်း |
| --- | --- | --- |
| ၁,၀၀၀ ကျပ် - ၂,၉၉၉ ကျပ် | 500 MB Facebook<br>100 MB Viber / BeeTalk<br>အူရီဒူး အချင်းချင်း မိနစ် ၅၀ ဖုန်းခေါ်ဆိုမှု | ၃ ရက် |
| ၃,၀၀၀ ကျပ် - ၉,၉၉၉ ကျပ် | | ၅ ရက် |
| ၁၀,၀၀၀ ကျပ်နှင့် အထက် | | ၁၅ ရက် |

www.ooredoo.com.mm

လေဆိပ်အနီး (၁.၄၇) ဧကပေါ်တွင် ဆောက်ထားပြီး **နိုင်ငံခြားသားကိုပြန်လည်ရောင်းချနိုင်သော**
စုပေါင်းပိုင်အဆောက်အဦ အဖြစ်မှတ်ပုံတင်မည့် **ကွန်ဒို**

# JUNE.2018 Key အပ်

စရန်နှင့် **Key** အပ်ချိန်တွင် **13%** ကျန် **74%** ကို

**148 လ ငွေချေစနစ်**

**အတိုးမယူ**

**လစဉ်**

**သိန်း 4 ခန့်**

ရန်ကုန်တွင် ပထမဆုံးကွန်ဒိုနေရာနှင့် Junction 8
သို့အသွားအပြန် နံနက် (၆) နာရီမှာည (၉)အထိ **FREE SHUTTLE BUS** SERVICE ပါမည်။

ROYAL THIRI
CONDOMINIUM

**ဦးဆုံး(15)ခန်းလက်ဆောင်**
**ပါကေး & AIR-CON**

**စရံ 9 သိန်း ယူဏာပါ**

**နေ့ရက်** ■ 4/5-Feb-2017(9AM t0 9PM)
**နေရာ** ■ ဦးဝိစာရလမ်း၊ ရွှေတိဂုံစေတီအနောက်မုခ်ရှေ့
People Park Myanmar Culture

**မြန်မာနိုင်ငံသားများပိုင်ဆိုင်သော**
**i GREEN**
**DEVELOPMENT & ENGINEERING GROUP**

ကွန်ဒိုနေရာသို့ ကြိုတင်လေ့လာရန် ရန်ကုန်မြို့ထဲမှ ပြည်လမ်းမအတိုင်းလာပြီး လေဆိပ်မီးပွိုင့်အကျော် YCDC ဂေါက်ကွင်းရှိရာ ဂျပန်လမ်းရောက်လျှင် ဘယ်ချိုးပါ မြင်မြင်ချင်းလမ်း သီရိမင်္ဂလာလမ်းသို့ရောက်လျှင် ဘယ်ချိုးပါ။ လမ်းဆုံးလျှင်ဘယ်ချိုး နိဗ္ဗာန် ၈ လမ်းတွေ့လျှင် ညာချိုးပါက ကွန်ဒိုသို့ရောက်မည်။


KBZ BANK
STRENGTH OF MYANMAR
APPLY NOW
The New KBZ Visa Credit Card
KBZ BANK
Visa payWave
4216 8888 8888 8888
4216
VALID THRU 12/21
Mee Mee
VISA
Platinum
KBZ BANK
Visa payWave
4216 8888 8888 8888
4216
VALID THRU 12/21
MG MG
VISA
Experience the World of Privileges and Luxuries
KBZ Visa Platinum & Classic Credit Card
Call Center: +951 370320
Website : www.kbzbank.com Email : hotline.cards@kbzbank.com
Facebook : www.facebook.com/KBZCards

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၃၃၇) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀) ဆု

သ - ၃၁၈၈၄၉

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ခ - ၅၂၂၅၃၉   အ - ၆၅၇၁၆၈

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

ပ - ၁၉၁၁၄၆
ကဈ - ၂၅၆၂၂၉
အ - ၅၂၀၇၆၀
ဍ - ၆၈၆၅၈၉
က - ၈၃၉၂၀၂

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

ဟ - ၁၉၈၅၀၅
ကက - ၂၀၀၄၆၀
ခ - ၄၆၅၃၆၆
ဌ - ၅၆၉၅၃၉
လ - ၆၇၉၆၇၈
ဂ - ၆၈၃၆၇၄

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

လ - ၁၁၇၀၃၁
အ - ၂၃၄၄၃၀
ည - ၄၆၂၁၈၈
ဗ - ၆၃၄၆၈၄
ယ - ၆၈၂၃၇၈
မ - ၇၄၄၀၅၂
ခ - ၇၆၉၁၃၇

## ဆုတစ်ဆုစျင်းကျပ်သိန်း(၁၀၀)ဆုများ

| | | | |
|---|---|---|---|
| ယ - ၁၄၀၇၈၁ | စ - ၄၂၁၁၄၄ | င - ၇၂၁၆၂၇ | ပ - ၈၂၀၅၁၀ |
| ပ - ၁၆၂၁၇၇ | ကင - ၄၇၃၆၃၁ | ကင - ၇၄၂၀၁၀ | ရှ - ၈၉၂၃၃၅ |
| င - ၂၄၁၃၁၃ | ကင - ၅၇၅၄၃၅ | သ - ၇၆၉၆၆၅ | ကဆ - ၉၁၀၂၇၄ |
| ခ - ၂၄၃၆၉၂ | ခ - ၆၄၃၈၂၂ | ကဂ - ၇၇၅၀၁၀ | |
| ဒ - ၂၇၅၅၃၆ | ဆ - ၇၀၄၅၉၃ | ဗ - ၈၀၅၆၇၅ | |

## ဆုတစ်ဆုစျင်းကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ခ - ၁၁၆၅၄၅ | မ - ၆၉၇၆၅၁ |
| တ - ၁၆၀၄၈၉ | စ - ၇၃၂၈၄၄ |
| က - ၂၂၀၃၅၁ | ဌ - ၇၅၉၈၇၅ |
| ကယ - ၂၆၁၆၆၂ | ဟ - ၈၀၉၉၈၉ |
| ဘ - ၃၄၂၃၇၅ | ကဈ - ၈၃၃၆၃၃ |
| စ - ၃၄၆၀၃၃ | ခ - ၈၃၅၄၅၄ |
| လ - ၄၆၀၅၉၉ | ကယ - ၈၈၈၀၉၁ |
| ဟ - ၄၆၆၄၉၁ | ကစ - ၉၀၆၄၄၇ |
| ကင - ၅၈၁၇၉၁ | ကဈ - ၉၂၉၈၇၇ |
| အ - ၆၂၃၅၀၉ | ကခ - ၉၉၅၃၈၈ |

## ဆုတစ်ဆုစျင်းကျပ်(၂၅)သိန်းဆုများ

| | |
|---|---|
| ဟ - ၁၆၆၀၃၄ | င - ၅၂၃၅၇၆ |
| ပ - ၁၈၀၉၁၅ | ပ - ၆၁၅၅၁၇ |
| ခ - ၂၁၇၆၁၈ | ဘ - ၆၈၄၉၅၆ |
| သ - ၂၂၀၂၈၃ | တ - ၇၇၅၃၁၀ |
| ဇ - ၂၂၁၈၉၁ | ကဈ - ၇၇၅၅၅၉ |
| ဇ - ၂၄၈၆၇၄ | ခ - ၉၀၄၃၇၁ |
| ရှ - ၃၆၉၉၀၅ | ကဆ - ၉၀၅၀၀၁ |
| က - ၄၄၆၅၀၃ | ခ - ၉၀၈၅၈၂ |
| န - ၄၆၂၅၅၂ | ဗ - ၉၄၀၄၂၂ |
| န - ၅၂၀၀၂၆ | ဈ - ၉၈၈၈၃၆ |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ဘ | ၁၃၉၀၀၃ | ပ | ၆၀၂၃၉၈ |
| ပ | ၁၆၃၁၃၅ | ခ | ၆၆၀၉၁၉ |
| ရ | ၂၂၄၇၅၇ | ဈ | ၆၉၄၈၈၃ |
| ကဇ | ၂၃၆၃၅၀ | ဓ | ၇၀၂၇၉၁ |
| ဏ | ၂၉၃၀၁၈ | မ | ၇၂၉၈၆၇ |
| ကဃ | ၃၂၂၇၀၉ | ည | ၇၄၁၈၇၇ |
| သ | ၃၂၆၀၁၄ | ကခ | ၇၄၂၈၇၇ |
| လ | ၃၃၇၆၈၃ | ဝ | ၇၆၃၆၃၀ |
| သ | ၄၈၀၉၆၃ | ဖ | ၈၃၄၆၁၉ |
| ရှ | ၄၈၃၅၆၂ | နှ | ၈၅၀၇၈၆ |
| ယ | ၅၀၂၂၆၈ | ဖ | ၉၁၀၂၇၇ |
| ဠ | ၅၁၄၁၀၁ | ကဆ | ၉၁၂၃၇၂ |
| ဍ | ၅၃၇၁၈၀ | ဖ | ၉၆၅၇၅၇ |
| ဠ | ၅၆၆၀၂၅ | | |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၅)သိန်းဆုများ

| | | | |
|---|---|---|---|
| ကဂ | ၁၄၃၂၃၉ | သ | ၅၄၈၃၉၈ |
| ကဂ | ၁၄၄၉၀၉ | ဆ | ၅၇၈၅၆၃ |
| ဌ | ၁၆၂၆၃၃ | င | ၆၀၀၅၉၇ |
| ဍ | ၁၆၉၄၆၉ | ဟ | ၆၅၂၄၃၇ |
| စ | ၁၉၀၉၃၇ | ဌ | ၆၉၀၈၄၄ |
| ဗ | ၂၀၈၀၀၀ | ယ | ၇၀၆၂၄၈ |
| ဍ | ၂၁၂၄၇၆ | ဘ | ၇၃၀၄၄၇ |
| ဝ | ၂၃၂၆၇၄ | ယ | ၇၄၉၆၃၁ |
| ဏ | ၂၅၀၃၃၁ | ဓ | ၉၀၇၈၁၀ |
| ကင | ၃၂၃၃၈၁ | ဗ | ၉၃၀၇၆၀ |
| ဗ | ၃၄၄၃၆၅ | ဓ | ၉၅၅၅၉၃ |
| ဍ | ၄၁၀၄၅၂ | ဏ | ၉၆၃၂၈၁ |
| ရ | ၄၃၃၂၆၅ | ကစ | ၉၆၄၈၃၀ |
| ကခ | ၄၄၆၇၂၉ | လ | ၉၇၈၂၁၅ |
| ဖ | ၄၇၇၃၂၀ | သ | ၉၉၄၇၂၅ |
| ကစ | ၄၉၉၇၁၄ | ကဃ | ၉၉၄၉၇၁ |
| ဗ | ၅၃၂၁၈၅ | | |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| ဏ | ၂၃၁၁၀ | ဂ | ၆၇၄၁၉ |
| ခ | ၂၅၂၇၉ | ရ | ၇၉၉၇၀ |
| ပ | ၃၈၆၅၀ | ကက | ၈၂၇၃၄ |
| ခ | ၄၈၁၁၁ | ဒ | ၈၄၈၇၈ |
| ကခ | ၅၉၂၀၇ | ကဃ | ၉၆၂၃၁ |

အတွဲရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ(၂)သိန်းဆုများ

| | | | |
|---|---|---|---|
| ကဃ | ၁၀၂၆ | ပ | ၇၂၂၈ |
| ဘ | ၂၈၅၉ | ရှ | ၇၄၉၄ |
| ကစ | ၃၀၁၉ | ကစ | ၉၃၈၈ |
| ကက | ၄၅၃၄ | ကစ | ၉၅၂၃ |
| ဟ | ၅၅၅၈ | ဓ | ၉၉၆၈ |

အတွဲရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ(၁)သိန်းဆုများ

| | | | |
|---|---|---|---|
| မ | ၁၉၇ | ကခ | ၅၄၉ |
| ကဂ | ၂၂၈ | ည | ၆၈၅ |
| မ | ၄၀၇ | ကခ | ၇၉၅ |
| ဓ | ၄၂၃ | စ | ၈၆၃ |
| ယ | ၄၃၄ | ကင | ၈၉၈ |
| ကဃ | ၄၅၀ | | |

အတွဲရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ(၅)သောင်းဆုများ

| | |
|---|---|
| ဍ | ၂၆ |
| ဂ | ၆၂ |
| ဓ | ၇၈ |

အတွဲရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

၁။ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင်ကျင်းပသည့် (၃၃၇) ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း (၄၂၂၃၉)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၇ခုနှစ် မတ် လ (၁) ရက်နေ့တွင်ကျင်းပမည့် (၃၃၈) ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင်လည်း ဆုမဲပေါင်း (၄၂၂၃၉)ဆု ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၃။ အောင်ဘာလေထီ ဝယ်ယူကံစမ်းသူများအနေဖြင့် (၃၃၈) ကြိမ်မြောက်အတွက် အောင်ဘာလေသိန်းဆုလက်မှတ်များကို(၃. ၂. ၂၀၁၇)ရက်နေ့နံနက် (၁၀) နာရီမှ မွန်းလွဲ (၂)နာရီအတွင်း အောက်ပါမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် လူတစ်ဦးလျှင် ထီစာအုပ်(၁)အုပ်မှ (၅)အုပ်ထိ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူတင်ပြပြီး ငွေသားလက်ငင်းပေးချေ၍ လွတ်လပ်စွာဝယ် ယူနိုင်ပါသည်-

(က) လှိုင်သာယာ (ခ) ရွှေပြည်သာ (ဂ) သန်လျင် (ဃ) ဒဂုံမြို့သစ်(မြောက်ပိုင်း)
(င) ဒဂုံ (စ) သာကေတ (ဆ) ကြည့်မြင်တိုင် (ဇ) တွံတေး

ဆုငွေစတင်ထုတ်ပေးမည့်ရက် (၈. ၂. ၂၀၁၇)

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

**စည်းစိမ်ပင်း 09-444450446, 09-250144709**

+ အလောင်းတော်ကဿပ(သီးသန့်) 35000 + မန်းရွှေစက်တော်(သီးသန့်) 35000
+ မန်းရွှေစက်တော်နှင့် မန္တလေး ပြင်ဦးလွင် စစ်ကိုင်း မုံရွာ အလောင်းတော်ကဿပ
+ မန်းရွှေစက်တော်နှင့် ပုဂံ(နွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ–သီဟိုဠ်ရှင်
+ မန္တလေး ပြင်ဦးလွင် စစ်ကိုင်း မုံရွာ အလောင်းတော်ကဿပ 50000
+ ပုဂံ(နွယ်တော်လေးဆူ)၊ ရှောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ–သီဟိုဠ်ရှင် 40000
+ ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်၊ ဟော်လမြိုင်၊ ကျိုက်ထီး၊ စက်ခဲ 60000
+ တောင်ကြီး အင်းလေး ပင်းတယ၊ ကုလုံ၊ ထမ်းစေး ရွှေတော်ကက္ကူ 50000
+ အားလုံး၊ မြဝတီ၊ မဲဆောက် Hotel Pakage- (ရောက်ငြိမ်း) 70000
+ အားအံရှ(၃)ရှု၊ ချမ်းသူမြိုင်၊ ကျောက်ကလော်၊ လွမ်းညစရေပြာအိုင် 37000
+ အားသံ၊ တောင်နိုင်းဂေါင်၊ ချမ်းသူမြိုင်၊ ကျောက်ကလော်၊ လွမ်းညစရေပြာအိုင် 35000
+ ဟော်လမြိုင်၊ ကျိုက်ထီး၊ စက်ခဲတပ်းခြေ နှင့် လမ်းဘုရားစုံ 35000 (Feb 4,11, 18, 25)
+ ရှင်သီဝလိရဟန္တာခြေတော်ရာအခမ်းနှင့် ပဲခူး လမ်းဘုရားစုံ 25000

Feb 3,10,17,24
Guest House/ Hotel
Apr 10,11,12

**မြတ်စမ္မ** ဗုဒ္ဓဂယာ ဘုရားဖူး ပို့ဆောင်ရေးအဖွဲ့
ဒေါ်ညွှန့်ညွှန့်ဆွေ(မဒွေး) ဦးစီးသော

၇ ညအိပ်၊ ၈ ရက်ခရီး – 14 April 2017
၁၄ ညအိပ်၊ ၁၅ ရက်ခရီး – 10 Mar 2017

➤ သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)
➤ သံဝေဇနိယလေးဌာန + အဝိဇ္ဇာဘာလေးဌာန + နယုးလေ + အာဂရာ + တာဇ်မဟာ
နေရာနဲ့ရောက် ရှုစိတ်ချမ်းမြေ့စေရမည်။ နေ့သည် (၁၆) ဦးလျှင် (၁) ဦး အခမဲ့

ဆက်သွယ်ရန် – ဒေါ်ယဉ်ယဉ်ကျော်(ဗုဒ္ဓ–ညွှန်မှူး ခရီးစဉ်ချုပ်ရုံး/ငြိမ်း)
လိပ်စာ – အမှတ်(၅၆)ခမြင်ညီ၊ ပါရမီလမ်း(၁၆)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့
ဖုန်း – 09-5085810, 09-43030290, 09-420256685, 01-522835

**မိုးမြင့်ကြယ်**
ကျိုက်ထီးရိုး (နေ့ပြန်/ငြိမ်း) 33000
ရေမွှင်းသာ (Guest - ငြိမ်း) 35000
(နေ့စဉ်) (Hotel - ငြိမ်း) 45000
ငွေဆောင် (Hotel - ငြိမ်း) 50000
(နေ့စဉ်) (Hotel+ကား) 40000
ဘုရားဖူးအဖွဲ့အစည်းများအတွက် Package အထူးစီစဉ်ပေးသည်။
ကားမျိုးစုံစင်းလုံးငှားထောင်ရွက်ပေးသည်။
01-549380, 09-5093704
09-450012971

CAR RENTAL
မြို့တွင်းမြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(အဲ၀ေတုံး)ကားသစ်ကြီးများဖြင့် ဝန်ဆောင်မှုပေးပါသည်။
09 25 358 2510, 09 515 8803

(43)ud;jrmuf;rZif;orx0dyó em
(45)&ufw&m;pcef;zGifh

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက် အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ ဆရာတော်အရှင်ကေလာသ၊ အရှင်ပညာဒီပ အရှင်သူမြတ်နှစ်ပါးတို့မှ မြေဇင်းဆရာတော်ကြီး၏ နည်းနာနိဿယ အတိုင်း သမထဝိပဿနာ (၄၅)ရက်တရားစခန်းကို (၁၃၇၈ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်) ၁၉-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတိတိတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် မည်သည့်ဝင်ကြေးစရိတ်စက မည်သည့်အလှူမှ ထည့်ဝင်လှူဒါန်းစရာမလိုဘဲ ကြိုတင်စာရင်းပေး ဝင်ရောက်နိုင်ပါသည်။

**ဆက်သွယ်ရန်**
**အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ**
**မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့**
**ဖုန်း-၀၉-၂၀၃၃၃၄၄၊ ၀၉-၇၉၅၃၅၀၆၀၈၊ ၀၉-၇၃၀၃၅၇၅၇၊**
**၀၉-၂၅၀၆၆၆၂၀၆**

**Myanmar Ever Bright Star**
Travels & Tours Co., Ltd.
သကြၤန်တွင်းခရီးစဉ် ၁၁–၀၀၇၃

| | | | |
|---|---|---|---|
| ရှမ်းဟား – ဘန်ကောက် – ပတ္တရား | ၁၀/၁၁/၁၂/၁၃ (ပြီ) | (၅ည/၆ရက်) | $ 590 |
| ရန်ကုန် – ဘန်ကောက် – ပတ္တရား | ၁၀/၁၁/၁၂/၁၃ (ပြီ) | (၅ည/၆ရက်) | $ 590 |
| စင်္ကာပူ – မလေးရှား | ၁၃ (ပြီ) | (၅ည/၆ရက်) | $ 1000 |
| ကမ္ဘောဒီးယား – ဗီယက်နမ် – ထိုင်း | ၁၀/၁၁/၁၂ (ပြီ) | (၈ည/၉ရက်) | $ 1100 |
| Guilin (တရုတ်) – ကွာလာလမ်ပူ | ၁၀ (ပြီ) | (၈ည/၉ရက်) | $ 1300 |
| ဂျပန်ခရီးစဉ် | ၉/၁၀/၁၁/၁၂ (ပြီ) | (၉ည/၁၀ရက်) | $ 2800 |
| ဂရိခရီးစဉ် | ၁၂ (ပြီ) | (၉ည/၁၀ရက်) | $ 3400 |
| ဒိုဟာ – အီတာလီ – ဆွစ်ဇာလန် – ပြင်သစ် | ၁၀/၁၂ (ပြီ) | (၉ည/၁၀ရက်) | $ 2900 |
| အီတာလီ – မိုနာကို – ပြင်သစ် – စပိန် | ၁၀ (ပြီ) | (၉ည/၁၀ရက်) | $ 3000 |
| ဥရောပ – ၉ နိုင်ငံ (နိုင်ငံစုံ) | ၁၀ (ပြီ) | (၁၄ည/၁၅ရက်) | $ 3900 |
| သြစတြေးလျခရီးစဉ် | ၁၀/၁၁/၁၂ (ပြီ) | (၇ည/၈ရက်) | $ 2500 |
| ကိုရီးယားခရီးစဉ် | ၁၁ (ပြီ) | (၈ည/၉ရက်) | $ 1700 |
| တရုတ် – မကာအို – ဟောင်ကောင် | ၁၀/၁၃ (ပြီ) | (၇ည/၈ရက်) | $ 1600 |
| အမေရိကန်ခရီးစဉ် | ၈/၉/၁၀/၁၁/၁၂/၁၃ (ပြီ) | (၁၄ည/၁၅ရက်) | $ 4000 |

အမှတ် ၉၁၊ ပ – ထပ်၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
Ph:09 250505559, 09 964505559, 01 9010835.

**ချာဒိုသား တန်မှတန်ခရီးစဉ်များ**
ကျိုက်(၅)ကျိုက် ဘုရားစုံ–ဟော်လမြိုင်–ကျိုက်ထီးစက်ခဲ ဝင်းကျိုက်ရောက်ချိန် Package(35000)
Package(40000)
Package(45000)
Package(55000)
Package(60000)
Package(85000)
Ph:09425334456.09252606649.0949323965

**ရွှေပုလ္လင်**
**တောင်ဒဂုံ (PT Power)**
**ဖွင့်ပြီ!**
အမှတ် ၂ လမ်းမကြီး၊ PT Power ဓါတ်ဆီဆိုင်ဝင်းအတွင်း။ Ph:01-538736

ကိုယ်တိုင်သင်ကြားနေသည့် မြင့်မားသည့်ရမှတ်များနှင့် ရည်မှန်းသွက်လက် ထူးချွန်ထက်မြက်သူ တို့စုဝေးရာ ကျောင်းတော်
**မေဒ** GVA MK
၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အတွက်
**ဘာသာစုံစာသင်ဝိုင်းများ**
၉တန်း ၊ ၁၀တန်း(တက္ကသိုလ်ဝင်တန်း)
**မတ်လဆန်းစမယ်**
**"ဝိုင်း"ကြိုအပ်လက်ခံပြီ**
ဓာတုဗေဒသီးသန့် (၁၀)တန်း
မတ်လဆန်းစမည်။ (ကျောင်းအပ်လက်ခံပြီ)
ကန့်သတ်(၃၀)ဦးသာ
H-2 ဓမ္မာလမ်း၊ မေခအိမ်ယာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း - ၀၁ - ၅၇၃၃၄၁၁၊ ၀၉ - ၅၁၄၃၃၁၁၆၊ ၀၉ - ၅၄၀၆၅၄၆

ကွန်ဒိုအခန်း အငှားရှာပေးသည်
ရေခဲတိုက်မြေအောက်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်း ရန်(၂)ကောင်ဒို

နိုင်ငံခြားသားများအတွက် တိုက်ခန်းနှင့် Condo များ ငှားလိုပါသည်။ 5 သိန်းမှ 15 သိန်းအတွင်း။ အမြန်ဆုံး ငှားထွက်သွားအောင်အကျိုးဆောင်ပေးမည်။ပိုင်ရှင်တိုက်ရိုက်သာဆက်သွယ်ပါ။(မှတ်ချက်-နိုင်ငံခြားသားအများစုမှာ ဥရောပနိုင်ငံသား များဖြစ်ပါသည်) 09 2529 222 07

အချိန်ကာလသတ်မှတ်ထားပါသည်။
ဒီအထူးအတိုးနှုန်းနဲ့ အခုပဲငွေစုလိုက်ပါ။
**9.75%*** INTEREST
**FIXED DEPOSIT FOR THREE MONTHS**
နီးစပ်ရာ ဘဏ်ခွဲများမှာ လာရောက် စုံစမ်းနိုင်ပါသည်။
Email: info@yomabank.com | www.yomabank.com
* သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။ 9.75% p.a.
ရိုးမဘဏ်

လက်ဖက် နှင့် နှစ်ပြန်ကြော်

သီတင်းကျွတ် - တန်ဆောင်တိုင်

# ရက်တစ်ရာ ကံစမ်းမဲပွဲတော် ကံထူးရှင်များ



## NISSAN NOTE 2013 ကား ကံထူးရှင်

ဦးမျိုးသူအောင် (ကျောက်ဆည်)

မျိုးသူအောင် ကုန်စုံဆိုင်၊ မဲနံပါတ် - 112610

## တစ်ကျပ်သား ရွှေဆွဲကြိုး ကံထူးရှင်



| | | | |
|---|---|---|---|
| 150907 | ဦးနိုင်ထွန်းလတ် | ငွေပင်လယ် | မိုးကုတ်အနောက်ပိုင်း၊ ကသဲဈေး |
| 157136 | ဦးဝင်းဆွေ | ဝင်းစတိုး | တန့်ဆည် |
| 209316 | ဒေါ်စန္ဒာဝင်း | စန္ဒာဝင်း ကုန်စုံဆိုင် | တောင်တွင်းကြီးမြို့ |
| 145252 | ဒေါ်ကံသာ | ရွှေနန်းတော် | ညောင်ဦးမြို့ |
| 178313 | ဒေါ်ဝေဝေထွန်း | အောင်ပိုင်ဝင်း | ပြင်ဦးလွင်မြို့ |
| 213758 | ဒေါ်ချစ်ဆုဝေ | ရာဇာမင်း | ၂၇လမ်း၊ ၈၆ × ၈၇ကြား၊ မန္တလေးမြို့ |
| 165927 | ဦးနေလင်း | အေး စတိုး | ပြည်တော်သာလမ်း၊ တောင်ဒဂုံ(၆၅)ရပ်ကွက်၊ အိမ်အမှတ်(၁၀၂၀)၊ ရန်ကုန်မြို့ |
| 137382 | ဒေါ်ခင်အုန်း | တိုင်စိန် | အမှတ်(၃၆)၊ ဗိုလ်တေဇလမ်း ၅ ရပ်ကွက်၊ ဘိုကလေးမြို့ |
| 136235 | ဒေါ်မြင့်တင် | မြင့်မိုရ် | ရပ်ကွက်(၇)၊ နယ်မြေ(၁၇)ကွက်သစ်၊ လားရှိုးမြို့ |

## SAMSUNG TV 43" ကံထူးရှင်



| | | | |
|---|---|---|---|
| 113665 | ဒေါ်စုစုနိုင် | ဟသ်ာညီနောင်လက်ဖက် | ၁၇၀ အိုးဘို(၈)လမ်း၊ မကွေးမြို့ |
| 182590 | ဒေါ်ခင်ဝေဝေနွယ် | မမိနင့်မောင်နှမများ | မင်းဘူးမြို့ ဈေးသစ် |
| 185649 | ဒေါ်မူမူ | ဒေါ်မူမူ | အမှတ်(၆၅)၊ အောင်ချမ်းသာ၊ မြစ်ငယ်မြို့ |
| 189165 | ဒေါ်ခင်မမ | ဒေါ်ခင်မမ | မန်းမော်မြို့၊ အလ(၉၀) |
| 184878 | နန်းအေးမိုနောင့် | မွိုင့်စတိုး | ၃၂လမ်း၊ ၈၃ × ၈၄ကြား၊ မန္တလေးမြို့ |
| 181810 | ဒေါ်ယဉ်မွန်သန့် | ယဉ်မွန် | မြို့မဈေး၊ စဉ့်ကိုင်မြို့ |
| 179433 | ဦးစံဝင်းမောင် | ရွှေဟသ်ာ | မြင်းခြံမြို့ |
| 188000 | ဒေါ်မိုးမိုးနိုင် | စန်းမေတ္တာ | အောင်ချမ်းသာ ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့ |
| 154134 | ဒေါ်သက်သက် | မသက် ကုန်မျိုးစုံ | မြို့မရပ်၊ ပျော်ဘွယ်မြို့ |

## SAMSUNG ရေခဲသေတ္တာ ကံထူးရှင်



| | | | |
|---|---|---|---|
| 154230 | ဒေါ်သင်းသင်းနိုင် | မန္တလေးကုန်စုံဆိုင် | ဆီဆိုင်မြို့၊ သိရိရပ်၊ ရှမ်းပြည်နယ်တောင်ပိုင်း |
| 118688 | ဒေါ်မြင့်မြင့်လွင် | အန်တီစိန် မုန့်ဆိုင် | အောင်သပြေ(၁)၊ မိုးညှင်းမြို့ |
| 131640 | ဦးမောင်မောင်ဦး | ကိုဦး စတိုး | အနောက်ပိုင်းရပ်ကွက်၊ ဆိပ်ဖြူမြို့ |
| 214351 | ဦးချစ်ဆွေဝင်း | ဒေါ်အေးမြင့် | မြို့မဈေး၊ စစ်ကိုင်းမြို့ |
| 184396 | ဒေါ်နုနုယဉ် | ရွှေဆည် | တန်ဆောင်တိုင်လမ်း၊ ပခုက္ကူမြို့ |
| 186165 | ဒေါ်ပြုံး | မတင်မမ | တံတားဦးမြို့၊ ဈေးအတွင်း |
| 167322 | ဒေါ်နုနုရွှေ | ဒေါ်နု | ပခုက္ကူ မြို့မဈေး၊ ၂၈/၃-၁၆ |
| 194043 | ဒေါ်သက်သက် | မသက် ကုန်မျိုးစုံ | မြို့မရပ်၊ ပျော်ဘွယ်မြို့ |
| 172774 | ဒေါ်ခင်အေးကြည် | ဂန္ဓာ လက်ဖက်ဆိုင် | ရတနာသိဂ်ဈေး၊ မြောက်ဥက္ကလာမြို့နယ် |

| | | | |
|---|---|---|---|
| 178765 | ဒေါ်လှသင်း | ဒေါ်လှသင်း | မြို့သစ်ကလေး၊ မိုးညှင်းမြို့နယ် |
| 141209 | ဦးမောင်ဝင်း | ဦးမောင်ဝင်း | မြိုင်မြို့နယ်၊ လက်ယက်မစံပြရွာ |
| 174006 | ဦးမြင့်သိန်း | ဟိဏ်းဟိဏ်း | မိတ္ထီလာမြို့၊ မ/၂၈၇ |
| 151173 | ဦးမင်းမင်းစိုး | ပြည်ကျော် ကုန်စုံဆိုင် | မေတ္တာမြိုင်ရပ်လမ်းဆုံ၊ တန့်ဆည်မြို့၊ စစ်ကိုင်းတိုင်း |
| 130890 | ဦးမြင့်ရွှေ | ကံငွေအောင် (၂) | မတ္တရာ ကျောက်တံတား |
| 184820 | ဒေါ်ဇာဇာအေး | မဇာ | မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့ |
| 198460 | မလှဲ့လှဲ့ဝင်း | မလှဲ့လှဲ့ဝင်း | မိတ္ထီလာမြို့ |
| 182694 | ဦးသောင်းဌေး | ကိုုးသုံးကောင် | ရှောက်တော၊ မွင့်ဖြူမြို့နယ် |
| 139057 | ဒေါ်အိအိကျော် | ဒေါ်အိအိကျော် | ရေနံချောင်းမြို့၊ မြို့မဈေး |
| 115504 | ဦးစိုင်းနေလင်း | လမင်း ကုန်စုံဆိုင် | ခန္တီးမြို့၊ မြို့မရပ် |
| 161396 | ဒေါ်မြင့်မြင့်ဌေး | ဒေါ်မြင့်မြင့်ဌေး ဖြန့်ချီရေး | ကျောက်ဆည်မြို့နယ်၊ ရဲကြီးရွာ |
| 187220 | ဦးဇော်မင်း | ဆင်မင်း လက်ဖက် | အမှတ်(၄၆၁)၊ လမ်းမတော်ကွက်သစ် အရှေ့ရပ်၊ ချောက်မြို့ |
| 183622 | ဦးဇော်မင်း | ဆင်မင်း လက်ဖက် | အမှတ်(၄၆၁)၊ လမ်းမတော်ကွက်သစ် အရှေ့ရပ်၊ ချောက်မြို့ |
| 118545 | ဦးရဲဝင့်မော် | ဦးရဲဝင့်မော် | အမှတ်(၁၅)၊ ၁လမ်း၊ ပခုက္ကူမြို့ |
| 192265 | ဒေါ်ဥမ္မာအောင် | ငါးနှစ်ကောင် | အမှတ်(၃)၊ တောင်သာမြို့ |
| 127910 | ဒေါ်ပြောင်းတင် | ဇီတာမင် | ရွှေဘို |
| 198355 | ဒေါ်ရွှေလှ(ခ)ဒေါ်စန်းကြည် | စိန်မြိုး | ရွှေကူမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကချင်ပြည်နယ် |
| 188853 | ဒေါ်စုမာဝင်း | ခင်ခင်စန်း | မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့ |
| 177549 | ဒေါ်ဇာဇာလင်း | ရွှေစင်မိုး | ကံဦးရပ်၊ ကျောက်ဆည်မြို့ |
| 112145 | ဒေါ်ခင်လှကြူ | ဇော်ချိုချဉ် | ညောင်လေးပင်မြို့ |



## HUAWEI P9 LITE ဖုန်း ကံထူးရှင်

- ပင်ရုံး - အမှတ် (၁၄)၊ ၈၅ လမ်း၊ ၂၈ လမ်း နှင့် ၂၉ လမ်းကြား မန္တလေးမြို့။ ၀၂-၆၅၅၄၀၊ ၀၉-၅၀၆၉၁၉၉
- ရန်ကုန်ဖြန့်ချိရေး - ၀၉-၅၁၄၄၅၆၆၊ ၀၉-၉၁၀၄၄၅၄၅

# မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်လှစ်



**မကွေး ဖေဖော်ဝါရီ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယ ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရင်ပြင်တော်၌ ကျင်းပသည်။ **(ယာပုံ)**

မန်းစက်တော်ရာ ပါဒစေတီတော်ဗုဒ္ဓပူဇနိယပွဲတော်အခမ်းအနားကို မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် မကွေးမြို့ အမှတ်(၈၈)ခြေမြန် တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးဝင်းဗိုလ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်အမှူးပြုသောအကြီးအကဲများက အောက်စက်တော်ရာ အလင်းပေါက် ဖန်အုပ်ဆောင်တော် နှင့် အထက်စက်တော်ရာ ပါဒစေတီတော်မြတ်တို့ကို ဖွင့်လှစ်၍ ရွှေသင်္ကန်းတော်ဆက်ကပ်ပူဇော်ကာ သံဃာတော်အရှင်သူမြတ်တို့က တံခွန်၊ ကုက္ကားများ ဆက်ကပ်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူ ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို အမှူးပြုသော အကြီး အကဲများက မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ သံဃာတော်အရှင်သူမြတ်များက **စာမျက်နှာ ၉ ကော်လံ ၅ သို့ ✾**

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄) ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

၂၀၁၇ ရာသီ MNL အမှတ်ပေး ပြိုင်ပွဲ ပွဲစဉ်(၄)ကို ဖေဖော်ဝါရီ ၄ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပမည်ဖြစ် ပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းသည် အိမ်ကွင်း၌ လက်ခံကစားမည်ဖြစ် သော်လည်း လက်ရှိချန်ပီယံ ရတနာပုံ အသင်းမှာ အဝေးကွင်းကစားရမည် ဖြစ်သည်။

ပွဲစဉ်(၄)အဖြစ် ဖေဖော်ဝါရီ ၄ ရက် တွင် သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက် အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ တောင်ငူကွင်း၌ ဟံသာဝတီအသင်း နှင့် GFA အသင်း၊ ဖေဖော်ဝါရီ ၅ ရက်တွင် ပုသိမ်ကွင်း၌ ဧရာဝတီအသင်း နှင့် ရတနာပုံအသင်း၊ ဝေသာလီကွင်း ၌ ရခိုင်အသင်းနှင့် ဇွဲကပင်အသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် Southern အသင်း၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်အသင်းနှင့် မကွေးအသင်း တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ◯**



ဧရာဝတီအသင်းနှင့် ရတနာပုံအသင်းတို့ ၂၀၁၆ ရာသီက တွေ့ဆုံခဲ့စဉ်။

# တူရကီနိုင်ငံမှ လှူဒါန်းသည့် ဆန်အိတ်များ မောင်တောမြို့၌ နှစ်ဖက်လူ့အသိုက်အဝန်းများအား ဆက်လက်ထောက်ပံ့မည်

**မောင်တော ဖေဖော်ဝါရီ ၁**

တူရကီနိုင်ငံအစိုးရနှင့် တူရကီပြည်သူများက မောင်တောဒေသ အတွက် ပေးအပ်လှူဒါန်းခဲ့သည့် ဆန်အိတ်များကို မောင်တောဒေသရှိ နှစ်ဖက်လူ့အသိုက်အဝန်းများထံ စနစ်တကျ စုပုံဖြန့်ဖြူးထောက်ပံ့ပေးလျက် ရှိကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့မှ မောင်တောမြို့သို့ တူရကီ နိုင်ငံမှ ဒုတိယအကြိမ်လှူဒါန်းသည့် ဆန်အိတ် ၃၇၅ အိတ် ရောက်ရှိလာရာ မောင်တောမြို့ မြို့မအနောက်ရပ်ကွက်ရှိ ပုဂ္ဂလိကအငှားဂိုဒေါင်၌ လုံခြုံစွာစုပုံထားရှိပြီး မောင်တောဒေသရှိ ကျေးရွာများသို့ ဆက်လက်စုပုံ ဖြန့်ဖြူးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖြူလှက "မောင်တော ဒေသမှာရှိတဲ့ နှစ်ဖက်အသိုက်အဝန်းတွေအတွက် တူရကီနိုင်ငံက ပထမ အကြိမ်အဖြစ် ဆန်အိတ် ၃၉၉၀ လှူဒါန်းပါတယ်၊ အဲဒီဆန်အိတ်တွေကို ရခိုင်ပြည်နယ်အစိုးရကတစ်ဆင့် စစ်တွေ-ဘူးသီးတောင်-မောင်တော လမ်းကြောင်းအတိုင်း ရေကြောင်းလမ်း၊ ကုန်းလမ်းနဲ့သယ်ယူရပါတယ်။ ရောက်လာတဲ့ဆန်အိတ်တွေကို ဒီမောင်တောက ဂိုဒေါင်မှာပဲ လုံလုံခြုံခြုံ စုပုံပြီး မောင်တောဒေသမှာရှိတဲ့ နှစ်ဖက်လူ့အသိုက်အဝန်းက ကျေးရွာ တွေကို **စာမျက်နှာ ၉ ကော်လံ ၃ သို့ ❖**



# ၂၀၁၇ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သိကောင်းစရာ မြန်မာစာ

ဒီကနေ့ပို့ချမယ့် ပို့ချချက်ကတော့ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေအတွက် "မြန်မာစာဘာသာရပ် မေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများ" ဖြစ်ပါတယ်။ ဒီပို့ချချက်ဟာ မြန်မာစာ ပြဋ္ဌာန်း စာတွေကို လေ့လာကျက်မှတ်ရာမှာ အထောက်အကူပြုနိုင်ဖို့နဲ့ တက္ကသိုလ်ဝင်စာမေးပွဲကြီး ဖြေဆိုရာမှာ ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုစေနိုင်ဖို့ ရည်ရွယ်ပါတယ်။

ကျောင်းသား ကျောင်းသူများ သိပြီးဖြစ်တဲ့အတိုင်း ဒသမတန်း မြန်မာစာ ဘာသာရပ်အတွက် ပြဋ္ဌာန်းထားတဲ့စာအုပ် ၄ အုပ်ရှိပါတယ်။

အဲဒီစာအုပ်တွေကတော့ -

မြန်မာသဒ္ဒါအတွဲ(၂) အခန်း(၆)

မြန်မာကဗျာလက်ရွေးစင်

မြန်မာစကားပြေလက်ရွေးစင်နဲ့

ရသည်ပြဇာတ်တို့ ဖြစ်ပါတယ်။

မြန်မာစာဘာသာရပ်ကိုလေ့လာရာမှာ ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ လေ့လာထားရမှာဖြစ်ပေမယ့် စာမေးပွဲဖြေဆိုရာမှာတော့ စာမေးပွဲမေးခွန်းနဲ့ အံဝင် ခွင်ကျဖြစ်အောင်၊ ပေးထားတဲ့အချိန်အတိုင်းအတာအတွင်း ကွက်တိ ဖြေဆို နိုင်အောင်၊ လေ့လာကျက်မှတ် လေ့ကျင့်ထားဖို့ လိုအပ်ပါတယ်။ ဒီလို လေ့လာ ကျက်မှတ်လေ့ကျင့်နိုင်ဖို့အတွက် မြန်မာစာမေးခွန်းပုံစံကို ဦးစွာ ကျေကျေညက်ညက် သိရှိထားဖို့ လိုအပ်ပါ တယ်။

မြန်မာစာမေးခွန်းဟာ (၃) နာရီမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်းကြီး (၆)ပုဒ် မေးထားပါတယ်။ သဒ္ဒါ(၁)ပုဒ်၊ ဝေါဟာရ အလင်္ကာ (၁) ပုဒ်၊ ကဗျာခမ္မဓိဋ္ဌာန်နဲ့ ကဗျာ မေးခွန်းရှည် (၁)ပုဒ်၊ စကားပြေခမ္မဓိဋ္ဌာန်နဲ့ စကားပြေမေးခွန်းရှည် (၁)ပုဒ်၊ ပြဇာတ်မေးခွန်း (၁)ပုဒ်၊ စာစီစာကုံး မေးခွန်း (၁)ပုဒ်တို့ ဖြစ်ပါတယ်။ မေးခွန်းအလိုက်ရွေးချယ်စရာတွေ ပါဝင်မှာ ဖြစ်ပါ တယ်။

မေးခွန်း(၁)ကတော့ မြန်မာသဒ္ဒါပြဋ္ဌာန်းစာ အတွဲ(၂) အခန်း(၆)ကို အခြေခံ ထားတဲ့ မေးခွန်းဖြစ်ပါတယ်။ မြန်မာသဒ္ဒါ အတွဲ(၂)၊ အခန်း(၆)မှာ အပိုင်း (၃) ပိုင်း ပါဝင်ပါတယ်။ (က) မြန်မာစာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ (ခ) ဝါစင်္ဂဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ (ဂ) ဝါကျဆိုင်ရာ သိမှတ်ဖွယ်ရာများတို့ ဖြစ်ကြပါ တယ်။ မေးခွန်း (၁) မှာ ဒီကဏ္ဍတွေကို မေးခွန်းပုဒ်ခွဲ ၃ ခုခွဲပြီး မေးလေ့ရှိပါတယ်။ မေးခွန်းပုဒ်ခွဲမေးရာမှာ ကဏ္ဍအလိုက် မေးတာမျိုးမဟုတ်ဘဲ မေးခွန်း ၁ (က)မှာ အပိုင်း ၃ ခုစလုံးက အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရှင်းလင်းဖော်ပြချက် စတဲ့ ကျက်မှတ်မှု ဆိုင်ရာ မေးခွန်းနဲ့၊ မေးခွန်း ၁ (ခ) နဲ့ (ဂ) ကတော့ မြန်မာသဒ္ဒါကို ဘယ်လောက် နားလည်မှု ရှိ မရှိ၊ ဘယ်လောက်လက်တွေ့အသုံးချနိုင်စွမ်း ရှိ၊ မရှိဆိုတဲ့ နားလည်မှုနဲ့ ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ်တဲ့ မေးခွန်းဖြစ်ပါတယ်။

မေးခွန်း ၁ (က) မှာ အပိုင်း (၁) မြန်မာစာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများအခန်းမှာ ကဏ္ဍ ၃ ခု ပါဝင်တဲ့အနက် မူရင်းအရေးအသားများ၊ စဉ့်ကွင်းစာ၊ ကျောက်စာ၊ အုတ်ခွက်စာ၊ ပေစာပုရပိုက်စာ စတဲ့ စာအမျိုးမျိုး၊ ခရာဝန်း၊ ခရာထောင့်၊ ဇကွဲပြောင်းလဲပုံ၊ ည ပြောင်းလဲပုံ၊ ဒထွေး ပြောင်းလဲပုံ၊ နငယ် ပြောင်းလဲပုံ၊ အပြောင်းလဲ ပုံစတဲ့ မြန်မာအက္ခရာကဏ္ဍက မြန်မာ အက္ခရာတွေရဲ့ ယေဘုယျပုံသဏ္ဌာန်နဲ့ အက္ခရာပုံသဏ္ဌာန် ပြောင်းလဲပုံတွေ၊ ဌာန်၊ ကရိုဏ်းနဲ့ ပယတ်တို့ရဲ့ ဖွင့်ဆိုချက်များ၊ ဌာန်၊ ကရိုဏ်း၊ ပယတ်တို့ကြောင့် ဖြစ်ပေါ်လာတဲ့ စကားသံအကြောင်း၊ လှုပ်ရှားနိုင်တဲ့ စကားသံဖြစ် အင်္ဂါ၊ မလှုပ်ရှားနိုင်တဲ့ စကားသံဖြစ်အင်္ဂါ၊ ဌာန် ၇ မျိုး၊ ကရိုဏ်း ၇မျိုး၊ ဌာန်နှင့်ကရိုဏ်း အတွဲ ၇မျိုး၊ ပယတ် ၄ မျိုး၊ သရရွတ်ဆိုပုံ၊ ဗျည်းရွတ်ဆိုပုံစတဲ့ ဌာန်၊ ကရိုဏ်း၊ ပယတ်ကဏ္ဍက သိမှတ်ဖွယ်ရာတွေ၊ ပါဋ္ဌိဆင့်ရေးနည်းနှင့် ဖတ်နည်းအခန်းက ပါဋ္ဌိဆင့်ရေးနည်းနှင့် ဖတ်နည်း၊ အက္ခရာတူနှစ်လုံးဆင့်နည်း၊ အက္ခရာကွဲနှစ်လုံးဆင့်နည်း စတဲ့ရေးနည်းတွေကို ထုတ်နုတ်မေးမြန်းလေ့ရှိပါတယ်။

အပိုင်း(၂) ဝါစင်္ဂဆိုင်ရာ သိမှတ်ဖွယ်ရာများအခန်းက နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ဝိသေသျ၊ ကြိယာ၊ ဝိဘတ်၊ သမ္ဗန္ဓ၊ လိင်၊စတဲ့ ဝါစင်္ဂများ အမျိုးမျိုး ရဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်တွေနဲ့ အမျိုးအစားတွေအကြောင်းကို မေးမှာဖြစ်ပါတယ်။

အပိုင်း(၃) ဝါကျဆိုင်ရာသိမှတ်ဖွယ်များအခန်းက ဝါကျရိုး သတ်မှတ်ချက်၊ ဝါကျရိုး ဖွဲ့ပုံအမျိုးမျိုး၊ ဝါကျရော သတ်မှတ်ချက်၊ ဝါကျရောဖွဲ့ပုံအမျိုးမျိုး၊ အနက် အဓိပ္ပာယ်အရ ဝါကျ (၅)မျိုး၊ ဖွဲ့စည်းတည်ဆောက်ပုံအရ ဝါကျ(၂) မျိုး၊ ပုဒ်အမျိုး အစား (၄) မျိုး၊ ပုဒ်စု အမျိုးအစား (၃) မျိုး စတာတွေကိုလည်း မေးလေ့ရှိပါတယ်။

ဒီမေးခွန်းမှာ မေးတဲ့အကြောင်းအရာ အမျိုးအစား များပြားစုံလင်ပေမယ့် ရွေးချယ် စရာတွေပါဝင်တာကြောင့် မိမိစိတ်ကြိုက် အပုဒ်တွေကို ရွေးချယ် ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ကျက်မှတ်ထားသမျှကို အစီအစဉ် တကျရေးပြရမှာ ဖြစ်ပါတယ်။ သဒ္ဒါအဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ဖြေဆိုရာမှာ လိုအပ်တဲ့သာဓကတွေကို ထည့်သွင်းဖြေဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လိုအပ် တဲ့နေရာတွေမှာ သာဓက ဆောင်နိုင်အောင် သာဓကများကိုလည်း ကျက်မှတ် ထားရမှာ ဖြစ်ပါတယ်။

သာဓကအနေနဲ့ ပေစာ ပုရပိုက်စာကို ဖြေမယ်ဆိုကြပါစို့။

- ပေစာ ပုရပိုက်စာတို့ကို စာရေးကိရိယာအဖြစ် ပုဂံခေတ်ကပင် စတင် အသုံးပြုခဲ့ကြမယ်လို့ ယုံကြည်ရကြောင်း၊
- သို့သော် နှစ်ကာလ အလွန်ကြာညောင်းပြီဖြစ်လို့ ထိုခေတ်က ပေ၊ ပုရပိုက်တို့ကို တွေ့နိုင်ရန် မလွယ်ကူတော့ကြောင်း၊
- အစောဆုံးအနေဖြင့် မြန်မာသက္ကရာဇ် ၁၀၀၀ ခန့် (အေဒီ ၁၇ ရာစုက ရေးခဲ့သည့် ပေများကို တွေ့နိုင်ကြောင်း၊
- ဒါ့ကြောင့် သက္ကရာဇ် ၁၀၀၀မှ ယနေ့ ၁၃၀၀ ကျော်အထိ နှစ်ပေါင်း ၃၀၀ ကျော်အတွင်း ရေးသားခဲ့တဲ့ အက္ခရာတို့ရဲ့ ပုံသဏ္ဌာန်ကို ထို ပုရပိုက်များတွင်လည်း တွေ့နိုင်ကြောင်း၊ ဆိုတဲ့အချက်တွေကို ပြည့်ပြည့် စုံစုံဖြေဆိုရမှာ ဖြစ်တယ်။

မေးခွန်း ၁ (ခ) ကတော့ သဒ္ဒါလေ့ကျင့်ခန်းမေးခွန်း ဖြစ်ပါတယ်။ ဒီ မေးခွန်းမှာ မေးခွန်း(၆)ခု မေးပြီးတော့ (၄)ခုကို ဖြေဆိုရမှာဖြစ်ပါတယ်။ ဒီ မေးခွန်းကို ဖြေဆိုနိုင်ဖို့အတွက် သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို အထပ်ထပ်အခါခါ လေ့ကျင့်ထားဖို့အပြင် မေးခွန်းကို သေချာဖတ်ပြီး မေးထားတဲ့ အတိုင်းအတိအကျ ဖြေပေးရပါမယ်။

သာဓကပြရမယ်ဆိုရင် အောက်ပါတို့မှ လေးခုကို ရွေးချယ်၍ ဖွဲ့စည်းတည် ဆောက်ပုံအရ မည်သည့်နာမ်ဖြစ်ကြောင်း မေးထားတဲ့ "နေ၊ လက်စွပ်၊ ကူညီမှု၊ အကောင်း၊ မေတ္တာ၊ လွယ်အိတ်" တို့ကို ဖြေမယ်ဆိုရင်-

- "နေ"သည် ပင်ကိုနာမ်၊
- "လက်စွပ်"သည် ပေါင်းစပ်နာမ်၊
- "ကူညီမှု"သည် ကြိယာနာမ်၊
- "အကောင်း" သည် ဂုဏ်ရည်ပြနာမ်၊
- "မေတ္တာ"သည် ပင်ကိုနာမ်၊
- "လွယ်အိတ်" သည် ပေါင်းစပ်နာမ်

ဖြစ်ကြောင်း တိတိကျကျ ဖြေဆိုနိုင်အောင် ကျက်မှတ်လေ့ကျင့်ထားရမှာ ဖြစ်ပါ တယ်။

ပင်ကို နာမ်ကို ရေးသားရာမှာ စာလုံးပေါင်းမှန်ကန်ဖို့ သတိပြုရမှာ ဖြစ်ပါ တယ်။ "ပင်ကို"ကို ရေးသားရာမှာ ယပက်လက်သတ် မပါဝင်ပါဘူး။ "ပင်ကိုယ်" လို့ ရေသားမိရင် စားလုံးပေါင်းမှားတဲ့အတွက် အမှတ်ဆုံးရှုံးမှာ ဖြစ်ပါ တယ်။

"ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့်ကြိယာဝိသေသနဖြစ်ကြောင်း မေးထားတဲ့ "ခင်ခင်မင်မင်၊ တမှိုင်မှိုင်၊ တက်လိုက် ဆင်းလိုက်၊ စီရရီ၊ ချိုချို သာသာ၊ ဆာတာ တာ" တို့ကို ဖြေရင်-

- "ခင်ခင်မင်မင်" သည် နှစ်ကြိမ်ထပ် ကြိယာဝိသေသန၊
- "တမှိုင်မှိုင်"သည် ပစ္စည်းဆက် ကြိယာဝိသေသန၊
- "တက်လိုက် ဆင်းလိုက်" သည် ပစ္စည်းဆက် ကြိယာဝိသေသန၊
- "စီရရီ" သည် ကာရန်လိုက် ကြိယာဝိသေသန၊
- "ချိုချိုသာသာ" သည် နှစ်ကြိမ်ထပ် ကြိယာဝိသေသန၊
- "ဆာတာတာ" သည် ကာရန်လိုက် ကြိယာဝိသေသန

ဆိုပြီး တိတိကျကျဖြေဆိုရမှာ ဖြစ်ပါတယ်။

မေးခွန်း ၁ (ဂ) ကတော့ သဒ္ဒါကို အမှန်တကယ် နားလည်တတ်ကျွမ်းမှု ရှိ၊ မရှိ စမ်းသပ်တဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာ (၅) ခု မေးပြီး (၃)ခု ဖြေရမှာ ဖြစ်ပါတယ်။ များသောအားဖြင့် သဒ္ဒါအမျိုးအစားအလိုက် စကားလုံး တွေကို ပေးထားပြီးတော့ ဝါကျဖွဲ့ခိုင်းလေ့ ရှိပါတယ်။ ဝါကျထဲက စကားလုံးကို မျဉ်းသား ပြီး ဝါစင်္ဂအမျိုးအစား ဖြေဆိုခိုင်းတာမျိုးလည်း မေးနိုင်ပါတယ်။

ဝါစင်္ဂအလိုက် ပေးထားတဲ့စကားလုံးတွေကို ဝါကျထဲမှာ ကွက်လပ်ဖြည့်ပြီး ဝါစင်္ဂ အမျိုးအစားဖော်ပြခိုင်းတာမျိုးလည်း မေးနိုင်ပါတယ်။

သာဓကအနေနဲ့-

- "အပူတပြင်း"ဆိုတဲ့ ကြိယာဝိသေသနကို ဝါကျဖွဲ့ခိုင်းရင်-
  "ကျွန်တော်သည် ပိုက်ဆံအိတ်ကျပျောက်သွားသဖြင့် အပူတပြင်း ရှာဖွေနေသည်။"
- "တိုင်အောင်"ဆိုတဲ့ အချိန်ဆက်တိုက်ပြဝိဘတ်ကို ဝါကျဖွဲ့ခိုင်းရင်-
  "ညီမလေးသည် နေ့စဉ် ည၁၂နာရီ တိုင်အောင် ကျောင်းစာများကို ကျက်မှတ်လေ့ရှိသည်။"
- "နိုင်" ဆိုတဲ့ ကြိယာပစ္စည်းကို ဝါကျဖွဲ့ခိုင်းရင်-
  " ကျောင်းသားတိုင်းသည် စာမကြိုးစားလျှင် စာမေးပွဲ မအောင်နိုင်ပါ။

စသဖြင့် ဝါကျဖွဲ့ရမှာ ဖြစ်ပါတယ်။ ဝါကျဖွဲ့တဲ့အခါမှာ ဝါကျတွေပြည့်စုံ မှန်ကန်ပြီး အဓိပ္ပာယ်ပေါ်လွင်ဖို့လိုပါတယ်။

မေးခွန်း ၂ (က) ဟာ စကားပြေ၊ ကဗျာ၊ ရသည်ပြဇာတ်တွေထဲက စာသုံး ပေသုံး ရှေးသုံးဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ခိုင်းတဲ့မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်း မှာ (၈)ခု ပေးထားပြီး (၅)ခု ဖြေရမှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ပြဋ္ဌာန်းစာပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုအပ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ပုံ တိကျဖို့လည်း လိုအပ်ပါတယ်။

ဝေါဟာရရဲ့ သဒ္ဒါ အမျိုးအစားနဲ့ ကိုက်ညီတဲ့ အဓိပ္ပာယ်ဖြစ်ဖို့လည်း လိုအပ်ပါ တယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်တွေထဲကခက်ဆစ်အဓိပ္ပာယ်တွေကို သေသေချာချာကျက်ထားရင် လုံလောက်ပါတယ်။

သာဓကအနေနဲ့ -

သိယ်သူ့ စကားပြေထဲက "သတင်းစင်" ဆိုတဲ့ ဝေါဟာရကို အနက်ဖွင့်မယ် ဆိုရင် "အကျင့်စင်ကြယ်သည်" ဆိုပြီး ဖွင့်ရပါမယ်။

"သတင်းစင်"ဟာ ကြိယာဖြစ်တဲ့အတွက်ကြောင့် အဖွင့်ဟာလည်း ကြိယာ အနက်ပဲ ဖြစ်ရပါမယ်။ ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ် ဖွင့်တာမျိုးတွေ၊ ကြိယာ အနက် မဟုတ်ဘဲ နာမဝိသေသန အနက်၊ ကြိယာဝိသေသနအနက် စသည်ဖြင့် အနက် ပြောင်း ဖွင့်တာမျိုး မဖြစ်သင့်ပါဘူး။

မြင်စိုင်းရွှေပြည် ကဗျာထဲက "စောလူး" ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် မြင့်မြတ်၊ ပျိုရွယ်သောမင်း"လို့ ဖွင့်ဆိုရမှာ ဖြစ်ပါတယ်။ နာမ်ဝေါဟာရဖြစ်တဲ့ အတွက် ဖွင့်တဲ့အနက်ကလည်း နာမ်အနက်ပဲ ဖြစ်ရပါမယ်။

ရသည်ပြဇာတ်ထဲက "ကရောသောပါး" ဆိုတဲ့ဝေါဟာရကို အနက်ဖွင့်မယ် ဆိုရင် "ကတိုက်ကရိုက်၊အလောတကြီး"လို့ ဖွင့်ဆိုရပါမယ်။ "ကရောသောပါး" ဟာ ကြိယာ ဝိသေသနဖြစ်တာမို့ အနက်ဖွင့်ကလည်း ကြိယာဝိသေသနအနက် ဖြစ်ရပါတယ်။

မေးခွန်း ၂ (က) မှာ စာသုံးပေသုံးရှေးသုံး ဝေါဟာရတွေ အနက်ဖွင့်တဲ့ အခါမှာ အဓိပ္ပာယ် မှန်ကန်ဖို့နဲ့ သဒ္ဒါအသုံး မှန်ကန်ဖို့ အထူးလိုအပ်တယ်ဆိုတာ သတိပြုရမှာ ဖြစ်ပါတယ်။

မေးခွန်း ၂ (ခ) မှာတော့ စကားပြေ၊ ကဗျာ၊ ရသည်ပြဇာတ်တွေမှာပါတဲ့ ဝေါဟာရတွေထဲက မျက်မှောက်ခေတ်တိုင် အသုံးပြုဆဲဖြစ်တဲ့ ခေတ်သုံး ဝေါဟာရ တွေကို ဝါကျဖွဲ့ခိုင်းတာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း (၈) ခု မေးပြီးတော့ (၅)ခု ဖြေရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ ဝေါဟာရဟာ အဓိပ္ပာယ်တစ်မျိုးထက်မက ကွဲပြား မှုရှိနိုင်ပေမယ့် မေးခွန်းသဘောအရ ဝါကျဖွဲ့ရာမှာ ပြဋ္ဌာန်းစာမှာသုံးတဲ့ အဓိပ္ပာယ် မျိုးပဲ ဖြစ်ရပါမယ်။ ဝေါဟာရရဲ့ အနက်ပေါ်လွင်တဲ့ ဝါကျမျိုးလည်း ဖြစ်ရပါမယ်။

ဝါကျဖွဲ့တဲ့အခါ အဓိပ္ပာယ်ပြည့်စုံဖို့ လိုအပ်ပါတယ်။ ကတ္တားမပါတဲ့ ဝါကျ မျိုးလည်း မဖြစ်သင့်ပါဘူး။

သာဓကအနေနဲ့ -

ဦးပေါင်းကျားနဲ့ မြင်းကျားရှင်စကားပြေထဲက "ကြုံးဝါး" ဆိုတဲ့ ဝေါဟာရ ကိုဝါကျဖွဲ့ရင် -

- "မောင်မောင်သည် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရအောင် ဖြေဆိုမည်ဟု ကြုံးဝါးသည်။" ဆိုတဲ့ဝါကျမျိုးရေးသားနိုင်ပါတယ်။
  နွေဦးကာလ မြူထသောခါ ကဗျာက "မြူ" ဆိုတဲ့ဝေါဟာရကို ဝါကျဖွဲ့ရင်-
- " နွေဦးကာလတွင် ပတ်ဝန်းကျင်တစ်ခုလုံး မြူ များအုံ့ဆိုင်းလျက်နေ သည်။" ဆိုတဲ့ ဝါကျမျိုးရေးဖွဲ့နိုင်ပါတယ်။
  ရသည်ပြဇာတ်ထဲက "ဒလဟော" ဆိုတဲ့ဝေါဟာရကိုဝါကျဖွဲ့ရင်-
- "တောင်ကျချောင်းမှ ရေတို့သည် တောင်အောက်သို့ ဒလဟော စီးဆင်း နေသည်။" ဆိုတာမျိုးရေးနိုင်ပါတယ်။

ဝါကျဖွဲ့ရာမှာ ပေးထားတဲ့ဝေါဟာရရဲ့ အဓိပ္ပာယ် အသုံးမှန်ကန်ဖို့လိုသလို သဒ္ဒါ နေရာလည်း မှန်ဖို့လိုပါတယ်။ နာမ်စကားလုံးဆိုရင် နာမ်နေရာ၊ ကြိယာ ဆိုရင် ကြိယာ နေရာ၊ ကြိယာဝိသေသနဆိုရင် ကြိယာဝိသေသန သူ့နေရာနဲ့သူ မှန်အောင်ဝါကျဖွဲ့ရမှာ ဖြစ်ပါတယ်။

အလင်္ကာကို ဖြေဆိုရာမှာ ဥပမာအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လို ခိုင်းနှိုင်းဖွဲ့ဆိုထားကြောင်း၊ ရူပကအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့ အနှိုင်း ကို ဘယ်လို ထပ်တူပြုထားကြောင်း၊ ဝက်ဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လို တိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ရေးထားကြောင်း၊ အတိသယဝုတ္တိ အလင်္ကာကိုဖြေရင် ဘယ်လိုအလွန် အကြူးရေးထားကြောင်း၊ မြည်သံစွဲအလင်္ကာဖြေရင် ဘာမြည် သံကို ထည့်သွင်းဖွဲ့ဆိုထားကြောင်းဆိုတဲ့ သက်ဆိုင်ရာ အလင်္ကာရဲ့ သတ်မှတ် အသုံးအနှုန်းတွေကို သုံးစွဲပြီးရှင်းပြရမှာ ဖြစ်ပါတယ်။

သာဓကအနေနဲ့ -

"မုဆိုးညစ်ထေး ငမိုက်ခွေး" ဆိုတဲ့ ရူပကအလင်္ကာကို ဖြေမယ်ဆိုရင်-

- ဤအလင်္ကာကို သောနုတ္တရမုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း စကားပြေမှ သောနုတ္တရ မုဆိုး၏ မိုက်မဲပုံဖော်ပြရာ၌ ဆက်စပ်သုံးထားခြင်း ဖြစ်ကြောင်း၊
- မိုက်မဲဆိုးသွမ်းသော ဂုဏ်ရည်ချင်းတူသည့် မုဆိုး (အနှိုင်းခံ) နှင့် ငမိုက်ခွေး/ခွေးမိုက် (အနှိုင်း) ဂုဏ်ရည်တူချင်း ထပ်တူပြုရေးဖွဲ့ထားသော ကြောင့် ရူပကအလင်္ကာမြောက်ကြောင်း ရှင်းပြရမှာ ဖြစ်ပါတယ်။

"ရွှေချသလို" ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေမယ်ဆိုရင်-

- ဤအလင်္ကာကို ဦးပုည၏ ရေသည်ပြဇာတ်တွင် ရေသည်ယောက်ျားက မိမိဘဝ အခြေအနေ တိုးတက်လာမည့် အကြောင်းနှင့် ဆက်စပ်၍ ပြောဆို သည့် စကားအဖြစ် သုံးနှုန်းထားကြောင်း၊
- ဘဝအခြေအနေ ကောင်းမွန်တိုးတက် ပြောင်လက်လာပုံ (အနှိုင်းခံ) ကို ပစ္စည်းရွှေချ၍ ပြောင်လက်လာပုံ (အနှိုင်း)နှင့် ခိုင်းနှိုင်းရေးဖွဲ့ ထား သောကြောင့် ဥပမာအလင်္ကာမြောက်ကြောင်း ရှင်းပြဖြေဆိုရမှာ ဖြစ်ပါ တယ်။

"ထိမ်ကွန်းငယ်ခို" ဆိုတဲ့ ဝက်ဝုတ္တိအလင်္ကာကို ဖြေမယ်ဆိုရင်-

- ဤအလင်္ကာကို "ဌာနီပြည်ကြီးကဝေးသနှင့်" ကဗျာတွင် နေဝင်သွား ကြောင်း ဖော်ပြရာ၌ ဆက်စပ်သုံးနှုန်းထားကြောင်း၊
- "နေဝင်သွားသည်" ဟု တိုက်ရိုက်မရေးဘဲ နေသည် ထိမ်ပင်ပေါက် ရောက်ရာ အနောက်ကျွန်းသို့ ခိုဝင်သွားကြောင်း "ထိမ်ကွန်းငယ်ခို" ဟု သွယ်ဝိုက် ရေးသားထားသဖြင့် ဝက်ဝုတ္တိအလင်္ကာမြောက်ကြောင်း ရှင်းပြဖြေဆိုရမှာ ဖြစ်ပါတယ်။

အလင်္ကာမေးခွန်းမှာ အလင်္ကာမြောက်ကြောင်း ပေါ်လွင်ထင်ရှားမှု မရှိတဲ့ အရေးအဖွဲ့မျိုးကို မေးမှာမဟုတ်သလို ဝိဝါဒကွဲပြားနိုင်တဲ့ အရေးအဖွဲ့မျိုးကို လည်း မေးမှာမဟုတ်ဘဲ အလင်္ကာမြောက်ကြောင်း ပေါ်လွင်ထင်ရှားတဲ့ အရေး အဖွဲ့မျိုးကို သာမေးမှာ ဖြစ်ပါတယ်။ ဖြေဆိုရာမှာလည်းပါဝင်တဲ့ ပြဋ္ဌာန်းစာ၊ သက်ဆိုင်ရာအလင်္ကာ အမျိုးအစားအလိုက် ပါဝင်ရမယ့် သော့ချက်စကားလုံး တွေပါဝင်ပြီး မည်သည့် အလင်္ကာမြောက်ကြောင်း မှန်ကန်စွာ ဖြေဆိုနိုင်မယ်ဆိုရင် အမှတ်ပြည့်ရရှိမှာ ဖြစ်ပါ တယ်။

မေးခွန်း(၃)ကတော့ ကဗျာလက်ရွေးစင်ထဲက ကဗျာဆိုင်ရာမေးခွန်းများ ဖြစ်ပါတယ်။

၃ (က)မှာ ခမ္မဓိဋ္ဌာန်မေးခွန်းတွေ မေးပါတယ်။ ၃(က) ခမ္မဓိဋ္ဌာန် မေးခွန်းတွေ အတွက်-

- ကဗျာတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆို အကြောင်း-
- ကဗျာရေးတဲ့ခေတ်၊
- ကဗျာအမျိုးအစား၊
- ကဗျာအကြောင်းနဲ့ ကဗျာ့သဘော၊
- ကဗျာမှာပါတဲ့ အချက်အလက်နဲ့ အနက်အဓိပ္ပာယ်၊
- ကဗျာနဲ့သက်ဆိုင်တဲ့ ထူးခြားချက်တွေကို လေ့လာကျက်မှတ်ထားဖို့ လိုအပ် ပါတယ်။

ရွှေနှင့်ယိုးမှား ပန်းစကား ကဗျာကို ပုဂံခေတ်မှာ ရေးခဲ့ကြောင်း၊ မြင်စိုင်း ရွှေပြည်ကဗျာကို ငါးစီးရှင်ကျော်စွာ ရေးဖွဲ့ခဲ့ကြောင်း၊ ဝိဇ္ဇာသိပ္ပ လူ့ကိစ္စ ကဗျာကိုကိုးခန်းပျို့မှ ထုတ်နုတ်ထားကြောင်း၊ ဌာနီပြည်ကြီးကဝေးသနှင့် ကဗျာ အမျိုးအစားမှာ ညည်းချင်းကဗျာ ဖြစ်ကြောင်း၊ ဆိုတာတွေ အပြင် ကဗျာမိတ်ဆက် မှာပါတဲ့ ကာချင်း၊ တျာချင်း၊ ရှစ်ဆယ်ပေါ်အဲ အစရှိတဲ့ ကဗျာအမျိုးအမည်တွေရဲ့ အနက်အဓိပ္ပာယ်များက အစ၊ သိမှတ်ဖွယ်ရာတွေကို မှတ်သားထားဖို့လိုအပ်ပါ တယ်။

စာမျက်နှာ ၂ သို့ »»

»» စာမျက်နှာ ၁ မှ

မေးခွန်းနံပါတ် ၃ (က) ကဗျာမေးခွန်းတိုကို ဖြေဆိုရာမှာ အထူးသတိပြုရမယ့် အချက်ကတော့ မေးခွန်းမှာ (၈) ခုပေးထားပြီး (၅) ခုကိုသာ ရွေးချယ်ဖြေဆိုရတာ ဖြစ်လို့ ကိုယ်ရွေးချယ် ဖြေဆိုလိုက်တဲ့ (၅) ပုဒ်ရဲ့ မေးခွန်းမှာပါတဲ့ နံပါတ်စဉ်ကို မှန်ကန်စွာ ရေးသားဖို့လိုပါတယ်။ (၈) ပုဒ် ပေးထားတဲ့ အထဲက (၅) ပုဒ်ကိုရွေးပြီး ဖြေဆို လိုက်တဲ့အခါ မေးခွန်းမှာ ပေးထားတဲ့နံပါတ်အတိုင်း မဟုတ်ဘဲ ဖြေတဲ့ အမှတ်စဉ်အတိုင်း ၁၊၂၊၃၊၄၊၅ အမှတ်စဉ် တပ်လိုက်လို့ ကိုယ်တပ်လိုက်တဲ့ အမှတ်စဉ်နဲ့ မေးခွန်းရဲ့ အမှတ်စဉ် ကွဲလွဲနေမယ်ဆိုရင် အမှတ်ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။ ရွေးချယ်စရာပါလာတဲ့အခါမှာ မေးခွန်းရဲ့ နံပါတ်နဲ့ အဖြေမှာ ရေးတဲ့နံပါတ် ကိုက်ညီရမယ်ဆိုတာ အထူးသတိပြုရမှာ ဖြစ်ပါတယ်။

မေးခွန်း ၃ (ခ) ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ မေးခွန်းဖြစ်ပါတယ်။ ကဗျာ တစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ ရရှိတဲ့ သုတရသ တွေကို လေ့လာထားရပါမယ်။

အရေးအကြီးဆုံး အဓိကအချက်ကတော့ဖြေဆိုရာမှာ မေးခွန်းနဲ့ ဘောင်ဝင်ဖို့ပဲ ဖြစ်ပါတယ်။ ကဗျာပါအကြောင်းအရာကို တိုက်ရိုက်မေးတာလား၊ ကဗျာစာဆိုက ဘယ်လိုဖွဲ့ထားလဲလို့မေးတာလား၊ ဒီကဗျာနဲ့ပတ်သက်တဲ့ မိမိရဲ့အတွေးအမြင် ခံစားချက်ကို မေးတာလား စသည်ဖြင့် ကွဲကွဲပြားပြား သိဖို့လိုအပ်ပါတယ်။ သာဓကအနေနဲ့-

တောင်သူကြီး ကဗျာမှပေးသော ရသနှင့်အသိအမြင်ကို တင်ပြပါဆိုတဲ့ မေးခွန်းကို ဖြေမယ်ဆိုပါစို့။

- ရသကိုသာဖြေပြီး အသိအမြင်ကိုမဖြေလို့ မရပါဘူး။ အသိအမြင်ဆိုတာ ဒီကဗျာနဲ့ပတ်သက်တဲ့ ကဗျာကပေးတဲ့ အသိကို ဖော်ပြရမှာ ဖြစ်တယ်။
- တောင်သူကြီးဟာဘေးဘိုးစဉ်ဆက် ဘုရင့်အမှုတော်ထမ်းခဲ့ပုံ၊ ရန်အပေါင်း ဖြိုခွင်းနိုင်ပုံ၊ စတဲ့စွမ်းရည်သတ္တိတွေကို သိရတဲ့အတွက် ဝီရ ရသခံစားရ ကြောင်း၊
- ကုန်းဘောင်ခေတ်ကတည်းကပင် တိုင်းပြည်နဲ့ အရှင်မင်းမြတ်အပေါ် သစ္စာရှိတဲ့ ရဲစွမ်းသတ္တိနဲ့ပြည့်စုံတဲ့ သူရဲကောင်းတွေရှိနေပြီဆိုတာကို သိမြင်ရ ကြောင်း၊
- တိုင်းရေးပြည်မှုပြီးချိန်မှာ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စိုက်ပျိုးပုံ၊ လူပျိုကြီးဘဝ ပျော်မွေ့ပုံ ကျေနပ်ပုံတို့ကိုသိရတဲ့အတွက် အေးငြိမ်းတဲ့ သန္တရသခံစားရ ကြောင်း၊
- မြန်မာလူမျိုးတို့ဟာ တောင်သူလယ်လုပ် ရိုးရာအသက်မွေးမှုတို့ဖြင့် လုပ်ကိုင် ကြတယ်ဆိုတဲ့ အသိအမြင်များ သိမြင်လာကြောင်း၊
- တောင်သူကြီးဟာ ချက်ပြုတ်ပြီးတဲ့အခါ အပျိုငယ် ရွှေနံကားအောင်စားပါ လှည့်လို့ ဖိတ်ခေါ်နေတဲ့အတွက် ပြုံးရွှင်ဖွယ်ဟာသရသ ခံစားရကြောင်း၊
- ရိုးသားပွင့်လင်းတဲ့ မြန်မာတို့ရဲ့ စိတ်ဓာတ်နဲ့စရိုက်ဟာ မြတ်နိုးဖွယ် ကောင်းတယ်ဆိုတဲ့ အသိအမြင်တွေရရှိကြောင်း တင်ပြရမှာဖြစ်ပါတယ်။

ဒါကြောင့် ကဗျာမေးခွန်းကို ဖြေတဲ့အခါမှာ မေးခွန်းမှာပေးထားတဲ့ တောင်သူကြီး ကဗျာမှ ရသနဲ့အသိအမြင်ဆိုတဲ့ (၂) ပိုင်းကို (၂) ပိုင်း စလုံးပါအောင် ပြည့်စုံစွာ ဖြေဆိုနိုင်ဖို့ အလွန်အရေးကြီးပါတယ်။

ဖြေဆိုရာမှာ အချက်တစ်ချက်စီကို ရသတစ်လှည့် အသိအမြင်တစ်လှည့် ဖြေဆိုနိုင်သလို ရသတစ်ပိုင်း အသိအမြင်တစ်ပိုင်းလည်း ဖြေဆိုနိုင်ပါတယ်။ ဖြေဆိုတင်ပြမှုဟာ ကျောင်းသားကျောင်းသူတွေရဲ့ ကိုယ်ပိုင်အတင်အပြပဲ ဖြစ်သင့်ပါတယ်။ ကဗျာစာသား အကိုးအကား ကောက်နုတ်ချက်တွေကိုလည်း အလျဉ်းသင့်သလို ထည့်သွင်းဖော်ပြသင့်ပါတယ်။ ကျောင်းသားကျောင်းသူတွေအနေနဲ့ ကဗျာမေးခွန်း ရှည်ဖြေဆိုနိုင်ဖို့အတွက် ပြင်ဆင်ရာမှာ ကဗျာတစ်ပုဒ်ရဲ့ အဓိကကျတဲ့အချက်အလက်နဲ့ ပေါ်လွင်ကောင်းမွန်တဲ့ ကဗျာစကားသား ကောက်နုတ်ချက်တွေကို ထုတ်နုတ် ကျက်မှတ်ထားဖို့ လိုပါတယ်။ ကဗျာ တစ်ပုဒ်ကို ရှုထောင့်အမျိုးမျိုးက မေးမြန်းနိုင်တဲ့အတွက် အဓိကကျတဲ့အချက်နဲ့ ကောင်းမွန်တဲ့ စာသားကောက်နုတ်ချက်တွေကို အမိအရ ကျက်မှတ်ထားမယ်ဆိုရင် ဘယ်လိုရှုထောင့်ကပဲမေးမေး မိမိရဲ့ကိုယ်ပိုင် အတင်အပြနဲ့ အံဝင်ခွင်ကျဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ အဆင်သင့် အဖြေအမျိုးမျိုးကို အစအဆုံး ကျက်မှတ်နေမယ်ဆိုရင် ပုဒ်ရေများစွာ ကျက်မှတ် နေရမယ့်အပြင် မိမိကိုယ်ပိုင် အတင်အပြလည်း ဖြစ်မလာတဲ့အတွက် ကောင်းမွန်တဲ့ ရမှတ်ကို ရရှိနိုင်မှာ မဟုတ်ပါဘူး။

မေးခွန်း ၄ ကတော့ မြန်မာစကားပြေ လက်ရွေးစင်ထဲက မေးတာဖြစ်ပါတယ်။ မေးခွန်း ၄ မှာ (က) နဲ့ (ခ)ဆိုပြီး နှစ်ပိုင်းပါဝင်ပါတယ်။

မေးခွန်း ၄ (က) က ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်ပါတယ်။ ဒီနေရာမှာလည်း-

- စကားပြေတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ စာရေးသူအကြောင်း
- ထုတ်နုတ်သည့် မူရင်းစာအုပ်
- စကားပြေ၏ ဆိုလိုချက် အကြောင်းအရာ၊
- အဲဒီစကားပြေရေးတဲ့ခေတ်၊

စတဲ့ စကားပြေဆိုင်ရာအချက်အလက်တွေကို လေ့လာကျက်မှတ်ထားရပါမယ်။ တိတိကျကျဖြေဆိုဖို့လည်း လိုအပ်ပါတယ်။

သိယ်သူ့သမီးသည် မထိလို၏ မြေးဖြစ်ကြောင်း၊ ကျောင်းနေ ရဟန်း သံဃာတို့အတွက် လယ်၊ ဥယျာဉ်နှင့် ကျွန်များ လှူကြောင်း၊ စီးချင်းတိုက်ပွဲစကားပြေကို ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းမှ ထုတ်နုတ်ထားကြောင်း၊ ဦးပေါင်းကျားနှင့် မြင်းကျားရှင် စကားပြေတွင် "ငါမအိုသေး"ဟု မိန့်တော်မူသော မင်းကြီးမှာ အလောင်းစည်သူဖြစ်ကြောင်း၊ မိခင်သောက စကားပြေကို ဝေဿန္တရာဇာတ်တော်ကြီး မဒ္ဒီပဗ္ဗခန်းမှ ကောက်နုတ်ထားခြင်းဖြစ်ကြောင်း၊ မိတဆိုးရှင်ပြုစကားပြေသည်ကို ထွန်းကျော်၏သား ရှင်လောင်းငပု၏ ရှင်ပြုပွဲကို အသေးစိတ်ရေးထားသော စကား ပြေဖြစ်ကြောင်း၊ ပတ္တမြားကျောက်စီဓား ဝတ္ထုတိုတွင် သူရဲကောင်းတို့၏ လေးစား ထိုက်သော ဂုဏ်ရည်ကိုပေါ်လွင်စွာ ရေးဖွဲ့ထားကြောင်းစတဲ့ စကားပြေဆိုင်ရာ သိမှတ်ဖွယ်ရာတွေကို စေ့စပ်သေချာစွာ လေ့လာကျက်မှတ်ထားရမှာ ဖြစ်ပါတယ်။

မေးခွန်း ၄ (က) စကားပြေ ဓမ္မဓိဋ္ဌာန်မေးခွန်းမှာလည်း မေးခွန်း ၃(က) ကဗျာ ဓမ္မဓိဋ္ဌာန်မေးခွန်းမှာလိုပဲ ရွေးချယ်စရာများပါဝင်တာကြောင့် မေးခွန်းမှာ ပေးထားတဲ့ မေးခွန်းနံပါတ်နဲ့ အဖြေမှာကို ရွေးချယ်ဖြေဆိုတဲ့ နံပါတ်တူညီဖို့ သတိပြုရမှာ ဖြစ်ပါ တယ်။

မေးခွန်း ၄ (ခ) ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ စကားပြေ မေးခွန်းဖြစ်ပါတယ်။ စကားပြေတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသားနဲ့ သုတရသ သင်ခန်းစာတွေကို လေ့လာရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း ကဗျာ မေးခွန်းတုန်းကလိုပဲ မေးခွန်းရဲ့ ဦးတည်ချက်ကို ကွဲကွဲပြားပြား သိဖို့လိုအပ်ပါတယ်။ မေးထားတဲ့မေးခွန်းဟာ အကြောင်းအရာကို ဦးတည်မေးတာလား၊ အရေးအဖွဲ့ကို ဦးတည်မေးတာလား အဲဒါတွေကို ကွဲကွဲပြားပြားနားလည်ရန် လိုအပ်ပါတယ်။ မိမိ လေ့လာကျက်မှတ်ထားသမျှကို မေးခွန်းနဲ့ အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုနိုင်ဖို့ အထူးအရေးကြီးပါတယ်။

၄ (ခ) မေးခွန်းသာဓကအနေနဲ့ "စီးချင်းတိုက်ပွဲ စကားပြေမှ ဗညားဒလ၏ သရုပ်ဖော်အဖွဲ့များကို လေ့လာတင်ပြပါဆိုတဲ့မေးခွန်းကို တင်ပြလိုပါတယ်။"

ဒီမေးခွန်းကိုဖြေတဲ့အခါမှာ ဒီစကားပြေမှာပါတဲ့ ကောင်းနိုးရာရာ သရုပ်ဖော် အရေးအဖွဲ့ တွေကို ထုတ်နုတ်တင်ပြရမှာဖြစ်ပါတယ်။

နိဒါန်းအနေနဲ့ ဒီစကားပြေကို တောင်ငူခေတ် မွန်ဝန်ကြီး ဗညားဒလရဲ့ ရာဇဓိရာဇ် အရေးတော်ပုံကျမ်းမှ ကောက်နုတ်ထားခြင်းဖြစ်ကြောင်း၊ ခေတ်သဘော၊ စစ်သဘော၊ သူရဲကောင်းတို့ရဲ့သဘောကို ဖော်ပြလိုတဲ့ ရည်ရွယ်ချက်နဲ့ သရုပ်ဖော်ရေးသားထားခြင်း ဖြစ်ကြောင်းဖော်ပြပြီး ဗျည်းနွဲ့နှင့် ဗညားနွဲ့စီးချင်း ထိုးရသည့်အကြောင်း၊ စီးချင်းမထိုးမီ အခြေအနေသရုပ်ဖော်အဖွဲ့၊ စီးချင်းတိုက်ပွဲ မြင်ကွင်းသရုပ်ဖော်အဖွဲ့၊ စီးချင်းတိုက်ပွဲအပြီး အခြေအနေသရုပ်ဖော်အဖွဲ့၊ သူရဲကောင်းတို့သဘောနှင့် သူရဲကောင်း စိတ်ဓာတ်ကိုဖော်ပြသည့် သရုပ်ဖော်အဖွဲ့၊ စစ်သဘော သူရဲကောင်းတို့၏ သဘောကို မြင်ယောင်ကြားယောင်လာအောင်၊ အသက်ဝင်လာအောင် ရေးဖွဲ့ထားသော သရုပ်ဖော်အဖွဲ့တို့ကို စိတ်ဝင်စားဖွယ် ထုတ်နုတ်တင်ပြပြီး ထိုသရုပ်ဖော်အဖွဲ့များကြောင့် စကားပြေ အသက်ဝင်လာပုံကို ရှင်းလင်းဖြေဆိုရမှာ ဖြစ်ပါတယ်။

စကားပြေမေးခွန်းရှည် ဖြေဆိုနိုင်ဖို့အတွက် ပြင်ဆင်ရာမှာ ကဗျာမေးခွန်းရှည်မှာလိုပဲ စကားပြေတစ်ပုဒ်ရဲ့ အဓိကကျတဲ့ အချက်အလက်နဲ့ ပေါ်လွင်ကောင်းမွန်တဲ့ စာသားကောက်နုတ်ချက်တွေကို ထုတ်နုတ်ကျက်မှတ်ထားဖို့ လိုပါတယ်။ စကားပြေ တစ်ပုဒ်ကိုလည်း ကဗျာမေးခွန်းရှည်လိုပဲ ရှုထောင့်အမျိုးမျိုးက မေးမြန်းနိုင်တဲ့အတွက် အဓိကကျတဲ့အချက်နဲ့ ကောင်းမွန်တဲ့ စာသားကောက်နုတ်ချက်တွေကို အမိအရ ကျက်မှတ်ထားမယ်ဆိုရင် ဘယ်လိုရှုထောင့်ကပဲမေးမေး မိမိရဲ့ ကိုယ်ပိုင်အတင်အပြနဲ့ အံဝင်ခွင်ကျဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

မေးခွန်း ၅ ကတော့ ရေသည်ပြဇာတ် မေးခွန်းဖြစ်ပါတယ်။ မေးခွန်း ၅ မေးခွန်းမှာ (က) နဲ့ (ခ) ဆိုပြီးတော့ ၂-ပုဒ် မေးပါတယ်။

မေးခွန်း ၅ (က) မှာ စကားစပ် မေးပါတယ်။ စကားစပ်ကို ဖြေတဲ့အခါမှာတော့ ပေးထားတဲ့စာပိုဒ်ဟာ ဘယ်အခန်းက စကားဖြစ်တယ်။ ဘယ်သူက ဘယ်သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ ဘာအကြောင်းနဲ့စပ်ပြီး ဘယ်လိုပြောတယ်ဆိုတာကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရေးနိုင်ရပါမယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့အတွက် ပြဇာတ် ကို ကျေညက်နေအောင် လေ့လာထားရပါမယ်။

နောက်တစ်ခုကတော့ စကားစပ်မှာ ဖြေရမယ့်ဆိုလိုရင်းအဓိပ္ပာယ် ကိစ္စဖြစ်ပါတယ်။ ပေးထားတဲ့စာပိုဒ်ရဲ့ အဓိပ္ပာယ်ကို ဖြေရတဲ့အခါမှာ သတိပြုရမယ့် အချက်ကတော့ မူရင်းစာပိုဒ်အတိုင်း ပြန်မရေးရပါဘူး။ မပါတဲ့ စကားကိုဆက်ပြီး ထည့်ရေးတာမျိုး မဖြစ်သင့်ပါဘူး။ ဆိုလိုရင်းအဓိပ္ပာယ်ကို ဖြေတဲ့အခါမှာ မိမိ စကားပြေနဲ့ ပြေပြေပြစ်ပြစ် ပြန်လည်ရေးသားဖို့တော့ အထူးလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းတွေ ဖြေနိုင်ဖို့ ပြဇာတ်ကို ကျေညက်နေအောင် လေ့လာ ထားရုံမျှသာမက ကိုယ့်စကားနဲ့ကိုယ် ပြန်ရေးတတ်ဖို့ လေ့ကျင့်ထားဖို့လည်း လိုအပ်ပါတယ်။

မေးခွန်း(၅) ပုဒ်ခွဲ (ခ)မှာတော့ ရေသည်ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို မေးမှာ ဖြစ်ပါတယ်။ ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို ၂-ပိုင်းခွဲလို့ ရပါတယ်။

(၁) ကတော့ ဇာတ်လမ်းအဖြစ်အပျက်ပိုင်း ဖြစ်ပါတယ်။

(၂) ကတော့ ဇာတ်ဆောင်တွေအကြောင်းနဲ့ ဇာတ်ဆောင်တွေရဲ့စရိုက် သဘာဝ အဖွဲ့ ဖြစ်ပါတယ်။

ဇာတ်လမ်းအဖြစ်အပျက်ပိုင်းမှာ ၅ ပိုင်းရှိပါတယ်။

(၁) ရေသည်ယောကျ်ားနှင့် ရေသည်မိန်းမဆင်းရဲပုံ

(၂) ရေသည်ယောကျ်ားငွေလေးရွှေးတပ်မက်ပုံ

(၃) ဥဒယမင်းအား သတ်ရန်ကြံစည်ပုံ

(၄) အိမ်ရှေ့မင်းသား သတိသံဝေဂရပုံနဲ့

(၅) တောထွက်ရန်ပြောဆိုပုံတို့ ဖြစ်ပါတယ်။

အဲဒီ ဇာတ်လမ်းအဖြစ်အပျက် (၅) မျိုးကို အကြောင်းအရာကဏ္ဍမှာ မေးပါမယ်။ နောက်တစ်ပိုင်းက ဇာတ်ဆောင်စရိုက်အဖွဲ့ ဖြစ်ပါတယ်။ ဇာတ်ဆောင်စရိုက်မှာ ရေသည် ယောကျ်ား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီးဆိုတဲ့ ဇာတ်ဆောင် ၃-ယောက်ရဲ့ စရိုက်တွေကို မေးလေ့ရှိပါတယ်။

အဲဒီအကြောင်းအရာမေးခွန်းကို ဖြေတဲ့အခါမှာလည်း စကားစပ်ရဲ့ ဆိုလိုရင်း အဓိပ္ပာယ်ကို ဖြေသလိုပဲ ဇာတ်စာမူရင်းအတိုင်း မရေးရပါဘူး။ မေးတဲ့ မေးခွန်းနဲ့ မသက်ဆိုင်တဲ့ အချက်အလက်တွေကိုထည့်ပြီး မရေးရပါဘူး။ ဒါပေမယ့် ရေသည် ပြဇာတ် စာဆို ဦးပုညရဲ့ သူသုံးစွဲခဲ့တဲ့ စကားလုံးတွေ၊ အသုံးအနှုန်းတွေ၊ သူရေးသား တင်ပြခဲ့တဲ့ အချက်အလက်တွေကိုတော့ သုံးစွဲရေးဖွဲ့ရမှာ ဖြစ်ပါတယ်။ ရေးတဲ့အခါမှာ ကိုယ်ပိုင်စကားပြေနဲ့ရေးရမှာ ဖြစ်ပါတယ်။

ကိုယ်ပိုင်စကားပြေကိုပိုပြီးအသက်ဝင်အောင်၊ မိမိအဖြေကို ပိုပြီးပြည့်စုံအောင် ပြဇာတ်စာသားအကိုးအကား ထည့်မယ်ဆိုရင်လည်း ထည့်ရေးနိုင်ပါတယ်။

သာဓကအနေနဲ့ အကြောင်းအရာ မေးခွန်းဖြစ်တဲ့ ရေသည်ယောကျ်ားရဲ့ ပုံပန်း သွင်ပြင်နဲ့ ဘဝသရုပ်ကို ဖြေဆိုမယ်ဆိုကြပါစို့။ ရေသည်ယောကျ်ားရဲ့ ရုပ်အသွင် အပြင်၊ ဝတ်စားဆင်ယင်ပုံနဲ့ ဘဝအခြေအနေတို့ပါအောင် ဖြေဆိုရပါမယ်။ သေးငယ် လွန်းလှတဲ့ ယောင်ဆံထုံး၊ မွဲခြောက်စုတ်ချာနေတဲ့ဆံပင် စတဲ့ ရုပ်သွင်၊ စုတ်ဖွာညှံ့ဖျင်း လှတဲ့ ခါးဝတ်ပုဆိုးကို ဝတ်ဆင်ထားပုံ၊ ထမင်းနှင့်ချဉ်ပေါင်ကိုသာ စားသောက်ရတဲ့ဘဝ၊ ခြိုးခြိုးခြံခြံနှင့် ငွေလေးရွှေးစုဆောင်းထားနိုင်ပုံ စတဲ့ရေသည် ယောကျ်ားရဲ့ ဘဝ အခြေအနေတို့ကို ပြဇာတ်ပါ ဇာတ်လမ်းနဲ့ ဆက်စပ်ပြီး ဖြေပေးရမှာ ဖြစ်တယ်။

မေးခွန်း(၆) ကတော့ စာစီစာကုံးမေးခွန်းဖြစ်ပါတယ်။ စာစီစာကုံးဟာ မြန်မာစာ မေးခွန်းလွှာမှာ အမှတ်အများဆုံးပေးထားတဲ့ မေးခွန်းတစ်ပုဒ်ဖြစ်ပါတယ်။ အမှတ် (၂၀) ပေးတဲ့မေးခွန်းဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခု ပေးထားပြီးတော့ အဲဒီ ခေါင်းစဉ် ၃-ခုထဲက နှစ်သက်ရာတစ်ခုကို ဖြေဆိုရမှာ ဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခုလုံးမှာလည်း ပုံကြမ်း အချက်အလက်တွေ ပေးထားမှာဖြစ်ပါတယ်။ စာစီစာကုံးရေးတဲ့အခါမှာ ပုံကြမ်းအချက်အလက်တွေကို အခြေခံပြီးတော့ ရေးရမှာဖြစ်ပါတယ်။

စာစီစာကုံးဟာ တစ်ပုဒ်လုံး အစအဆုံး အလွတ်ကျက်မှတ်ထားရမယ့်စာမျိုး မဟုတ်ဘဲ ကျက်သင့်တဲ့ အချက်အလက်တွေကိုကျက်၊ မှတ်သင့်တဲ့ အချက်အလက်တွေကိုမှတ်ပြီး မြန်မာစာအရေးအသားဆိုင်ရာ နည်းနာများနဲ့ အကြိမ်ကြိမ် အထပ်ထပ် လေ့ကျင့်ဆည်းပူးထားရမယ့် ကျင့်စာဖြစ်တယ်ဆိုတာ နားလည်ထားရမယ်။

စာစီစာကုံးဆိုတာ စာကိုပြေပြေပြစ်ပြစ် စီကုံးရေးသားရတဲ့ စကားပြေအဖွဲ့ပုံစံ တစ်မျိုးဖြစ်တယ်။ စကားပြေအရေးအသားမှာ စာဟန်နဲ့ပြောဟန်ဆိုပြီး ဟန်နှစ်မျိုးရှိတဲ့အနက် စာစီစာကုံးရေးသားရင်တော့ စာဟန်ကိုပဲ အသုံးပြုရပါမယ်။

စာစီစာကုံးအမျိုးအစားကို အဖွဲ့ပုံသဏ္ဌာန်အရ သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့၊ ဖွင့်ဆိုရှင်းပြအဖွဲ့၊ ကျိုးကြောင်းပြအဖွဲ့ဆိုပြီး ၄ မျိုးခွဲလေ့ရှိတယ်။ သရုပ်ဖော်အဖွဲ့ဟာ သက်ရှိသက်မဲ့တွေရဲ့ ပုံပန်းသွင်ပြင်တွေ၊ အသံတွေ စတာကို မြင်ယောင်ကြားယောင်လာအောင် ရေးဖွဲ့ထားတဲ့ အရေးအဖွဲ့ မျိုးဖြစ်တယ်။ မြင်ကွင်းနဲ့ ရှုခင်းတွေကို သရုပ်ဖော်ရလေ့ရှိတယ်။

ဖြစ်စဉ်ပြအဖွဲ့ကတော့ အချိန်ကာလရွေ့လျားတဲ့ အစဉ်အတိုင်း အဖြစ်အပျက်တွေကို စီကာစဉ်ကာရေးဖွဲ့ထားတဲ့ အရေးအဖွဲ့မျိုးဖြစ်တယ်။ ဖြစ်စဉ်ပြအဖွဲ့ဟာ သရုပ်ဖော်အဖွဲ့နဲ့ တွဲဖက်လေ့ရှိပါတယ်။ ခရီးသွားအတွေ့အကြုံတစ်ခု၊ အားကစားပြိုင်ပွဲ မြင်ကွင်းစတဲ့ ခေါင်းစဉ်တွေဟာ ဖြစ်ရပ်ဖြစ်စဉ် တစ်ခုကို ရွေ့လျားတဲ့အစဉ်အတိုင်း ရေးသားရမှာဖြစ်ပြီး ထိုဖြစ်စဉ်ကို ပေါ်လွင်အောင် သရုပ်ဖော်ရေးသားရမယ့် စာစီစာကုံးမျိုးဖြစ်တယ်။

ဖွင့်ဆိုရှင်းပြအဖွဲ့ဟာ အကြောင်းအရာတစ်ခုခုကို နားလည်သဘောပေါက်အောင် ရှင်းလင်းဖွင့်ဆိုပြတဲ့ အရေးအဖွဲ့မျိုးဖြစ်တယ်။ စည်းကမ်းလိုက်နာဘေးကင်း ကွာ၊ စာအုပ်စာပေ လူ့မိတ်ဆွေ၊ ဝန်းကျင်သန့်ရှင်းရောဂါကင်း၊ စတဲ့ ခေါင်းစဉ်တွေဟာ အကြောင်းရပ်တစ်ခုခုကို နားလည်သဘောပေါက်အောင် ဖွင့်ဆိုရှင်းလင်းရေးသားရတဲ့ စာစီစာကုံးခေါင်းစဉ်မျိုး ဖြစ်ပါတယ်။ ဖွင့်ဆိုရှင်းပြအဖွဲ့ဟာ ကျိုးကြောင်းပြအဖွဲ့နဲ့ ဆက်စပ်လျက်ရှိပါတယ်။

ကျိုးကြောင်းပြအဖွဲ့ကတော့ သဘောတစ်ခုခု အယူအဆတစ်ခုခုကို ယုံကြည်လက်ခံလာအောင် အကျိုးအကြောင်း ဆက်စပ်ဖွဲ့ပြတဲ့ အဖွဲ့မျိုးဖြစ်ပါတယ်။ ဝန်းကျင်အလှ ထိန်းသိမ်းကြ၊ ပညာမြင့်မား ပြည်ထွန်းကား၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါးစတဲ့ ခေါင်းစဉ်တွေဟာ ဆိုလိုချက်တစ်ရပ်ကို စာဖတ်သူ လက်ခံယုံကြည်လာအောင် အကျိုးသင့်အကြောင်းသင့် ဆက်စပ်ရေးသားရတဲ့ ခေါင်းစဉ်မျိုး ဖြစ်ပါတယ်။

ဖော်ပြခဲ့တဲ့ စာစီစာကုံးအမျိုးအစား ၄ မျိုးမှာ ဘယ်ခေါင်းစဉ်ဟာ မိမိနဲ့ သင့်လျော် မယ်ဆိုတာချိန်ဆပြီး ကိုယ်ရေးမယ့် စိတ်ကြိုက်ခေါင်းစဉ်ကို မှန်ကန်စွာ ရွေးချယ်ရမှာ ဖြစ်ပါတယ်။ စာမေးပွဲမေးခွန်းမှာ ပေးထားတဲ့ခေါင်းစဉ်တွေဟာ ကျောင်းသား ကျောင်းသူများ စိတ်ကြိုက်ရွေးချယ်နိုင်ဖို့အတွက် စာစီစာကုံး အမျိုးအစားတွေ မျှတစွာ ပေးထားလေ့ရှိပါတယ်။

စာစီစာကုံးမေးခွန်းမှာ ခေါင်းစဉ်နဲ့အတူ ရေးသားမယ့် အကြောင်းအရာအတွက် ပုံကြမ်းများလည်း ပေးထားပါတယ်။ ပုံကြမ်းများဟာ ခေါင်းစဉ်နဲ့ အံဝင်ခွင်ကျရေးသားနိုင်စေဖို့အတွက် အထောက်အကူပြုချက်တွေသာ ဖြစ်ပါတယ်။ ပုံကြမ်းပါအချက်တွေဟာ ယေဘုယျအချက်တွေသာ ဖြစ်တဲ့အတွက် မိမိအတွေ့အကြုံ၊ ဗဟုသုတကြွယ်ဝရင် ကြွယ်ဝသလောက်၊ အလေ့အကျင့်ကောင်းရင် ကောင်း သလောက် ထိရောက်စွာ အသုံးပြုနိုင်မယ့်အချက်များသာ ဖြစ်ပါတယ်။ အထူးသတိ ပြုရမယ့်အချက်ကတော့ ပုံကြမ်းပါအချက်တွေကို သတိမမူဘဲ ကိုယ်အလွတ်ကျက်ထားတာတွေကိုပဲ ပြန်ရေးချမယ်ဆိုရင်တော့ မေးခွန်းနဲ့ အံဝင်ခွင်ကျမဖြစ်နိုင်တော့တဲ့ အတွက် ရမှတ်တွေဆုံးရှုံးမှာ ဖြစ်ပါတယ်။

စာစီစာကုံးရေးသားဖြေဆိုရာတွင် နိဒါန်း၊ စာကိုယ်၊ နိဂုံး ပြည့်စုံဖို့ လိုပါတယ်။ စာစီစာကုံးဟာ မေးခွန်းရဲ့ နောက်ဆုံးအပုဒ်ဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူအများစုဟာ စာစီစာကုံးကို နောက်ဆုံးမှ ရေးသားဖြေဆို လေ့ရှိကြပါတယ်။ ဒီလို ဖြေဆိုရာမှာ စာစီစာကုံးကို စာမျက်နှာများစွာ ရေးသားခဲ့ပေမယ့် နိဂုံးမချုပ်မီ စာမေးပွဲ အချိန်စေ့သွားတဲ့အတွက် အဆုံးမသတ်နိုင်ခြင်းမျိုး ဖြစ်တတ်ပါတယ်။ ဒီအခါမှာ မိမိ စာစီစာကုံးဟာ ရှေ့ပိုင်းမှာ ဘယ်လောက်ကောင်းမွန်အောင် ရေးထား ရေးထား နိဂုံးမပါတဲ့၊ နိဂုံးမချုပ်နိုင်တဲ့၊ စာစီစာကုံး အင်္ဂါရပ်နဲ့ မပြည့်စုံတဲ့ စာစီစာကုံးဖြစ်သွားပြီး ရမှတ်များစွာ ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။ စာစီစာကုံးဟာ ကျောင်းသူ ကျောင်းသား တစ်ယောက် ဂုဏ်ထူးနဲ့ ထိုက်တန်မတန်ဆိုတာ အဆုံးအဖြတ်ပေးနိုင်တဲ့ မှတ်ကျောက် တစ်ခုဖြစ်တဲ့အတွက် အထူးအလေးထား ရေးသားရမယ့် စာတစ်ပုဒ် ဖြစ်ပါတယ်။

ခြုံပြီးပြောရရင် မြန်မာစာဘာသာရပ် မေးခွန်းကို ကောင်းစွာဖြေဆိုနိုင်ပြီး ဂုဏ်ထူးမှတ်ရဖို့အတွက် ကျက်မှတ်နိုင်မှုအပြင် စာလုံးပေါင်း သတ်ပုံမှန်ကန်မှု၊ တစ်ချောင်းပုဒ်၊ ပုဒ်မစတဲ့ သင်္ကေတတွေကို တိကျမှန်ကန်စွာ အသုံးပြု တတ်မှု၊ ဆီလျော်သော စကားအသုံးအနှုန်း ရွေးချယ်တတ်မှု၊ ပုဒ်အထားအသို မှန်ကန်မှု၊ ဝါကျဖွဲ့ထုံးမှန်ကန်မှု၊ ဝါကျတစ်ခုနှင့်တစ်ခု ပြေပြစ်ညီညွတ်စွာ ချိတ်ဆက်နိုင်မှု၊ စာပိုဒ်ဖွဲ့ပုံကောင်းမွန်မှု၊ စာပိုဒ်တစ်ပိုဒ်နှင့်တစ်ပိုဒ် ပြေပြစ်ညီညွတ်စွာ ချိတ်ဆက်နိုင်မှု၊ စာပုဒ်လုံးဟာ ဆိုလိုချက်ကို ရှင်းလင်းစွာပေါ်လွင်စေမှုစတာတွေနဲ့ ပြည့်စုံဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် လက်ရေးလက်သား သပ်ရပ်သန့်ရှင်းမှု၊ ဖျက်ရာခြစ်ရာကင်းစင်မှု၊ သေသပ်စွာမျဉ်းသားမှုစတဲ့ သေသေသပ်သပ် ရေးသားဖြေဆိုနိုင်ဖို့လည်း အရေး ကြီးပါတယ်။

အခု ဆွေးနွေးပို့ချခဲ့တဲ့ ပို့ချချက်ဟာတက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသားကျောင်းသူတွေအတွက် အထောက်အကူများစွာ ဖြစ်စေမယ်လို့ ယုံကြည်ပါတယ်။ ကျောင်းသားကျောင်းသူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာနဲ့ စာမေးပွဲကြီးကို ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပို့ချ ချက်ကို နိဂုံးချုပ်လိုက်ပါတယ်။ ။

# ၂၀၁၇ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

၂၀၁၇ခုနှစ်ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ
(၂၀၁၇ခုနှစ်ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်။)
၁၃၇၈ ခုနှစ်၊ လ ရက်
(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၇ ခုနှစ်၊ **ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေအခန်း(၅)ပါ အထူးကုန်စည်ခွန်၊ အခန်း (၆)ပါကုန်သွယ်လုပ်ငန်းခွန်နှင့် စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၇ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်အကျိုးသက်ရောက်စေရမည်။

(ဂ) ဤဥပဒေအခန်း (၇)ပါဝင်ငွေခွန်နှင့်စပ်လျဉ်း၍-

(၁) ပုဒ်မ ၁၉ ပါ လစာမှဝင်ငွေနှင့်ပုဒ်မ ၂၄တို့ပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၇ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင် အကျိုးသက်ရောက်စေရမည်။

(၂) ကျန်ပြဋ္ဌာန်းချက်များသည် ၂၀၁၇ - ၂၀၁၈ ဝင်ငွေနှစ်မှစ၍အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်အကောက်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရကပြည်ထောင်စုအတွက်ကောက်ခံသည့်အခွန်အကောက်ကိုဆိုသည်။

(ခ) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ထုတ်ပြန်ထားသည့်ဥပဒေများကိုဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကိုဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**ဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကိုဆိုသည်။

(င) **အခွန်နှုန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကိုကောက်ခံရန်သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကိုဆိုသည်။

**အခန်း(၂)**

**ကောက်ခံရန်အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ဇယား(၁) ပါ အခွန်အကောက် ကောက်ခံရန်လျာထားချက်ဖြစ်သည်။

**အခန်း(၃)**

**အခွန်နှုန်းများသတ်မှတ်ခြင်းနှင့်အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့်ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါအခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့်အခွန်အကောက် ကောက်ခံရရှိမှု စာရင်းများကို စုစည်း၍ပြည်ထောင်စုအစိုးရစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ဇယား(၁)ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ်ကောက်ခံရရှိမှုအခြေအနေကိုခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့အစီရင်ခံတင်ပြရမည်။

**အခန်း(၄)**

**သက်ဆိုင်ရာဝန်ကြီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါအခွန်အကောက်ကောက်ခံရန်လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ ပြည်ထောင်စုအစိုးရစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန်လိုအပ်ပါက ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက်လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကိုနိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကိုရယူနိုင်သည်။

**အခန်း (၅)**

**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်းပြဋ္ဌာန်းလိုက်သည် -

**အထူးကုန်စည်များ**

(က) **အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်းအထူးကုန်စည်ခွန်ကျသင့်စေရမည်-**

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင်၊ တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့်တန်ဖိုးအပေါ်တွင် လည်းကောင်း၊

(၂) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြစ်လျှင် ပြည်ပသို့တင်ပို့သည့် ယာဉ်ပေါ်ရောက် တန်ဖိုးအပေါ်တွင် လည်းကောင်း၊

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁။ | (က) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ကျပ် ၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၄ ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး | အလိပ်၂၀ အထိပါ တစ်ဘူးရောင်းဈေး ၄၀၁ ကျပ်မှ ကျပ်၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၉ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး | အလိပ်၂၀အထိပါ တစ်ဘူးရောင်း ဈေး ၆၀၁ကျပ်မှ ကျပ် ၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၃ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး | အလိပ်၂၀အထိပါ တစ်ဘူးရောင်းဈေး ၈၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၆ ကျပ် |
| ၂။ | ဆေးရွက်ကြီး။ | | ၆၀ % |
| ၃။ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ % |
| ၄။ | ဆေးပေ့ါလိပ်။ | | ၆၀ % |
| ၅။ | ဆေးပြင်းလိပ်။ | | ၆၀ % |
| ၆။ | ဆေးတံသောက် ဆေးများ။ | | ၆၀ % |
| ၇။ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၆၀ % |
| ၈။ | (က) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ကျပ် ၇၅၀ အထိ ဖြစ်လျှင် | တစ်လီတာ ၉၁ ကျပ် |
| | (ခ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၇၄ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၄၅၇ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၆၄၀ ကျပ် |
| | (င) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၈၂၃ ကျပ် |
| | (စ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၃၇၅၁ကျပ်မှ ကျပ် ၄၅၀၀အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၀၀၆ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၂၈၀ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၆၄၆ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၇၅၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၀၁၁ ကျပ် |
| | (ည) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၃၇၇ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၉၂၅ ကျပ် |
| | (ဌ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၆၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၃၆၅၇ ကျပ် |
| | (ဍ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၆၅၀၁ကျပ်မှ ကျပ် ၁၉၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၄၃၈၈ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၉၅၀၁ ကျပ်မှ ကျပ် ၂၂၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၅၁၁၉ကျပ် |
| | (ဏ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၂၅၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ နှင့် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၉၁၁ ကျပ် |
| | (တ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၆၀၀၁ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀% |
| ၉။ | ဘီယာအမျိုးမျိုး။ | | ၆၀ % |
| ၁၀။ | (က) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ကျပ် ၇၅၀ အထိ ဖြစ်လျှင် | တစ်လီတာ ၈၁ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၄၄ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၄၀၆ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၅၆၉ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၇၃၂ ကျပ် |

စာမျက်နှာ ၄ သို့ »»

»» စာမျက်နှာ ၃ မှ

| | | | |
|---|---|---|---|
| | (စ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၃၇၅၁ ကျပ်မှ ကျပ် ၄၅၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၉၄ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၃၈ ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၅၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၇၅၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၈၈ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၁၃ ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၀၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၀၀ ကျပ် |
| | (ဌ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၆၅၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၀ ကျပ် |
| | (ဍ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၆၅၀၁ ကျပ်မှ ကျပ် ၁၉၅၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၀၀ ကျပ် |
| | (ဎ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၉၅၀၁ ကျပ်မှ ကျပ် ၂၂၅၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၅၀ ကျပ် |
| | (ဏ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၂၅၀၁ ကျပ်မှ ၂၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၂၅၄ ကျပ် |
| | (တ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၆၀၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀% |
| ၁၁။ | သစ်လုံး၊သစ်ခွဲသား။ | | ၅% |
| ၁၂။ | ကျောက်စိမ်းအရိုင်းထည်များ။ | | ၁၅% |
| ၁၃။ | ပတ္တမြား၊ နီလာ၊ မြအရိုင်းထည်များ။ | | ၁၀ % |
| ၁၄။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြအချောထည်များ၊ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြအချောထည်များ။ | | ၅ % |
| ၁၅။ | (က) ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၂၀ % |
| | (ခ)၂၀၀၀ CC အထက်မှ ၃၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၂၅ % |
| | (ဂ) ၃၀၀၀ CC အထက်မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၃၀ % |
| | (ဃ) ၄၀၀၀ CCအထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ % |
| ၁၆။ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ % |
| ၁၇။ | သဘာဝ ဓာတ်ငွေ့၊ သဘာဝဓာတ်ငွေ့ရည်။ | | ၈ % |
| ၁၈။ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ။ | | ၅ % |
| ၁၉။ | အလှကုန်ပစ္စည်းများ။ | | ၅ % |
| ၂၀။ | ကားအလှဆင်ပစ္စည်းများ။ | | ၅ % |

(ခ) အောက်ပါအထူးကုန်စည်များကိုပြည်ပသို့တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါအခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်။ ဖော်ပြပါအထူးကုန်စည်များမှ တစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန်မကျသင့်စေရ။ အခွန်ကျသင့်သည့်အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကိုဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီခုနှိမ်ရမည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| (၁) | သဘာဝဓာတ်ငွေ့၊သဘာဝဓာတ်ငွေ့ရည်။ | ၈% |
| (၂) | သစ်လုံး၊ သစ်ခွဲသားများ။ | ၅% |
| (၃) | ကျောက်စိမ်းအရိုင်းထည်များ။ | ၁၅ % |
| (၄) | ပတ္တမြား၊ နီလာ၊ မြ အရိုင်းထည်များ။ | ၁၀ % |
| (၅) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ အချောထည်များ၊ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ အချောထည်များ။ | ၅ % |

၁၂။ အထူးကုန်စည်ခွန်ဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေစုစုပေါင်းကျပ် သိန်း ၂၀၀ တိတိထက် မပိုလျှင် အထူးကုန်စည်ခွန်စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏အခန်း(၅) တွင်ဖော်ပြပါရှိသော စကားရပ်များ၏အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၆)
## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ၆အရယင်းဥပဒေ၏နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်းပြဋ္ဌာန်းလိုက်သည် -

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနောက်ဆက်တွဲဇယားများ**

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ၊ ပြောင်းမှုန့်များ၊ အခြားနှံစားသီးနှံမှုန့်များ။ |
| ၃ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၄ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၅ | နှမ်း၊ ပန်းနှမ်း။ |
| ၆ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ဝါစေ့။ |
| ၇ | ဆီအုန်း။ |
| ၈ | ဝါအမျိုးမျိုး။ |
| ၉ | ဂုန်လျှော်နှင့်အခြားလျှော်များ။ |
| ၁၀ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ။ |
| ၁၁ | အာလူး။ |
| ၁၂ | ပီလောပီနံဥ၊ ပီလောပီနံမှုန့်။ |
| ၁၃ | ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ။ |
| ၁၄ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၅ | ဟင်းသီးဟင်းရွက်များ။ |
| ၁၆ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ။ |
| ၁၇ | ပိုးစာရွက်။ |
| ၁၈ | ပရဆေးပင်။ |
| ၁၉ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် သင်၊ သက်ငယ်၊ သပေါ့၊ ဓနိ၊ တောင်ထန်း၊ ဖာလာ၊ ဝဥ၊ သနပ်ခါးစသော လယ်ယာကိုင်းကျွန်းဥယျာဉ်ထွက်ကုန်များ။ |
| ၂၀ | ထင်း၊ ဝါး။ |
| ၂၁ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ။ |
| ၂၂ | ပိုးအိမ်။ |
| ၂၃ | ကြိမ်အကြမ်းအချော။ |
| ၂၄ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၅ | ချိပ်များ။ |
| ၂၆ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့်ဆီကြိတ်ပြီးအဖတ်များ။ |
| ၂၇ | အရောင်ချွတ်ဖတ်။ (အရောင်ချွတ်ရာတွင်အသုံးပြုသည့် Hydrochlorite များသာ) |
| ၂၈ | အုန်းဆန်ချည်ခင်၊ အုန်းမှုတ်ခွံမီးသွေး။ |
| ၂၉ | လက်ဖက်စို၊ လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၃၀ | တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ်အပါအဝင်) အောင်ဘာလေသိန်းထီလက်မှတ်များ။ |
| ၃၁ | ချိပ်ပြားနှင့် တံဆိပ်နှိပ်ချိပ်များ။ |
| ၃၂ | ကျောက်သင်ပုန်း၊ ကျောက်တံ၊မြေဖြူ။ |
| ၃၃ | ငံပြာရည်အမျိုးမျိုး။ |
| ၃၄ | ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားဖွဲနုဆီ၊ ပဲပုပ်ဆီနှင့် ဆီအခဲများ။ |
| ၃၅ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၆ | ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး။ |
| ၃၇ | ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး။ |
| ၃၈ | ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်။ |
| ၃၉ | နို့၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး။ |
| ၄၀ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၄၁ | နနွင်း၊ နနွင်းမှုန့်။ |
| ၄၂ | ချင်း။ |
| ၄၃ | ငါးပိအမျိုးမျိုး။ |
| ၄၄ | မန်ကျည်းမှည့်။ |
| ၄၅ | နိုင်ငံတော်အလံ။ |
| ၄၆ | စိပ်ပုတီးအမျိုးမျိုး(အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်။) |
| ၄၇ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| ၄၈ | ထင်းအစားထိုးလောင်စာတောင့်။ |
| ၄၉ | အုန်းဆီ(စားအုန်းဆီမဟုတ်)။ |
| ၅၀ | ကြက်ဥ၊ ဘဲဥစသည့်ဥအမျိုးမျိုး။ |
| ၅၁ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၂ | ဘာသာရေးဆိုင်ရာအဝတ်အထည် (သင်္ကန်းစသည်တို့)။ |
| ၅၃ | ရေနံချေး။ |
| ၅၄ | ဆားအမျိုးမျိုး။ |
| ၅၅ | ကြက်ပေါင်စေး။ |
| ၅၆ | ကွမ်းသီး။ |
| ၅၇ | ဓာတ်မြေဩဇာ။ |
| ၅၈ | ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မွေးမြူရေးသုံးခြံဖျန်းဆေး။ |
| ၅၉ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံး ကိရိယာများ၊ လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ လေးဘီးထွန်စက်များ။ |
| ၆၀ | တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ။ |
| ၆၁ | တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ။ |
| ၆၂ | မျိုးမြှင့်သားစပ်ရာတွင်အသုံးပြုရန်မျိုးရည်၊မျိုးချောင်းများ။ |

ဆက်လက်ဖော်ပြပါမည်။

# YAW MIN GYI APARTMENT

No.62,Yaw Min Gyi Road, Dagon Township,Yangon



ထပ်မံလျှော့ဈေး ၂၂၀,၀၀၀ ဖြင့်

- ရန်ကုန်မြို့၏အချက်အခြာ အကျဆုံး Downtown ဧရိယာဖြစ်သည့် ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းပေါ်တွင် တည်ရှိပါသည်။
- RC Structure, Post Tensioned slab, Shear Wall များဖြင့် ငလျင်ဒဏ်ခံနိုင်စေရန် တည်ဆောက်ထားပါသည်။
- Laminate Floor, Plaster board ceiling ,Lighting Fixtures , Air-conditioning ၊ရေပူရေအေးစက်များ ပြည့်စုံစွာ ပါဝင်၍ Security access control & CCTV system၊ Schindler ဓာတ်လှေကား (၂)စင်း၊ ကိုယ်ပိုင် Transformer နှင့် Generator ပါရှိပါသည်။
- (၁၇၅၀) စတုရန်းပေမှ (၁၈၀၀) စတုရန်းပေအထိ ကျယ်ဝန်းသည့် အခန်းများဖြစ်ပြီး တစ်ခန်းလျှင် Car parking (၁) စီးစာ ပါရှိပါသည်။
- ကာလပေါက်ဈေးထက် သက်သာသောနှုန်းထားဖြစ်ပြီး ငွေအကျေချေပြီး ချက်ချင်း အသင့်တက်ရောက် နေထိုင်နိုင်ပါသည်။








DEVELOPER- GRAND STYLE CO.,LTD. အမှတ်(၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့်မြေနီကုန်း) ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL: 01-524963,01-526928, 01-516533~6


# အထူးကြည်ညိုဂုဏ်ထူးဝမ်းမြောက်ဂုဏ်ပြုလွှာ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၊ သဲကုန်းမြို့နယ် ဇတဝိဖွား သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ (သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ) အား ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၄ ရက် (လွှတ်လပ်ရေးနေ့) အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက **အဘိဓဇမဟာရဋ္ဌဂုရု** ဘွဲ့တံဆိပ်တော်ကြီးကို ဆက်ကပ်ပူဇော်ခဲ့ပါ၍ အထူးဝမ်းမြောက် ဂုဏ်ယူ ကြည်ညို ဂါရဝပြု ဦးခိုက်ပူဇော်အပ်ပါသည်ဘုရား။

ဓမ္မဝိတိတရားပွဲအကျိုးတော်ဆောင်အဖွဲ့နှင့် အင်းမမြို့၊ ဒါယကာ၊ ဒါယိကာမများ

# အောင်စိုးသူ

## မဟာတံတိုင်းကြီးအားကျော်ဖြတ်ခြင်း

### ၂၁ရာစုမှာ တရုတ်တို့ ကမ္ဘာကိုကြီးစိုးနိုင်မှာလား ?

ခ ရီး သွား အ တွေး ရ သ

- သံယောဇဉ်တွေ အကုန်ယူလိုက်လို့ ချမ်းသာသွားတာနဲ့ ချမ်းသာမှု အစစ်ရပြီလား!
- အနုပညာ၊ ယဉ်ကျေးမှုတွေကို သိမ်းပိုက်လိုက်ရုံနဲ့ သမိုင်းအစစ်ဖြစ်ရောလား!
- အတွေးကြီးစိုးပြီး မျက်လုံးတစ်ဘက်မြင်ရုံနဲ့ ကမ္ဘာကြီးကို မှန်ကန်စွာကြီးစိုးနိုင်မှာလား!
- အတွေး ပရ မျှတစွာ ထိမ်းညှိကြီးစိုးနိုင်မှ ကမ္ဘာကြီးငြိမ်းချမ်းသာယာ ပွံ့ဖြိုးအေးချမ်းပြီး ဓမ္မမော်ကွန်းရေးထိုးနိုင်မယ် မဟုတ်ပါလားဗျာ....
- ပရစိတ်မွေး မျှတရေးပေါ့... မေတ္တာစိတ်မွေး ငြိမ်းချမ်းရေးပေါ့...

ထွက်ပြီ

ဖြန့်ချိရေး - ကိုကျော်ကျော်(Perfect) ဖုန်း - ၀၉၇၃၁၅၀၇၃၇၊ ၀၉၇၃၁၁၇၃၁၀


နေမင်းကြီး မည်မျှပင် ထွန်းလင်းတောက်ပပါစေ ကျွန်ုပ်တို့အဖို့ မိဘမေတ္တာသာ အတောက်ပဆုံးပါ။

# မိဘဂုဏ်

ကိုထွေး

**အဆင့်မြင့်စတီးဘလိတ် ဓါးသွားဆုံးကြိုး တပ်ဆင်ဖြန့်ချိရေး**

အဆင့်မြင့် Steelဘလိတ်ဓါးသွား ဆူးကြိုးများကို သံချေးမတက် (၁၅)နှစ် အာမခံ၍ တပ်ဆင်ပေးရာတွင် Steel တန်းကြိုး၊ Steel တုတ်ကြိုး အသုံးပြုလျက် ဈေးနှုန်းချိုသာစွာဖြင့် နေရာဒေသမရွေး လက်ခမဲ့တိုက်ရိုက်ရောင်းချတပ်ဆင်ပေးနေပါပြီ။

ရန်ကုန်အရောင်းခန်းမ(၁)- အမှတ်(၁၂)အခန်း(၄/၅)မင်းနန္ဒာလမ်းမကြီး၊ KBZဘဏ်ရှေ့(Capital Hyper Market)အနီးသာကေတမြို့နယ်။

ရန်ကုန်အရောင်းခန်းမ(၂)- အမှတ်(၁၂/၈၈၄)ပင်လုံလမ်းမကြီး၁၄/ရပ်ကွက်(AYA)ဘဏ်အားနှင့်ကပ်(Capital super market)အနီး မြောက်ဒဂုံမြို့နယ်။

မှတ်ချက် - သံချေးမတက်ပါဟု ပြောဆိုကာ ပြည်တွင်းဖြစ် ပစ္စည်းများကို ထိုင်းနိုင်ငံထုတ် ပစ္စည်းများဟု တံဆိပ်ကပ်၍ ပြောဆိုရောင်းချခြင်းမျိုးကို ကျွန်ုပ်တို့ လုံး၀(လုံး၀) မပြုလုပ်ပါ။

Ph : 09 - 5064145, 09-49276627, 09-250058416, 09-420707316, 09-49588063

"ရွှေစည်"

အိမ်ပြောင်း အိမ်ရွှေ့နှင့် ကုန်စည်ပို့ဆောင်မှု

လုပ်သားပေါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။

09-73122039, 09-795868634

Yaung Chi Thit Lin Moving Service Co.,Ltd

# ရောင်ခြည်သစ် (အင်း)

အိမ်ပြောင်း၊အိမ်ရွှေ့ဝန်ဆောင်မှု ကုမ္ပဏီ

(မြို့တွင်း / နယ်ဝေး)

No.194, Myayamon Water Front Villa, Lay Daung Kan Road 26 Qtr, South Dagon.

youngchithitlinmovingservice@gmail.com

09 450454771, 09 450454772, 09 450454773

# သိန်းသန်းဆောက်

အိမ်ပြောင်း / အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း ဈေးနှုန်းချိုသာစွာဖြင့် ကားနှင့် လုပ်သားအပြည့် စီစဉ်ပေးပါသည်။

မြို့တွင်း / နယ်ဝေး

09-440390558

09-784109116

# လိပ်ခေါင်း၊ ဂရင်ဂျိနာ

09-73121554

မခွဲမစိပ်၊ မနာမကျင် အမြစ်ပြတ်ကုသပေးသည်၊

(ဗီဝက ဆေးခန်း) ၃၄၈၊ မြေညီ၊ ရွှေဘုံသာအထက်လမ်း၊ အေးဆေးခန်းဘေး၊

ရန်ကုန်မြို့။ 09-73038158, 09-43088215




၃.၂.၂၀၁၇ နေ့မှစ၍

ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ (သိမ်ကြီးဈေး)၊ မင်္ဂလာစံပြ (ဘုန်းကြီးလမ်း)၊ Top Royal (ပါရမီ)၊ မင်္ဂလာဂမုန်းပွင့် (လှည်းတန်း - စံရိပ်ငြိမ်)၊ JCGV ( Junction Square & Mawtin)၊ PARADISO Cinema (မော်ဘီ) မန္တလေး - ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာမန်းနေပြည်တော်၊ JCGV၊ နေပြည်တော် - JCGV၊ အောင်သပြေ၊ ဇေယျာသီရိ၊ ပြည် - မင်္ဂလာထွန်းသီရိ၊ တောင်ငူ - New 3D ၊ ပဲခူး - မင်္ဂလာ (Icon Shopping Mall)၊ မကွေး - မင်္ဂလာစံပြ၊ မော်လမြိုင် - JCGV ၊ တောင်ကြီး - မြသုခ၊ ပြင်ဦးလွင် - Movie Planet၊ ချယ်ရီလွင်၊ လားရှိုး - သီတာအေး၊ သိန်းထိုက်၊ အောင်သီရိ၊ ပခုက္ကူ - သီဟ၊ ဖန်းမော် - စတား ၊ ရေနံချောင်း - ရတနာ၊ မြဝတီ - သွန်းရွှေစင်၊ ဘားအံ - တက်နေဝင်း၊ ဦးဆောက်ပန်း၊ ပုသိမ် - ရွှေပြည်တော်၊ မြိတ် - မြိတ်မင်္ဂလာ၊ ထားဝယ် - အောင်မင်္ဂလာ။

အဆင့်မြင့်ရုပ်ရှင်ရုံများတွင် တပြိုင်နက်ပြမြဲ

